# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 October 2017 (၉၀၆၇)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြအား ဂုဏ်ပြုချီးမြှင့်
စာမျက်နှာ - ၅

လောကကို ငြိမ်းချမ်းစေသူ
စာမျက်နှာ - ၆

ယခုလအတွင်း သင်တန်းပေးမည့် မူလတန်းဆရာဖြစ်သင်တန်းများမှ ဆရာ ဆရာမ ၁၀၀ ကျော်အား မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခန့်ထားပေးမည်
စာမျက်နှာ - ၉

ကိုယ်လက်လှုပ်ရှားနည်းပါးမှုကြောင့် မကူးစက်တတ်သောရောဂါဖြင့် နှစ်စဉ် လူ ၃ ဒသမ ၃ သန်းနီးပါး သေဆုံးလျက်ရှိ
စာမျက်နှာ - ၁၁


## ဒီမိုကရေစီစနစ်ကူးပြောင်းရေး ကြိုးပမ်းခဲ့ရသည့် အစိုးရအနေဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုတို့ကို မည်သည့်အခါမျှ ကျူးလွန်ခြင်း၊ ခွင့်ပြုထားခြင်းရှိမည်မဟုတ်

### ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် အစည်းအဝေး၌ တုံ့ပြန်ပြောကြားခဲ့




**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများသာမက အခြားကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ တက်ရောက်နားထောင်နိုင်သည့် (open chamber) အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများဖြစ်ကြသော အီဂျစ်၊ ကာဇက်စတန်၊ ဆီနီဂေါလ်နှင့် ဆွီဒင်တို့၏ အဆိုပြုချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။


**စာမျက်နှာ ၅ ကော်လံ ၅ သို့**


## ရန်ကုန်-နေပြည်တော်-မန္တလေး သီတင်းကျွတ်အထူးရထားများ ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၃**

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှ ပွဲတော်ကာလအတွင်း အထူးရထားများအား ပြေးဆွဲပေးလျက်ရှိရာ သီတင်းကျွတ်အထူးရထားများကို ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသီတင်းကျွတ်အထူးရထားများ ပြေးဆွဲမည့်စာရင်းအရ နေပြည်တော် - ရန်ကုန် အထူးရထားကို အောက်တိုဘာ ၃ ရက်တွင် စတင်ပြေးဆွဲပေးလျက်ရှိပြီး နေပြည်တော်ဘူတာမှ ည ၇ နာရီခွဲတွင် စတင်ထွက်ခွာမည့်ရထားမှာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၄ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်-မန္တလေးအဆန် အထူးရထားကို ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာမည့်ရထားမှာ မန္တလေးဘူတာသို့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကာ ရပ်တန့်သွားမည့် ကြားဘူတာခရီးစဉ်များအရ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်ဘူတာများ၌ ရပ်နားပေးမည်ဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၇ ရက်တွင် မန္တလေး-ရန်ကုန်အစုန်အထူးရထားကို ပြေးဆွဲပေးမည်ဖြစ်ပြီး မန္တလေးဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့်ရထားမှာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ကြားဘူတာခရီးစဉ်များမှာ ရန်ကုန်-မန္တလေးအဆန်အထူးရထားခရီးစဉ်ကဲ့သို့ပင်ဖြစ်ကြောင်း သိရသည်။


**စာမျက်နှာ ၅ ကော်လံ ၁ သို့**





ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာမည့် လေအိတ်ရထားကို အောက်တိုဘာ ၃ ရက် ညနေပိုင်းက ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။

**သီတင်းကျွတ်ကာလ ရုံးပိတ်ရက် ငါးရက်တွင် ခရီးသွားပြည်သူများ အဆင်ပြေစေရန် အထူးရထားလေးစင်း ပြေးဆွဲသွားမည်ဖြစ်ကာ ရထားလက်မှတ်များကို ယခင်သတ်မှတ်နှုန်းထားအတိုင်း သုံးရက်ကြိုတင်၊ တစ်ရက်ကြိုတင် ရောင်းချသွားမည်ဖြစ် . . .**


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဦးစားပေး

ဩဂုတ် ၂၅ ရက် နံနက်အစောပိုင်းမှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးကင်းစခန်း ၃၀ ကျော်ကို တစ်ပြိုင်တည်း အကွက်ကျကျ စီစဉ်တိုက်ခိုက်ခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် ၎င်းတို့၏ တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများနှင့် ဒေသနေသူများ သေဆုံး၊ ဒဏ်ရာရ၊ ထွက်ပြေးကြရသည့်ဖြစ်ရပ်များကို ကုလသမဂ္ဂစင်မြင့်ပေါ်နှင့် နိုင်ငံတကာမီဒီယာမျက်နှာစာများပေါ်တွင် မြင်တွေ့ကြားသိရခြင်းမရှိသော်လည်း မောင်တောဒေသမှ တစ်ဖက်နိုင်ငံသို့ ခိုလှုံရောက်ရှိသွားသည့် ဒုက္ခသည်များအရေးကိုမူ ထိပ်တန်းအရေးအဖြစ် ကျယ်ကျယ်လောင်လောင် ပြောကြသည်။

ထိုအရေးဖြစ်လာရခြင်း အကြောင်းအရင်းဇစ်မြစ်အမှန်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်မှန်သော်လည်း ၎င်းတို့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို မျက်ကွယ်ပြုကာ ဒုက္ခသည်အရေးသာ တွင်တွင်ပြောဆိုနေသဖြင့် အကြမ်းဖက်သမားများနှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်းဟုပင် ထင်ရမလိုပင်ဖြစ်သည်။ အမှန်တကယ်တွင် မျက်မှောက်ကာလ၌ ကမ္ဘာတစ်ဝန်းတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများနှင့်ကြုံတွေ့နေရပြီး ဒုက္ခသည်အရေး ပြောဆိုကြသည့်နိုင်ငံများသည်ပင် အစွန်းရောက်အကြမ်းဖက်သမားတို့၏ အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။

ပြီးခဲ့သည့်ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဒုက္ခသည်စခန်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သူအား ပြည်ပအခြေစိုက်သတင်းဌာနတစ်ခုက တွေ့ဆုံမေးမြန်းသတင်းရယူခဲ့သည်ကိုကြားသိခဲ့ရာ အကြမ်းဖက်မှုအားပေးသည့်သတင်းဌာနဟု အဆန်းလုပ် မဆိုလိုချင်သော်လည်း ဒုက္ခသည်စခန်းလော၊ အကြမ်းဖက်စခန်းလောဟု သံသယဖြစ်စေနိုင်သည်။ လက်တွေ့တွင် အဆိုပါဒုက္ခသည်စခန်း၌ အကြမ်းဖက်သမားများ ရောနှောပါဝင်နေပြီး လွန်ခဲ့သည့်ရက်က ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့က ARSA အစွန်းရောက် အကြမ်းဖက်သမားတချို့ကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကြားသိရသည်။

ကမ္ဘာတစ်လွှားတွင် အစွန်းရောက်အကြမ်းဖက်မှုများအား တိုက်ဖျက်လျက်ရှိရာ အကြမ်းဖက်သမားများ ပြိုကွဲလျက်ရှိသည်ဟု ဆိုကြခြင်းထက် ငုပ်လျှိုးဖြန့်ခွဲနေခြင်းသာဖြစ်သည်ဟု ထင်မြင်မိသည်။ မြန်မာနိုင်ငံ ရခိုင်အရေးမှာလည်း ဤသို့ပင်ဖြစ်၍ ဒုက္ခသည်အရေးကို လူသားချင်း စာနာထောက်ထားပြီး စနစ်တကျဆောင်ရွက်ပေးမည်ဖြစ်သလို အစွန်းရောက်အကြမ်းဖက်သမားများအန္တရာယ်ကို အထူးသတိထားကာ ထိထိရောက်ရောက် ကိုင်တွယ်သင့်ကြောင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအနေဖြင့် တွန်းအားပေးသင့်သည်။

ယမန်နေ့ညက အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် လတ်စ်ဗီးဂက်စ်မြို့၌ ဂီတပွဲတော်ကျင်းပနေစဉ် အကြမ်းဖက်သမားတစ်ဦးက ပရိသတ်များအား မောင်းပြန်သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၅၀ ဝန်းကျင် သေဆုံးပြီး လူ ၅၀၀ ခန့် ဒဏ်ရာရရှိသည့်သတင်းကြားသိရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ စက်တင်ဘာ ၁၅ ရက်ကလည်း လန်ဒန်မြေအောက်ဘူတာရုံ ဗုံးပေါက်ကွဲခဲ့ရာ လူအများအပြား ဒဏ်ရာရရှိခဲ့သည်။ ထိုကာလအတွင်း အီရတ်နိုင်ငံတောင်ပိုင်းတွင် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေး အိုင်အက်စ်စစ်သွေးကြွများ၏လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူ ၈၄ ဦးသေဆုံးခဲ့ရသည်။ ပြီးခဲ့သည့် မေလကလည်း ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့ရှိ အားကစားရုံ၌ကျင်းပသော စတိတ်ရှိုးတစ်ခုတွင် ဗုံးပေါက်ကွဲခဲ့ရာ လူ ၂၀ ကျော် သေဆုံးခဲ့သည်။ လက်တလောမောင်တောဒေသဖြစ်စဉ်၌ အကြမ်းဖက်သမားတို့၏လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူ တစ်ရာခန့် အသက်သေဆုံးခဲ့ပြီး လူတစ်ရာခန့်ပျောက်ဆုံးနေဆဲဖြစ်သည်။

ယင်းဖြစ်ရပ်များသည် အကြမ်းဖက်သမားများ၏ လက်ချက်များသာဖြစ်၍ အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရ၊ ထွက်ပြေးပုန်းရှောင်နေရခြင်းများ ထပ်မံမဖြစ်ပေါ်အောင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂနှင့်တကွ နိုင်ငံအားလုံးက ပထမဦးစားပေး တွန်းအားပေးဆောင်ရွက်ကြရန်လိုအပ်သည်ဟု ရှုမြင်ပါကြောင်း။ ။

# အနည်းဆုံးအခကြေးငွေနှုန်းထားများအပေါ် အသင့်တော်ဆုံးနှုန်းထားဖြစ်သည့် ကျပ် ၄၀၀၀ နှင့် ၄၈၀၀ အကြား နှုန်းထားတစ်ခုခုအတည်ပြုနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားသည်။ ပထမဆုံးအကြိမ် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက်က ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးမှ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ငါးရပ်ချမှတ်နိုင်ခဲ့ကာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က ကျင်းပနိုင်ခဲ့သည်။

ထိုအစည်းအဝေးများတွင် ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ အလုပ်သမားများ အနည်းဆုံးအခကြေးငွေ စိစစ်ရေးလုပ်ငန်းကော်မတီ၊ အနည်းဆုံး အခကြေးငွေဆိုင်ရာ သုတေသနပြုလုပ်ရေးနှင့် အကြံပေးလုပ်ငန်းကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းရန်၊ စစ်တမ်းများကောက်ယူနိုင်ရေး သက်ဆိုင်ရာဒေသအလိုက် အဖွဲ့ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊ အဆိုပြုအနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးကို စက်တင်ဘာလ နောက်ဆုံးပတ် အစည်းအဝေးတွင်တင်ပြခဲ့ပြီး ကုန်ကျမည့်ငွေကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းမှ လျာထားကျခံသုံးစွဲရန်နှင့် ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီများက တင်ပြလာသည့် အနည်းဆုံး အခကြေးငွေ နှုန်းထားများကို ဒီဇင်ဘာလတွင် ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည်။

ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်အညီ အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြနိုင်ရန် အစည်းအဝေးများ၊ အသိပညာပေး ဆွေးနွေးပွဲများ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကျင်းပပြီး အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ စာရင်းစစ်တမ်းကောက်ယူခြင်းများ ပြုလုပ်မည်ဖြစ်သည်။ သုံးပွင့်ဆိုင်ဆွေးနွေးပြီး ရရှိလာသည့် အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြလာနိုင်ကာ အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ခြင်းသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်စေနိုင်မည်ဖြစ်သည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက အနည်းဆုံးအခကြေးငွေ သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆန်းစစ် တင်ပြလာသည့် အနည်းဆုံး အခကြေးငွေ နှုန်းထားများအပေါ် သုံးသပ်၍ အသင့်တော်ဆုံးနှုန်းထားဖြစ်သည့် ကျပ် ၄၀၀၀ နှင့် ၄၈၀၀ အကြား နှုန်းထားတစ်ခုခု အတည်ပြုနိုင်ရေးနှင့် အနည်းဆုံးထိုသို့ သတ်မှတ်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တစ်ပြေးညီ သတ်မှတ်နိုင်ရေးတို့ကို အတည်ပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

| | ရန်ကုန် | | အောက်တိုဘာ ၃ |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၃၅၀၀ | - | ၉၂၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၂၃၅၀၀ | - | ၉၂၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၀/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၅/၇၅၀ ကျပ်၊ | ၇၉၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၉၅/၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၀/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၅/၇၁၀ ကျပ်

***၂၆-၉-၂၀၁၇ ရက်နေ့မှ ၂-၁၀-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၀၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၉၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၈ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၂. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄. ၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၆၂၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀. ၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၂၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၄. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၃၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၂. ၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၆. ၁၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကလေးမြို့တွင် ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ အသံစစ်ဆေးခြင်းကို အောက်တိုဘာ ၅ ရက်တွင် ပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival)ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ပြုလုပ်လျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level-I ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လာရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပလျက်ရှိရာ ကလေးမြို့၌ အောက်တိုဘာ ၅ ရက်တွင် အသံစစ်ဆေးခြင်း၊ အောက်တိုဘာ ၇ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ အောက်တိုဘာ ၈ ရက်တွင် Level-I Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း မိတ်ဆက်ရှင်းလင်း

**မင်းလှ အောက်တိုဘာ ၃**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက်က မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့မှ စီမံကိန်းခေါင်းဆောင် ဒေါ်အေးအေးသော်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်ပုံစံ၊ လွှမ်းခြုံသက်ရောက်မှု၊ ပါဝင်ဆောင်ရွက်မည့်သူများ၏ အခန်းကဏ္ဍ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က သင်တန်းသားရွေးချယ်ခြင်း၊ သင်တန်းပို့ချခြင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ခြင်းများကို ပြောကြားခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၀၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

# ရခိုင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မိမိတို့နှင့် အတူတကွ ပူးပေါင်းပါဝင်ရန် အရေးကြီး

**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့်မိန့်ခွန်း (၂၈-၉-၂၀၁၇ )**

**သဘာပတိကြီးခင်ဗျား**

လုံခြုံရေးကောင်စီတွင် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှု ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်နေသည့်အခြေအနေတို့ကို ရှင်းပြခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ ပြောကြားချက်များကို မိမိအနေဖြင့် ဂရုတစိုက် နားထောင်ခဲ့ပါသည်။

ပြောကြားချက်များကို ခြုံငုံသုံးသပ်ကြည့်ပါက ရခိုင်ပြည်နယ်အတွင်း အလွန်ဆိုးရွားနေသည့် ကိစ္စတစ်ရပ်ဖြစ်ပေါ်နေသည်ဟူ၍ ထင်ယောင်ထင်မှားဖြစ်ပေါ်နေကြကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကြောက်မက်ဖွယ် ထိုးစစ်ဆင်မှုတစ်ရပ်ဆောင်ရွက်နေကြောင်း၊ အပြစ်မဲ့လူများအား မပြောပြနိုင်လောက်အောင် ဆိုးရွားသည့် ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း သတင်းမီဒီယာများ၌ ထင်မြင်ယူဆချက်များကို ဖော်ပြနေမှုကြောင့် နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်မားစေခဲ့ပါသည်။ ကနဦးအမြင်အရ သာမန်လေ့လာသူတစ်ဦးအတွက် ယင်းသို့ သဘောထားယူဆချက်မှာ အဓိပ္ပာယ်ရှိသယောင်ရှိသော်လည်း မြန်မာနိုင်ငံသမိုင်းကြောင်းကို သိနားလည်ပြီး အကြမ်းဖက်သမားများ၏ ဝါဒဖြန့်ချိရေးလုပ်ငန်းနည်းဗျူဟာကိုသိရှိသော ကျွမ်းကျင်လေ့လာသူများအနေဖြင့်မူ အဆိုပါသဘောထားအချက်အလက်များကို အမှန်ပကတိအတိုင်း သိမြင်နိုင်မည်ဖြစ်ပါသည်။ ယင်းမှာ သက်သေအထောက်အထားမရှိဘဲ စိတ်ခံစားမှုဖြင့် သမာသမတ်မရှိ လိုရာဆွဲတွေး ပြောကြားမှုသာဖြစ်ပါသည်။

သို့သော် နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်မှုကို မိမိတို့အနေဖြင့် သိနားလည်ပါသည်။ အလေးထားပါသည်။

**သဘာပတိကြီးခင်ဗျား**

လက်ရှိမြေပြင်အခြေအနေအပြင် အကြမ်းဖက်မှုများ ရပ်ဆိုင်းရေး၊ အကြမ်းဖက်မှုဒဏ်ခံရသည့် အပြစ်မဲ့ပြည်သူများအားလုံးကို ကူညီရေး၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို တည်တံ့သည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးတို့အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေလျက်ရှိသည်ကို ရှင်းလင်းပြောကြားလိုပါသည်။

**ပထမဦးစွာ** မိမိတို့အနေဖြင့် အလေးပေးဖြေရှင်းပေးရန် လိုအပ်နေသည့် အရေးတကြီး ပြဿနာတစ်ရပ်ဖြစ်ပွားနေခြင်းကို လက်ခံအသိအမှတ်ပြုကြောင်း ပြောကြားလိုပါသည်။ သို့ရာတွင် မကြာမီကဖြစ်ပွားသည့် အကြမ်းဖက်မှုသည် ARSA အမည်ခံအကြမ်းဖက်အုပ်စု၏ လုပ်ရပ်ကြောင့် ဖြစ်ပွားရသည်ဟူသောအချက်ကို ကျွန်ုပ်တို့အားလုံး လက်ခံရလိမ့်မည် ဖြစ်ပါသည်။

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွက်ပြေးကြရသော လူ့အသိုက်အဝန်းများအနေဖြင့် ၎င်းတို့၏ နေအိမ်များသို့ ပြန်လာနိုင်ခွင့်ရှိရေးတို့အတွက် တည်တံ့မည့် ဖြေရှင်းမှုတစ်ရပ် ရရှိရေးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။

ရခိုင်၊ မူဆလင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ဟိန္ဒူတို့အပါအဝင် ထိခိုက်ခံခဲ့ကြရသည့် လူ့အသိုက်အဝန်းအားလုံး၏ ဒုက္ခများကို မိမိတို့ အထူးစာနာသနားပါသည်။ ၎င်းတို့အားလုံးသည် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်ဝါဒ၏ သားကောင်များသာဖြစ်ပါသည်။

အကြမ်းဖက်ဝါဒသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထူးခြိမ်းခြောက်သည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။ လူ့ယဉ်ကျေးမှုထွန်းကားသည့် မိမိတို့ကမ္ဘာတွင် အဆိုပါအကြမ်းဖက်ဝါဒကို လက်သင့်ခံ၍မရပေ။ ထို့ကြောင့် အကြမ်းဖက်ဝါဒမှန်သမျှအား မည်သည့်ပုံသဏ္ဍာန်အသွင်အပြင်ဖြင့်ဖြစ်စေ လက်မခံနိုင်ကြောင်း မိမိ၏ပြောကြားချက်ကို အားလုံးသဘောတူကြလိမ့်မည်ဟု ယူဆပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာအစိုးရအနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။ မြန်မာနိုင်ငံရှိ အမြင့်ဆုံးအစ္စလာမ်အဖွဲ့အစည်းဖြစ်သည့် All Myanmar Islamic Religious Organization နှင့် Interfaith Dialogue Group of Myanmar တို့က အစိုးရနှင့် စည်းလုံးမှုပြသခဲ့ကြပြီး ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်ကို ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် လူ့အသက်အိုးအိမ်ဆုံးရှုံးမှုကို ဖြစ်ပွားစေသည့် အကြမ်းဖက်မှုမျိုးကို မည်သည့်ဘာသာကမျှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ထို့အပြင် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းနေမှုနှင့် နိုင်ငံတစ်ဝန်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုတို့ကို ယင်းအဖွဲ့များက ထောက်ခံအားပေးကြောင်း ဖော်ပြထားပါသည်။

အကြမ်းဖက်တိုက်ခိုက်မှု ရှုတ်ချကြောင်း ပြောကြားသွားကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများကို ကြိုဆိုပါသည်။

အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဆောင်ရွက်နေမှုကြောင့် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ သဟဇာတရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှုကို ထိခိုက်စေလိမ့်မည်မဟုတ်ပါ။ ပုံမှန်အခြေအနေပြန်လည်ဖြစ်ပေါ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စက်တင်ဘာလ ၅ ရက်မှ စတင်၍ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများမရှိတော့ကြောင်း ပြောကြားလိုပါသည်။

**ဒုတိယအချက်အနေဖြင့်** မြန်မာနိုင်ငံတွင် လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့မရှိကြောင်းကို အလေးထား ပြောကြားလိုပါသည်။

လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားနေသည်ဟူသည့် ပြောကြားမှုများသည် အလွန်ကြီးလေးသော စွပ်စွဲချက်များဖြစ်ပြီး ပေါ့ပေါ့တန်တန် မပြောကြားသင့်ပါ။ ထို့ကြောင့် မိမိတို့အားလုံးသည် ခံစားချက်များဖြင့် ပကတိအမြင်ကို ဖုံးလွှမ်းစေပြီး ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့်ကိစ္စများသည် ဥပဒေရှုထောင့်နှင့် တရားစီရင်ရေးရှုထောင့်တို့ဖြင့် လေ့လာခြင်းမရှိဘဲ လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုများဖြစ်သည်ဟူ၍ အပေါ်ယံသုံးသပ်ကြမည်ဆိုပါက အထူးဝမ်းနည်းဖွယ်ပင်ဖြစ်ပါသည်။

လွတ်လပ်မှုနှင့် လူ့အခွင့်အရေးတို့အတွက် အစဉ်တစိုက် အစွမ်းကုန်ကြိုးပမ်းလာခဲ့ကြသည့် မြန်မာခေါင်းဆောင်များအနေဖြင့် လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ မူဝါဒကို မည်သည့်အခါမျှ ကျင့်သုံးမည်မဟုတ်ကြောင်းနှင့် အစိုးရအနေဖြင့် ယင်းသို့မဖြစ်ပွားရန် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်တားဆီးမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ နေပြည်တော်၌ စက်တင်ဘာလ ၁၉ ရက်နေ့တွင် သံတမန်များအား မိန့်ခွန်းပြောကြားခဲ့စဉ်က ပြတ်သားရှင်းလင်းစွာ ပြောကြားခဲ့သည့်အတိုင်း မိမိတို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများအားလုံးကို ပြင်းထန်စွာရှုတ်ချပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့အနေဖြင့် ကတိကဝတ်ပြုကာ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများပြုလုပ်ရာတွင် တပ်ဖွဲ့များလိုက်နာကျင့်ကြံရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် မရည်ရွယ်ဘဲ ထိခိုက်မှုများ မဖြစ်စေရန်အတွက် လည်းကောင်း၊ အပြစ်မဲ့ပြည်သူများအား ထိခိုက်မှု မရှိစေရန်အတွက် လည်းကောင်း အထူးသတိထားဆောင်ရွက်သွားရန် ညွှန်ကြားထားခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးစုအများဆုံးဖြစ်သည့် နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးစုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုး တစ်မျိုးစီတွင် ထူးခြားသည့် ယဉ်ကျေးမှုအနေအထားများရှိပြီး ကိုးကွယ်ရာဘာသာများဖြစ်သည့် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာ စသည်ဖြင့် ဘာသာရေးအုပ်စုများအနေဖြင့် သမိုင်းတစ်လျှောက် သဟဇာတရှိစွာဖြင့် နေထိုင်လျက်ရှိကြပါသည်။

ယနေ့ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်သည့် အခြေအနေမှာ အကြမ်းဖက်သမားများ၏လုပ်ရပ်များမှ စတင်ခြင်းကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ဘာသာရေးကိုအခြေခံခြင်းမဟုတ်ပါကြောင်း ပြောကြားလိုပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မူဆလင်များမှာ လူနည်းစုမဟုတ်သည်ကို သိရှိထားရန်လိုအပ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတစ်ခုလုံးရှိ လူဦးရေစုစုပေါင်း၏ ၉၅% သည် မူဆလင်များဖြစ်ပါသည်။ လူသိနည်းသည့် အချက်တစ်ချက်မှာ အဆိုပါဒေသတွင်ရှိနေသည့် မူဆလင်အများစုအနေဖြင့် ၎င်းတို့၏အိမ်များကို စွန့်ပစ်ထွက်ခွာသွားခြင်းမရှိကြောင်းနှင့် လူအများ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ထွက်ခွာမှုဖြစ်ပေါ်နေချိန်မှာပင် ၅၀% ခန့်သော မူဆလင်များမှာ ၎င်းတို့၏ကျေးရွာများတွင် အထိအခိုက်မရှိ နေထိုင်နေကြဆဲဖြစ်ကြောင်းဆိုသည့်အချက်ဖြစ်ပါသည်။

လာမည့် တနင်္လာနေ့တွင် မြန်မာနိုင်ငံရှိ သံတမန်များနှင့် သတင်းမီဒီယာများအနေဖြင့် အဆိုပါဒေသသို့ သွားရောက်မည်ဖြစ်ပြီး မြေပြင်အခြေအနေမှန်ကို ကိုယ်တိုင်တွေ့မြင်နိုင်ခွင့်ရရှိကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားထားပါသည်။ မြန်မာနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်အတွက် အတွင်းရေးမှူးချုပ်၏ ခရီးစဉ်အားကြိုဆိုကြောင်း ပြောကြားလိုပါသည်။

**တတိယအနေဖြင့်** ပြောကြားလိုသည့်အချက်မှာ လူသားချင်းစာနာထောက်ထားမှုအခြေအနေနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် ကနဦးတာဝန်ရှိသည်ကို မိမိတို့ ကောင်းစွာနားလည်သိရှိကြောင်း၊ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ ပံ့ပိုးပေးနေကြောင်း၊ အရေးတကြီးလိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လျင်မြန်စွာဖြန့်ဖြူးပေးနိုင်ရန်အတွက် ကြက်ခြေနီလှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပ်တည်ချက်မူများနှင့်အညီ ပံ့ပိုးပေးနေကြောင်း ဖြစ်ပါသည်။

ထို့အပြင် ပြောင်းရွှေ့ထွက်ပြေးလာသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရန် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Center) နှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**စတုတ္ထအချက်အနေဖြင့်** လူထောင်နှင့်ချီ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားကြသည့်သတင်းများအပေါ် မိမိတို့စိုးရိမ်ပူပန်ပါကြောင်း၊ အစုလိုက်အပြုံလိုက် ထွက်ပြေးကြခြင်း၏ အကြောင်းရင်းကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်ရန်လိုပါကြောင်း၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြသူများနှင့် လည်းကောင်း၊ ထွက်မပြေးဘဲ ၎င်းတို့၏ ကျေးရွာများတွင် နေမြဲအတိုင်း နေထိုင်လျက်ရှိကြသူများနှင့်လည်းကောင်း မိမိတို့ ပြောဆိုဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားလိုပါသည်။

မကြာသေးမီက မူဆလင်များ ရာနှင့်ချီ၍ ၎င်းတို့၏နေအိမ်များကို စွန့်ခွာပြီး နယ်စပ်ဘက်သို့ ဦးတည်ထွက်ခွာလာခဲ့ကြရာ ၎င်းတို့၏ နေအိမ်များသို့ ပြန်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ၎င်းတို့အား ဖျောင်းဖျခဲ့ကြပါသည်။ ရွာသားများအနေဖြင့် လူသားချင်းစာနာမှုအကူအညီများ ရေရှည်ရရှိနိုင်မှုအပေါ် စိုးရိမ်ပူပန်ခြင်း၊ ၎င်းတို့အုပ်စုသည် လူနည်းစုဖြစ်လာမည်ကို ကြောက်ရွံ့ခြင်း စသည့် စိုးရိမ်ပူပန်မှုများကြောင့် နေအိမ်စွန့်ခွာခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရွာသားများအား တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ခြောက်လှန့်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေကြသည့် ၎င်းတို့မိတ်ဆွေများက ၎င်းတို့နှင့် လာရောက်ပူးပေါင်းရန် ဖျောင်းဖျမှုများရှိနေကြောင်း ကြားသိခဲ့ရပါသည်။ ထို့ပြင် ဟိန္ဒူဘာသာဝင်များ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရပြီး ၎င်းတို့၏ ရုပ်အလောင်းများအား မြှုပ်နှံထားခဲ့ခြင်းကို ဖော်ထုတ်ခဲ့ပြီး နောက်ပိုင်း ARSA အဖွဲ့က လက်တုံ့ပြန်လာမည်ကို ရွာသားများအနေဖြင့် ကြောက်ရွံ့နေကြဆဲ ဖြစ်ပါသည်။

ရွာသားများအား အကူအညီများပေးအပ်သွားရေးနှင့် ၎င်းတို့၏လုံခြုံရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက အာမခံပြောကြားထားပြီး ဖြစ်ပါသည်။ သို့သော်လည်း ရွာသားအချို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖြတ်ကျော်သွားရောက်ရေးကိုသာ ရွေးချယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြသည့် ဒုက္ခသည်များအား ပြန်လည်ခေါ်ယူရေးနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြပါသည်။ မည်သည့်အချိန်တွင်မဆို စိစစ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ထားကြောင်းကို ဤနေရာမှတစ်ဆင့် အသိပေးပြောကြားလိုပါသည်။ မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်က ယင်းကဲ့သို့သော ပြန်လည်ခေါ်ယူသည့် (repatriation) အတွေ့အကြုံရှိခဲ့ဖူးပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံဘက်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်မှုတိုးမြှင့်ရန် လုပ်ဆောင်လျက်ရှိပါသည်။ မိမိအနေဖြင့် လွန်ခဲ့သည့် ရက်သတ္တပတ်က နယူးယောက်မြို့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား စိုးရိမ်ပူပန်မှုများကို အပြန်အလှန်ဆွေးနွေးရန်နှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများရှာဖွေရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ယခုရက်သတ္တပတ်အတွင်း ဒါကာသို့ သွားရောက်မည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးကိုလည်း မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားထားပါသည်။ ၎င်းအဆင်ပြေသည့် မည်သည့်အချိန်တွင်မဆို လာရောက်ရန် ဖိတ်ခေါ်ထားပြီး နယ်စပ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

ပြန်လည်ခေါ်ယူရေးကိစ္စရပ်အား ဆွေးနွေးရန် မိမိတို့တွင် စိတ်ဆန္ဒရှိမှုသည် "လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းခြင်း" မူဝါဒ မိမိတို့တွင် ရှိသည်ဟူသော စွပ်စွဲချက်များယွင်းကြောင်း ဖော်ပြနေသည့် သက်သေဖြစ်ပါသည်။

မြန်မာအစိုးရသစ်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ခက်ခဲသောအခြေအနေကို လက်ဆင့်ကမ်း ဆက်ခံခဲ့ရပြီး အခြားသောသူများ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အကျိုးဆက်များကိုလည်း ဖြေရှင်းခဲ့ရပါသည်။

လက်ရှိပဋိပက္ခသည် ARSA အဖွဲ့မှ ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ယင်းပြဿနာအား ဖြေရှင်းရန်အတွက် အစိုးရအနေဖြင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်းခြင်းအပါအဝင် လုပ်ဆောင်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုတင်ပြချက်များသည် ရှင်းလင်းသည့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လမ်းပြမြေပုံတစ်ရပ်ဖြစ်ပါသည်။

ယင်းအကြံပြုတင်ပြချက်များအား အကောင်အထည်ဖော်ရေးအတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အစည်းအဝေးနှစ်ကြိမ် ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။ မိမိတို့အနေဖြင့် အဆိုပါကော်မတီအား အချိန်နှင့် လုပ်ငန်းလုပ်ဆောင်နိုင်ခွင့်ပေးအပ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့် ယခုကဲ့သို့ အရေးကြီးသည့်အချိန်ကာလတွင် ဒီမိုကရေစီခိုင်မာစွာ အမြစ်တွယ်နိုင်စေရန်နှင့် ရခိုင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ တာဝန်ဝတ္တရားများကို အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မိမိတို့နှင့် အတူတကွပူးပေါင်းပါဝင်ကြရန် အရေးကြီးပါသည်။ ယင်းအချက်သည် ရခိုင်ပြဿနာအား ဖြေရှင်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် အခြေအနေကို ဖြေရှင်းပေးခြင်းမျိုး မဟုတ်ဘဲ ကြီးထွားစေမည့် ဆောင်ရွက်မှုမျိုးကို ရှောင်ရှားရမည်ဖြစ်ပါသည်။

**ကျေးဇူးတင်ပါသည်။**

# ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းနိုင်ခဲ့သော်လည်း နိုင်ငံရေးအရ တံတိုင်းနံရံသစ်များ ဖြစ်ပေါ်လာဟု သမ္မတ ဝေဖန်




**ဘာလင် အောက်တိုဘာ ၃**
ဂျာမနီနိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲသည် မိမိ၏ နိုင်ငံအတွင်း နိုင်ငံရေးအရ တံတိုင်းနံရံအသစ်များ ပေါ်ပေါက်လာစေရန် အကြောင်းတရားတစ်ရပ်အဖြစ် တွေ့မြင်ရကြောင်း သမ္မတဖရန့်ဝေါ်လ်တာစတိန်းမိုင်ယာက အောက်တိုဘာ ၃ ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။

ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းမှုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် သမ္မတ စတိန်းမိုင်ယာက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် ဘာလင်တံတိုင်းပြိုလဲခဲ့ပြီးနောက် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့ ပြန်လည်ပေါင်းစည်းခဲ့ကြသည်မှာ ၂၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ လက်ယာစွန်းရောက် နိုင်ငံရေးသမားများ ပါလီမန်အတွင်းသို့ ဝင်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို ကြည့်ပါက ဂျာမန်လူ့အဖွဲ့အစည်းအတွင်း အက်ကြောင်းကြီးများနှင့် အက်ကြောင်းငယ်များ ဖြစ်ပေါ်လာသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံ၌ အမျိုးသားရေးဝါဒပြန်လည်ခေါင်းထောင်လာခြင်းမရှိစေရေးအတွက် ဒီမိုကရေစီလိုလားသောအမတ်များက လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် မိမိတိုက်တွန်းကြောင်း သမ္မတစတိန်းမိုင်ယာက နိုင်ငံအနောက်ပိုင်း မိန်းမြို့၌ မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

အဆိုပါရွေးကောက်ပွဲသည် အိန်ဂျလာ မာကယ်လ်အတွက် စတုတ္ထမြောက်ဝန်ကြီးချုပ်ရာထူးသက်တမ်းတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန်လမ်းဖွင့်ပေးခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲရလဒ်အရ လက်ယာစွန်းရောက် ပါတီတစ်ပါတီမှာ နှစ်ပေါင်း ၅၀ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ပါလီမန်အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့သည်။

ရွေးကောက်ပွဲ၌ ထောက်ခံမဲအပြတ်အသတ်မရရှိသဖြင့် ဝန်ကြီးချုပ်မာကယ်လ်မှာ တည်ငြိမ်မှု နည်းပါးသော ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့နှင့်အတူ နိုင်ငံတော်ကိုအုပ်စိုးရမည်ဖြစ်သည်။

**ရိုက်တာ။**

# မြောက်ကိုရီးယားက အီဂျစ်သို့ ဒုံးပစ်လောင်ချာများ မှောင်ခိုပေးပို့ရန် ကြိုးပမ်းခဲ့ဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၃**
အီဂျစ်နိုင်ငံသို့ ဦးတည်ခုတ်မောင်းနေသည့် ပုံဖျက်ထားသော မြောက်ကိုရီးယား သင်္ဘောတစ်စင်းကို ကြားဖြတ်ဟန့်တားစစ်ဆေးခဲ့ရာတွင် ဒုံးပစ်လောင်ချာ (အာရ်ပီဂျီ) အလက်ပေါင်း ၃၀၀၀၀ ကျော် သယ်ဆောင်လာသည်ကို တွေ့ရှိရကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည့် ကာလတွင် ပမာဏအကြီးမားဆုံး လက်နက်များ သိမ်းယူရရှိခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ၏ လျှို့ဝှက်အစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် အောက်တိုဘာ ၁ ရက်နေ့ထုတ် ဝါရှင်တန်ပို့စ် သတင်းစာတွင် ရေးသားဖော်ပြသည်။

### ဟန့်တား

၂၀၁၆ ခုနှစ် ဇူလိုင် ၂၃ ရက်က မသင်္ကာဖွယ်ရာ ဂျေးရှန်အမည်ရှိ ကုန်တင်သင်္ဘောတစ်စင်းကို အီဂျစ်အာဏာပိုင်များက ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်။

အဆိုပါ ကုန်သင်္ဘောသည် မြောက်ကိုရီးယားမှ နေ၍ ရေမိုင် ၈၀၀၀ ခရီးတာကို ခုတ်မောင်းလာခဲ့ကြောင်း၊ အီဂျစ်အစိုးရအာဏာပိုင်များသည် အမေရိကန် တာဝန်ရှိသူများ၏ သတင်းပေးချက်အရ ယင်းသင်္ဘောကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သတင်းတွင် ရေးသားထားသည်။

အဆိုပါကုန်တင်သင်္ဘောသည် စစ်ဆေးခံရခြင်းမရှိစေရန် ကမ္ဘောဒီးယားနိုင်ငံတွင် မှတ်ပုံတင်ထားပြီး ကမ္ဘောဒီးယားနိုင်ငံအလံလွှင့်ထူထားသည်။ ၎င်းအပြင် ယင်းကုန်သင်္ဘောသည် ယင်း၏ ဂြိုဟ်တုဆက်သွယ်ရေးကိရိယာကို ပိတ်ထားခဲ့ကြောင်း ကုလသမဂ္ဂက ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ဖော်ပြသည်ဆို၏။

အမေရိကန် ထောက်လှမ်းရေးအေဂျင်စီများက အီဂျစ်တာဝန်ရှိသူများထံ မသင်္ကာဖွယ်ရာ သင်္ဘောလာရောက်နိုင်သည်ဟု သတင်းပေးခဲ့ပြီး အီဂျစ်အကောက်ခွန်ဝန်ထမ်းများက ယင်းသင်္ဘောပေါ်သို့ တက်ရောက်စစ်ဆေးရာတွင် သာမန်ထက်ထူးခြားသည့် အနေအထား မတွေ့ရဘဲ သင်္ဘောပါ ကုန်ပစ္စည်းစာရင်း၌ လီမိုနိုက်ဟု ဖော်ပြသည့် သံသတ္တုရိုင်းတန်ချိန် ၂၃၀၀ တင်ဆောင်လာကြောင်း ဖော်ပြထားသည်။ သို့သော်လည်း သစ်သားကုန်သေတ္တာ ၇၉ လုံးအတွင်းရှိ သံသတ္တုရိုင်းတုံးများ အောက်တွင် သိုဝှက်ယူလာသည့် ထောင်ပေါင်းများစွာသော ဒုံးပစ်လောင်ချာများကို ရှာဖွေတွေ့ရှိရကြောင်း၊ ၎င်းလောင်ချာများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃ သန်းခန့် ရှိကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။










### ဆိုင်းငံ့

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့ရေးအမိန့်များကို ချိုးဖောက်ခဲ့မှုဖြင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရက ယခုနှစ်တွင် အီဂျစ်နိုင်ငံသို့ စစ်ရေးအကူအညီ ဒေါ်လာသန်း ၃၀၀ ခန့် ထုတ်ပေးမည့် အစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ခြင်း ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

**ရိုက်တာ။**

# မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း တစ်ဂိုဏ်း၏ အဖွဲ့ဝင်ကို ဗီယက်နမ်၌ ဖမ်းဆီးရမိ

**ဟနွိုင်း အောက်တိုဘာ ၃**
လာအိုနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းသည့် ဂိုဏ်းတစ်ဂိုဏ်း၏အဖွဲ့ဝင် အမျိုးသားတစ်ဦးကို ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ငွေအန်းစီရင်စုတွင် ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ငွေအန်း စီရင်စုတွင်နေထိုင်သော အသက် ၂၇ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို ဘိန်းဖြူတုံး ၂၀၊ စိတ်ကြွဆေးတစ်ကီလိုဂရမ်၊ မူးယစ်ဆေးတောင့် ၁၂၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ရှေ့ဆောင်အမည်ရှိ နေ့စဉ်သတင်းစာက ရေးသားဖော်ပြထားသည်။

ဖန်ဗန်တန်အမည်ရှိ အဆိုပါ အမျိုးသားသည် လာအိုနှင့် ငွေအန်း စီရင်စုတွင် မူးယစ်ဆေးဝါး မှောင်ခိုထုတ်သည့် ဂိုဏ်းတစ်ဂိုဏ်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ်ကျော်၊ စိတ်ကြွဆေး ၂ ဒသမ ၅ ကီလိုဂရမ်နှင့်အထက် မှောင်ခိုထုတ်ပါက သေဒဏ်အထိ ပြစ်ဒဏ် စီရင်ချမှတ်နိုင်ကြောင်း သိရသည်။ ဘိန်းဖြူ ၁၀၀ ဂရမ် သို့မဟုတ် အခြားမူးယစ်ဆေး ၃၀၀ဂရမ် ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်ခြင်း ပြုလုပ်ပါကလည်း သေဒဏ်အမိန့် ချမှတ်နိုင်သည်။

**ဆင်ဟွာ။**

# ကက်ရှ်မီးယား နယ်ခြားစောင့်လုံခြုံရေး တပ်ဖွဲ့စခန်းကို စစ်သွေးကြွများ စီးနင်းတိုက်ခိုက်

**ဆရီနာဂါ အောက်တိုဘာ ၃**
အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ် မြို့တော် ဆရီနာဂါ၌ အပြည်ပြည်ဆိုင်ရာ လေဆိပ် အနီးတည်ရှိသော နယ်ခြားစောင့် လုံခြုံရေးတပ်ဖွဲ့စခန်းတစ်ခုကို အောက်တိုဘာ ၃ ရက်က စစ်သွေးကြွအုပ်စုတစ်စုက အသေခံဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ ဆရီဂါနာအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် ဖြစ်ပွားသည့် အဆိုပါ တိုက်ခိုက်မှုတွင် စစ်သွေးကြွနှစ်ဦးသေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားလိုက်ပြီး အနီးဝန်းကျင်ရှိ စာသင်ကျောင်းများကိုလည်း ပိတ်ထားလိုက်ရသည်။



အဖွဲ့အစည်းအမည်နှင့် အဖွဲ့ဝင်အင်အားကို အတိအကျမသိရှိရသေးသည့်စစ်သွေးကြွအုပ်စုတစ်စုက လုံခြုံရေးအဆင့်မြင့်တင်ထားသည့် နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့စခန်းကို ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုအတွင်း နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘီကေရာဒက်ဗ်သေဆုံးပြီး အခြားရဲတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းလေဆိပ်အနီးတွင် နေထိုင်သည့် အငြိမ်းစားရဲအရာရှိတစ်ဦး၏ နေအိမ်ကို စောင့်ကြပ်နေသည့် ရဲတပ်သားတစ်ဦးမှာ လမ်းလွဲလာသည့် သေနတ်ကျည်ထိမှန်ကာ သာမန်မျှသော ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုများ ပြတ်တောင်း ပြတ်တောင်း ဖြစ်ပွားနေကြောင်း ၎င်းက ပြောကြားသည်။

ကျန်ရှိနေသေးသော စစ်သွေးကြွများသည် အမှတ်(၁၈၂)တပ်ရင်းဝင်းအတွင်းရှိ စခန်းများတွင် ခိုအောင်းနေဆဲဖြစ်ကြောင်း နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ အရာရှိက ပြောကြားသည်။

**ပီတီအိုင်။**

# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများနှင့် နည်းပြအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ငွေပဒေသာပင်ကျပ်သိန်း ၁၀၀၀၀ စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အားကစားလုပ်ဆောင်ခြင်း၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းသည် လူတစ်ဦးတစ်ယောက်ချင်းအတွက် အကျိုးသက်ရောက်မှုများစွာရှိသကဲ့သို့ မိမိ၏အဖွဲ့အစည်း၊ မိမိနိုင်ငံအတွက်လည်း လွန်စွာအကျိုးကျေးဇူးကြီးမားကြောင်း၊ အားကစားလုပ်ဆောင်ခြင်းအားဖြင့် မိမိအဖွဲ့အစည်းကို ချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် မျိုးချစ်စိတ်များ တိုးတက်ဖြစ်ပေါ်စေခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားကဏ္ဍကို မြှင့်တင်အားပေးကြရန် လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူးမီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ (အလွတ်ကူး) တစ်ဦးချင်း အားကစားနည်း၌ ရွှေတံဆိပ် သုံးခုရရှိသည့် မောင်အောင်မြင့်မြတ်အားလည်းကောင်း၊ ရေကူးမီတာ ၅၀ (လိပ်ပြာ/ရင်ပေါင်တန်းကူး)၊ မီတာ ၂၀၀ (လေးမျိုးကူး)၊ တစ်ဦးချင်း အားကစားနည်း၌ ရွှေတံဆိပ် သုံးခုရရှိသည့် မောင်နိုင်စစ်အောင်အားလည်းကောင်း၊ ရေကူးမီတာ ၁၀၀ (ရင်ပေါင်တန်းကူး)၊ မီတာ ၂၀၀(လေးမျိုးကူး)၊ မီတာ ၅၀ (အလွတ်ကူး)၊ တစ်ဦးချင်းအားကစားနည်း၌ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ် နှစ်ခုရရှိသည့် မောင်အောင်ဖုန်းအားလည်းကောင်း၊ ပြေးခုန်ပစ် (လုံ့တံပစ်/သံပြားပစ်/သံလုံးပစ်) တစ်ဦးချင်းအားကစားနည်း၌ ရွှေတံဆိပ်ဆုတစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ရရှိခဲ့သည့် ဒုတိယတပ်ကြပ်တင်ညိုအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းတို့က (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော



အားကစားသမားများနှင့် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၅ ခုနှင့် ကြေးတံဆိပ် ၁၇ ခုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော အားကစားနည်းပြများကိုယ်စား ဦးမြခိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အတွက် ငွေပဒေသာပင် စိုက်ထူခြင်းအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်သိန်းတစ်ထောင်၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက ငွေကျပ်သိန်းသုံးထောင်၊ ဧရာမြန်မာအာမခံကုမ္ပဏီလီမိတက်က ငွေကျပ်သိန်းသုံးထောင်၊ မြန်မာအကြံပေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်းသုံးထောင်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# HIV ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းလေ့လာရန် ဗီယက်နမ်သို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃**

Alliance Myanmar အဖွဲ့က ဦးဆောင်၍ ဗီယက်နမ်နိုင်ငံ SCDI center for supporting community development initiatives အဖွဲ့၏ ကူညီမှုဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် HIV ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်




ဆောင်ရွက်နေသော အဖွဲ့အစည်းများကို လေ့လာရန်နှင့် မူဝါဒချမှတ်သူများအား တွေ့ဆုံဆွေးနွေးရန်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❒ ရန်ကုန်-နေပြည်တော်-မန္တလေးမှ

အောက်တိုဘာ ၈ ရက်ညပိုင်းတွင် ရန်ကုန်-နေပြည်တော်-မန္တလေးအထူးရထားကို ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ည ၈ နာရီခွဲတွင် စတင်ထွက်ခွာမည့်ရထားမှာ နေပြည်တော်ဘူတာသို့ နံနက် ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဆက်လက်ထွက်ခွာကာ မန္တလေးဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ကြားဘူတာခရီးစဉ်များအရ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် နေပြည်တော်အထက်ပိုင်းရှိ မြို့နယ်ဘူတာများဖြစ်သော တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သား၊ ကျောက်ဆည်ဘူတာများတွင် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် မန္တလေးဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

မြန်မာ့မီးရထား၊ သွား/လာပို့ဆောင်ရေးဌာန တိုင်းအမှတ်(၇)မှ တိုင်းမန်နေဂျာ ဦးဇော်လွင်က "ခရီးသွားပြည်သူတွေအနေနဲ့ ပွဲတော်ကာလတွေမှာ အဝေးပြေးယာဉ်တွေ စီးရတာ အခက်အခဲတွေရှိနေတာမို့ မီးရထားကို စီးနင်းတာပိုမိုများပြားလာပါတယ်။ သီတင်းကျွတ်ကာလမှာ ရထားစီးခရီးသွားပြည်သူများပြားပြီး ရုံးပိတ်ရက်ကလည်း ငါးရက်ဆက်တိုက်ပိတ်တာမို့ နေရပ်ပြန်ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့အတွက် အထူးရထားတွေကို စီစဉ်ပေးလိုက်တာပါ။ နယ်မှာ တာဝန်ကျနေတဲ့ ပြည်သူတွေကလည်း နေရပ်ရန်ကုန်မြို့ကို ပြန်လာဖို့ အဆင်ပြေစေဖို့အတွက် စီစဉ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။

နေရပ်ပြန် ခရီးသွားပြည်သူများပြားလို့ အထူးရထားလေးစင်း ပြေးဆွဲပေးမှာပါ။ အလားတူကာလမှာ ရုံးပိတ်ရက်လည်း များပြားရင် ခရီးသည်တွေ သွားလာမှုအဆင်ပြေစေဖို့ အခြေအနေကြည့်ပြီး စီစဉ်ဆောင်ရွက်ပေးသွားမှာပါ။ ရထားလက်မှတ်တွေကို သုံးရက်ကြိုတင်၊ တစ်ရက်ကြိုတင်နဲ့ လက်မှတ်ရုံတွေမှာ ရောင်းချပေးမှာဖြစ်ပြီး ရထားလက်မှတ်နှုန်းထားကလည်း အရင်သတ်မှတ်နှုန်းထားအတိုင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်ဘူတာကြီးမှ အမြန်ရထား လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှခရီးသည်ဦးရေ ၄၀၀၀ ကျော်ရှိပြီး အစိုးရရုံးပိတ်ရက်ဖြစ်သော ပွဲတော်ကာလအတွင်း အမြန်ရထားလိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှခရီးသည်ဦးရေ ၇၀၀၀ ကျော်ရှိကြောင်း၊ ထို့အပြင် သီတင်းကျွတ် အထူးရထားများ ပြေးဆွဲမည့် အချိန်စာရင်းကိုလည်း ခရီးသည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဘူတာများရှိ ဝန်ထမ်းများအား အချိန်မီသိရှိစေရန် ဘူတာများ၌ ကြေညာထားရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

### ❂ ဒီမိုကရေစီစနစ်ကူးပြောင်းရေးမှ

အစည်းအဝေးသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအပြင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ တိုက်ရိုက်သက်ဆိုင်ပတ်သက်နေသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုလည်း ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရပ်စ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဦးစွာပြောကြားရာတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချကြောင်း၊ မြန်မာအစိုးရအနေဖြင့် တိုက်ပွဲများချက်ချင်းရပ်စဲရန်၊ လူသားချင်းစာနာမှု အကူအညီများ လွတ်လပ်စွာပေးအပ်နိုင်ရန်နှင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသူများအနေဖြင့် ၎င်းတို့၏ဆန္ဒအရ နေရပ်သို့ လုံခြုံဘေးကင်းစွာဖြင့် ပြန်နေထိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံအများစုက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောကြားချက်အပေါ် ထောက်ခံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုများ ရှိနေကြောင်း စွပ်စွဲပြောဆိုခဲ့သော်လည်း အချို့နိုင်ငံများက မြန်မာနိုင်ငံအပေါ် အပြုသဘော ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ပြန်လည်ပြောကြားရာတွင် အစိုးရအနေဖြင့် ပြည်ပသတင်းမီဒီယာများ၌ စွပ်စွဲပြောဆိုနေသကဲ့သို့ အင်အားအလွန်အကြူး သုံးစွဲတိုက်ခိုက်နေခြင်းမဟုတ်ဘဲ အကြမ်းဖက်အဖွဲ့အစည်းမှ တိုက်ခိုက်လာမှုကို တုံ့ပြန်ကာကွယ်နေခြင်းသာဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် ARSA အကြမ်းဖက်အဖွဲ့၏ စတင်တိုက်ခိုက်လာမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တိုက်ပွဲများ စက်တင်ဘာ ၅ ရက်မှ စတင်ရပ်စဲသွားခဲ့ပြီးဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့် လူ့အသိုက်အဝန်းအားလုံးအား လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသူများအား ၎င်းတို့၏ ဆန္ဒအရ နေရပ်သို့ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်စေရေးအတွက် ညှိနှိုင်းစီစစ်ဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအဆင့်တွင် ထိတွေ့ဆွေးနွေးနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရေတိုရေရှည် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် အချိန်ကြာမြင့်စွာ ကြိုးပမ်းခဲ့ရသည့် အစိုးရတစ်ရပ်အနေဖြင့် "အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု"၊ "လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှု"တို့ကို မည်သည့်အခါမျှ ကျူးလွန်ခြင်း၊ ခွင့်ပြုထားခြင်းရှိမည်မဟုတ်ဟု ရှင်းလင်းပြတ်သားစွာ တုံ့ပြန်ပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၃)တွင် သီးခြား ဖော်ပြထားပါသည်။

**(သတင်းစဉ်)**

# KBZ Bank Women's League ပြိုင်ပွဲတွင် မြဝတီအသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အမှတ်ပေးဇယားထိပ်ဆုံးမှ မြဝတီအသင်း အနိုင်ရခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးမှ မြဝတီအသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်ပြီး ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှုံးပွဲမရှိဘဲ ထိပ်ဆုံးမှ ဦးဆောင်နေသည့် မြဝတီအသင်းသည် ဒုတိယနေရာမှ သစ္စာအားမာန်နှင့် တတိယနေရာမှ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ရှစ်ပွဲကစား ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။ ဒုတိယနေ့ကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# လောကကို ငြိမ်းချမ်းစေသူ

မိမိုးအေး(ဘားအံတက္ကသိုလ်)

မကြာခင်မှာပဲ ကမ္ဘာ့ဆရာများနေ့ ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရင်ထဲနှလုံးသားထဲမှာတော့ နေ့ရက်တိုင်းဟာ ဆရာများနေ့တွေပဲဖြစ်နေပါတယ်။ မွေးဖွားစအရွယ်ကစပြီး ကျောင်းနေချိန်အထိ ကျွန်မတို့ရဲ့ မိဘတွေဟာ ကျွန်မတို့ရဲ့ လက်ဦးဆရာတွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျောင်းနေတဲ့အချိန်ကစလို့ ကျွန်မတို့ဟာ ဒုတိယမိဘတွေဖြစ်တဲ့ ဆရာတွေနဲ့ ဆုံတွေ့ကြရပါပြီ။ အိမ်မှာနေတဲ့အချိန်ထက် ကျောင်းမှာ ဆရာတွေနဲ့ နေရတဲ့အချိန်ကပိုပြီး များခဲ့ရပါတယ်။

ကျွန်မရဲ့ ဘဝမှာလည်း အခုချိန်ထိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနဲ့ ကြုံဆုံခဲ့ရပါတယ်။ အင်မတန်ငယ်သေးတဲ့ အသက်အရွယ်မှာ သင်ကြားပေးခဲ့တဲ့ မူလတန်းကတည်းက ဆရာတွေကို အခုချိန်ထိ အမှတ်ထင်ထင်ရှိနေဆဲ ဖြစ်ပါတယ်။ အလယ်တန်း၊ အထက်တန်းမှသည် တက္ကသိုလ်ရောက်တဲ့အထိ သင်ကြားပြသပေးခဲ့တဲ့ ဆရာတွေကို ကျွန်မ အမှတ်ရနေဆဲပါ။ တပည့်များစွာရှိကြတဲ့ ဆရာတွေကတော့ ကျွန်မကို မှတ်မိသူ၊ မမှတ်မိသူ ရှိပါလိမ့်မည်။ ကျွန်မကိုယ်တိုင် တပည့်များစွာရှိလာချိန်မှာ တချို့ကို ကျွန်မမမှတ်မိဘဲဖြစ်ရတာကို အားနာရပါတယ်။ ဆရာတစ်ယောက်ဖြစ်လာချိန်မှာတော့ ကျွန်မ ဆရာဘဝကိုပိုပြီး သိလာတယ်။ ပိုပြီးခင်တွယ်လာတယ်။ ပိုပြီးတန်ဖိုးထားလာတယ်။ ပိုပြီးချစ်လာတယ်။ ဆရာဖြစ်ရတာကို ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတယ်။

ပါဠိဝေါဟာရ "အာစရိယ" ကို ဆရာလို့ ဖွင့်ဆိုကြပါတယ်။ "သိဿာနံ ဟိတံအာစရတီတိအာစရိယော-တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်တတ်သောသူ"၊ "အာဒိတောစာရေတိသိက္ခာပေတီတိအာစရိယော- ရှေးဦးစွာ (အတတ်ပညာကို) သင်ပေးတတ်သောသူ"ဆိုပြီး တိပိဋကပါဠိမြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။ မြန်မာစာပေများမှာတော့ ဆရာဆိုတာ တပည့်တွေကို ပညာသင်ကြားပေးတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ "ဆာယာ" ဆိုတဲ့ ပါဠိ ဝေါဟာရကနေလာပြီး "အရိပ်" ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပြီး တပည့်တွေ နားခိုစေဖို့ အေးမြတဲ့အရိပ်ကို ပေးစွမ်းနိုင်တာကြောင့် ဆရာလို့ ခေါ်ပါတယ်ဆိုပြီး အဓိပ္ပာယ်ဖွင့်ကြပါတယ်။ တစ်ခါ "ဆ"နဲ့ "ရာ" ဆိုတဲ့ စကားနှစ်လုံးကို ပေါင်းစပ်ထားပြီး "ဆ" ဆိုတာက "နှိုင်းဆခြင်း၊ ချိန်ဆခြင်း" ဖြစ်ပြီး "ရာ" ကတော့ ရာဖြတ်ခြင်း၊ အကဲဖြတ်ခြင်း၊ တန်ဖိုးဖြတ်ခြင်းဆိုတဲ့ သဘောဖြစ်ပါတယ်။ တပည့်တွေကို "ချင့်ချိန်နှိုင်းဆအကဲဖြတ်ပေးတတ်သူ" လို့လည်း အဓိပ္ပာယ်ဖွင့်ကြပါသေးတယ်။

သိင်္ဂါလသုတ်မှာတော့ ဗုဒ္ဓက သိင်္ဂါလ သတို့သားကို အရပ်ခြောက်မျက်နှာကို ရှိခိုးပူဇော်ဖို့ ဒီလိုညွှန်းပြထားပါတယ်။ အမိအဖတို့ဟာ အရှေ့အရပ်၊ ဆရာတို့ဟာ တောင်အရပ်၊ သားမယားတို့ဟာ အနောက်အရပ်၊ အဆွေခင်ပွန်းတို့ဟာ မြောက်အရပ်၊ အလုပ်သမားတို့ဟာ အောက်အရပ်၊ သမဏဗြာဟ္မဏတို့ဟာ အထက်အရပ်တွေဖြစ်ပါတယ်။ ဆရာတွေကို တောင်အရပ်လို့ သတ်မှတ်ပေးပြီး တပည့်တွေဟာ ဆရာတွေကို ပြုစုအပ်တယ်လို့ ဆိုထားပါတယ်။ ဆရာသမားတွေကို တောင်အရပ်လို့ သတ်မှတ်တာကိုတော့ အဋ္ဌကထာမှာ "အာစရိယာ ဒက္ခိဏေယျတာယ ဒက္ခိဏာ ဒိသာတိ ဝေဒိတဗ္ဗာ-ဆရာတို့ကို မြတ်သောအလှူကို ခံထိုက်သည်၏ အဖြစ်ကြောင့် တောင်အရပ်ဟု သိအပ်ကုန်၏"လို့ ဒီလိုဖွင့်ဆိုထားပါတယ်။ မြတ်တဲ့ပူဇော်မှုကို ခံယူထိုက်တဲ့အတွက် တောင်အရပ်လို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဆရာတွေဟာ တပည့်တွေရဲ့ ရိုသေမှု၊ ပေးလှူမှု၊ ပူဇော်မှုကို ခံထိုက်တဲ့သူတွေဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဗုဒ္ဓက ဆရာနဲ့တပည့် အပြန်အလှန်ထားရှိရမယ့် ကျင့်ဝတ်တွေကိုလည်း ညွှန်ပြပေးခဲ့ပါတယ်။ ဒီကျင့်ဝတ်တွေကို ကျွန်မတို့ ငယ်စဉ်ကပဲ စိတ်ထဲစွဲနေအောင် မှတ်သားခဲ့ပါတယ်။ ဆရာတွေ တပည့်အပေါ်ထားရမယ့် ကျင့်ဝတ်ငါးခုရှိပါတယ်။ အဲဒါတွေကတော့

(၁) သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း။
(၂) ဆုံးမဩဝါဒပေး၍ ပြုပြင်ပေးရခြင်း။
(၃) မိမိတတ်သမျှအကုန်သင်ပေးရခြင်း။
(၄) တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးရခြင်း။
(၅) မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာ့ထံသို့ အပ်နှံပေးရခြင်း တို့ဖြစ်ကြပါတယ်။

ဒီကျင့်ဝတ်တွေကို သင်္ဂဇာဆရာတော်က "အတတ်လည်းသင်ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့"လို့ မှတ်သားဖို့ လွယ်ကူအောင် စပ်ဆိုထားပါတယ်။

ဆရာတွေရဲ့ အမျိုးအစားကို ပါဠိစာပေတွေထဲမှာ သုံးမျိုး ဖော်ပြထားပါတယ်။ ဒါကလည်း ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ သိထားပြီးဖြစ်ပါတယ်။ ဒီဆရာသုံးမျိုးကတော့-

(၁) သင်ဆရာ- မုတာစရိယ-ကိုယ်ထိလက်ရောက်ကျကျနန သင်ပေးသောဆရာ။
(၂) မြင်ဆရာ-ဒိဋ္ဌာစရိယ-သူလုပ်ကိုင်နေသည်ကို တွေ့ကာ မြင်ကာဖြင့် တက်မြောက်ခြင်းရှိသူ၏ ဆရာ။
(၃) ကြားဆရာ-သုတာစရိယ-သူပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်သူ၏ ဆရာတို့ပဲဖြစ်ပါတယ်။

ဆရာတွေဟာ လူ့အဖွဲ့အစည်းအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဘဝမှာ အသက်ရှင်ရပ်တည်နိုင်ဖို့ အရေးပါတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ကြပါတယ်။ ဗုဒ္ဓရဲ့ သဘောထားအရလည်း ဆရာဆိုတာ လောကအတွက် အရေးပါတဲ့၊ အခရာကျတဲ့သူပဲဖြစ်ပါတယ်။

ဘယ်အတတ်ပညာရပ်ပဲဖြစ်ဖြစ် ဆရာမပါဘဲနဲ့တော့ မတတ်မြောက်နိုင်ပါဘူး။ ယုတ်စွအဆုံး ငါးပိဖုတ်ရင်တောင် ဆရာမပြနည်းမကျရင် မလုပ်နိုင်ပါဘူး။ လွယ်ကူတဲ့ ငါးပိဖုတ်ဖို့တောင် ဆရာပါမှ ဖြစ်မယ်ဆိုရင် ဒီထက်အရေးကြီးတဲ့ လုပ်ငန်းတွေမှာ ဆရာတွေရဲ့ အရေးပါမှုကို မှန်းဆနိုင်ပါတယ်။

ဒီနေ့ခေတ်ထဲမှာ ဆရာတွေနဲ့ပတ်သက်ပြီး အသပြာဆရာဆိုပြီး ပြောကြဆိုကြတာတွေကို နေ့စဉ်နဲ့အမျှ မြင်တွေ့ကြားသိနေရပါတယ်။ ဘယ်အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် ငွေကြေးလာဘ်လာဘကို မက်မောကြတဲ့သူတွေ ရှိတာပါပဲ။ ဆရာအကုန်လုံးလည်း ငွေမက်ကြတာ မဟုတ်ပါဘူး။ အခုပြောနေကြသလို အသပြာဆရာရှိချင်လည်း ရှိမှာပါ။ လုံးဝမရှိဘူးလို့ ကျွန်မ မပြောလိုပါဘူး။ ဒါပေမယ့် အများစုကတော့ အသပြာမမက်ဘဲ ဝါသနာ၊ စေတနာ၊ အနစ်နာနဲ့ ဆရာဆိုတဲ့အလုပ်ကို မြတ်မြတ်နိုးနိုး လုပ်ကိုင်နေကြသူတွေပဲဖြစ်ပါတယ်။ အဆိုးရှိသလို အကောင်းလည်းရှိတယ်ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ မီဒီယာအများစုကတော့ ဆိုးကွက်တွေကိုသာရွေးပြီး သတင်းတင်ကြပေမယ့် ကိုယ်ကျိုးစွန့်အနစ်နာခံတဲ့အကြောင်း ရေးတင်တဲ့သူကတော့ နည်းလှပါတယ်။ ကျွန်မကတော့ ကံကောင်းထောက်မစွာနဲ့ မူလတန်းကစလို့ ဘွဲ့ရ၊ အလုပ်ရတဲ့အထိ ဆရာသမားကောင်းတွေနဲ့ ဆုံခဲ့ရပါတယ်။

ကျွန်မတို့ ဆရာတွေအနေနဲ့ကလည်း တပည့်သားတွေအပေါ်မှာ သူတို့ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးမယ်ဆိုတဲ့ မေတ္တာ၊ သူတို့ရဲ့ အခက်အခဲကို စောင့်ရှောက်ကူညီမယ်ဆိုတဲ့ ကရုဏာ၊ သူတို့ရဲ့ အောင်မြင်တိုးတက်မှုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ မုဒိတာ၊ သူတို့ရဲ့ အဆိုးဆုံးအခြေအနေတွေကိုလည်း စိတ်မပျက်ဘဲ ကောင်းမွန်တဲ့ အခြေအနေကိုလည်း မတပ်မက်တဲ့ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ သင်ကြားပေးရမှာ ဖြစ်ပါတယ်။ ဆုံးမပဲ့ပြင်ပေးရမှာ ဖြစ်ပါတယ်။ တော်တဲ့၊လိမ္မာတဲ့ တပည့်တွေကို ချီးမြှောက်ပေးရပါမယ်။ ပိုပြီးကောင်းမွန်အောင် ဖန်တီးပေးရပါမယ်။ ဒီလိုပဲ အားနည်းချက်ရှိတဲ့၊ လိုအပ်ချက်တွေရှိနေတဲ့ တပည့်တွေကိုလည်း ဖေးမပြီး ကောင်းမွန်တဲ့ အခြေအနေတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အတတ်ပညာကို သင်ကြားပေးရတာကတော့ ဆရာတွေရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ စာသင်ခန်းထဲမှာတော့ အရေးအကြီးဆုံးက ဆရာပဲဖြစ်ပါတယ်။ သင်ထောက်ကူပစ္စည်းတွေဘယ်လောက်ပဲ ပြည့်စုံပါစေ၊ သင်ကြားပေးတဲ့ ဆရာရဲ့ ဘာသာရပ်အပေါ်ကျွမ်းကျင်ပိုင်နိုင်မှု၊ စိတ်ဝင်စားမှု၊ တပည့်တွေကို ဘယ်လိုသင်ကြားပေးရင် နားလည်နိုင်မယ်ဆိုတဲ့ သင်နည်းစနစ်တွေကပိုပြီး အရေးပါပါတယ်။ ပြောရမယ်ဆိုရင် တတ်စေချင်တဲ့ ဆရာရဲ့ စိတ်ဓာတ်နဲ့ စေတနာပေါ့။ နောက်တစ်ခုက ကျွန်မတို့ဆရာတွေ ခေတ်ကိုလည်း မျက်ခြည်ပြတ်လို့ မဖြစ်ပါဘူး။ သူတို့တွေနဲ့ လိုက်လျောညီထွေဖြစ်မယ့် သင်ကြားမှုပုံစံကိုလည်း ကျွန်မတို့ လုပ်ပေးကြရမှာပါ။ အိုင်တီခေတ်ဖြစ်တဲ့အတွက် အင်တာနက်ကို အကျိုးရှိရှိအသုံးချတတ်အောင် လေ့ကျင့်ပေးရမှာဖြစ်ပါတယ်။

ကျွန်မကတော့ သင်ခန်းစာတစ်ခုပြီးတိုင်း မေးခွန်းတွေထုတ်တတ်ပါတယ်။ သူတို့ကိုလည်း မေးခွန်းပြန်ထုတ်ခိုင်းပါတယ်။ စစချင်းတော့ သူတို့အတွက် နည်းနည်းခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်မကလည်း ထပ်ကာထပ်ကာ လေ့ကျင့်ပေးတော့ တဖြည်းဖြည်းနဲ့ သူတို့မေးခွန်းတွေ ထုတ်တတ်လာတယ်။ တစ်ခါတလေ ကျွန်မမတွေးမိတဲ့ အချက်တွေကို သူတို့တွေးနိုင်၊ ပြောနိုင်ရင် ကျွန်မရဲ့ ပျော်ရွှင်မှုဟာ ဘာနဲ့မှမလဲနိုင်ပါဘူး။ ကျွန်မမေးတာကို မဖြေနိုင်ခဲ့ကြတဲ့အချိန်က ဝမ်းနည်းမှုတွေ ပျောက်ဆုံးသွားခဲ့ရပါတယ်။ ဆရာတွေဖြစ်တဲ့ ကျွန်မတို့ဟာ ကိုယ်သိထား၊ တတ်ထား၊ လေ့လာမှတ်သားထားတာအားလုံးကို မခြွင်းမချန် သင်ကြားပေးကြတာကလည်း ဆရာ့ဝတ္တရားပါပဲ။

ဆရာတွေဖြစ်တဲ့ ကျွန်မတို့တစ်ခါတလေမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတစ်ခုကတော့ တချို့အနည်းစုဖြစ်တဲ့ တပည့်တွေရဲ့ ဂါရဝတရား အားနည်းမှု၊ မလိမ္မာမှု၊ မယဉ်ကျေးမှု၊ မသိတတ်မှုတွေပဲဖြစ်ပါတယ်။ ဒီလို တပည့်မျိုးတွေကိုလည်း ကျွန်မတို့ပစ်ထားလို့ မရပါဘူး။ အသက်အရွယ်အရ ငယ်ရွယ်တာကြောင့်၊ ဗီဇကြောင့်၊ ပတ်ဝန်းကျင်ကြောင့်၊ မိသားစုကြောင့် အရိုင်းစိတ်လေးနည်းနည်းပါလာတာကို ယဉ်ကျေးအောင်၊ လမ်းမှန်ရောက်အောင် လုပ်ပေးဖို့က ကျွန်မတို့ဆရာတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။ နောက်ဆုံးအချိန်အထိ ကျွန်မတို့ ကြိုးစားပြုပြင်ပေးရမှာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မတစ်ခုတင်ပြချင်ပါတယ်။ ကျွန်မတို့ ဆရာတွေဟာ တပည့်တွေကို သူတို့အကျိုးအတွက် စေတနာရှေ့ထားပြီး ပြောဆိုဆုံးမတာ မှန်ပါတယ်။ အိုးကို နာနာရိုက်တာဟာ အိုးကွဲစေလိုလို့ မဟုတ်ဘဲ များများရိုက်လေ၊နာနာရိုက်လေ အိုးကောင်းရတာကြောင့် ဖြစ်တယ်ဆိုတာ လောကနီတိကျမ်းမှာလည်း ဆိုထားပါတယ်။ "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့" လို့လည်း မဃဒေဝလင်္ကာမှာ ဆိုထားပါတယ်။

မဆုံးမရဘူးလို့ ကျွန်မ မဆိုလိုပါဘူး။ ဆုံးမတဲ့နည်းလမ်းကို ရွေးချယ်ဖို့ပါ။ အထူးသဖြင့် အခြေခံပညာက ကလေးတွေဟာ အသက်အရွယ်အနေနဲ့ ငယ်ရွယ်ကြပါတယ်။ ဒီကလေးတွေ သူတို့အရွယ်နဲ့ ကျူးလွန်တဲ့ အပြစ်တွေဟာလည်း အသေးအမွှားတွေပဲ ဖြစ်မှာပါ။ လူသတ်မှုလည်း မဟုတ်သလို နိုင်ငံတော်ပုန်ကန်မှုလည်း မဖြစ်နိုင်ပါဘူး။ သာမန်စာမရတာ၊ စာမလုပ်တာ ပြောစကားနားမထောင်တာ၊ ဆူညံတာ ဒီလောက်ပါပဲ။ ရိုက်ပြီး ဆုံးမစရာလိုမယ်ဆိုလည်း ရိုက်ဆုံးမနိုင်ပါတယ်။ ဆုံးမပါ။ ဒါပေမယ့် ကလေးနဲ့ သင့်တော်တဲ့ ရိုက်ဆုံးမတာပဲ ဖြစ်သင့်ပါတယ်။

နောက်တစ်ခုကတော့ လူအများရှေ့မှာ တိုင်မှာ ကြိုးတုပ်ရိုက်တာ၊ အဝတ်အစားချွတ်ပြီး ရိုက်တာ၊ အဝတ်အစားချွတ်ပြီး အပြစ်ပေးတာတွေကိုတော့ မလုပ်စေချင်ပါဘူး။ ကလေးတွေ စိတ်ဒဏ်ရာရနိုင်ပါတယ်။ စာသင်ခန်းကို ကြောက်သွားနိုင်ပါတယ်။ ကျွန်မတစ်ဦးတည်းရဲ့အမြင်ကို ပြောပါဆိုရင် အစွန်းမရောက်စေချင်ပါဘူး။ ကျွန်မတို့ ဘုရားရှင်တောင် အစွန်းရောက်တဲ့အကျင့်ကိုစွန့်ပြီး မတင်းလွန်း မလျော့လွန်းတဲ့အကျင့်ကို ပြောင်းလဲကျင့်သုံးမှ ဘုရားအဖြစ် ရောက်ခဲ့ရတာပါ။ ပဲ့ပြင်ဆုံးမသွန်သင်ပေးတာကလည်း ကျွန်မတို့ဆရာတွေရဲ့ ဝတ္တရားဖြစ်တဲ့အတွက် ဗုဒ္ဓအလိုအရ မတင်းလွန်း မလျော့လွန်း ကျင့်ကြံဆုံးမနိုင်ကြပါစေ။

တစ်ခါမှာ ကျွန်မရဲ့ တစ်နာရီအတန်းချိန်မှာ ကျောင်းသား ၁၀ ယောက်လောက်ပဲ အတန်းတက်ကြပါတယ်။ ထမင်းစားအပြီး ပြန်မလာကြတော့တာပါ။ လူစုံတဲ့တစ်ရက်မှာ ကျွန်မရဲ့ ကျောင်းသူဘဝ မိုးတစ်နေ့အကြောင်းလေး ပြောပြပါတယ်။ ကျွန်မတို့ ချစ်ကြောက်ရိုသေလေးစားရတဲ့ ဆရာကြီးဦးတင်လွင်ဟာ အငြိမ်းစားယူပြီးပေမယ့် ကျွန်မတို့ မဟာဝိဇ္ဇာတန်းကို စာလာသင်ပေးပါတယ်။ တစ်ခါမှာ တနင်္ဂနွေနေ့ကို စာခေါ်သင်ပါတယ်။ ဖြစ်ချင်တော့ အဲဒီနေ့က မိုးတော်တော်ရွာပါတယ်။ စာသင်ဖို့ အချိန်အထိ မိုးမတိတ်ပါဘူး။ ကျွန်မအဆောင်က တံတားဖြူဆိုတော့ ရန်ကုန်တက္ကသိုလ်နဲ့ မဝေးပေမယ့် မိုးရွာနေတော့ သွားဖို့ပျင်းနေပါတယ်။ မိုးဒီလောက်ရွာနေတာ ဆရာကြီးလည်း မလာလောက်ပါဘူးလို့ တွေးမိတယ်။ ဒီနေ့ခေတ်လို ဖုန်းဆက်ဖို့လည်း မလွယ်ကူပါဘူး။ နောက်ဆုံးတော့ ကျွန်မလည်း ကျောင်းသွားဖြစ်ခဲ့ပါတယ်။ စာသင်ချိန်ရောက်တဲ့အခါမှာ ဆရာကြီးဟာ ထီးလေးတစ်ချောင်းဆောင်းပြီး မိုးသည်းထဲမှာပဲ တစ်ကိုယ်လုံးစိုပြီး ရောက်လာပါတယ်။ ကျွန်မလည်း စိတ်ထဲမှာ ကံကောင်းလို့၊ ငါသာမလာဖြစ်ခဲ့ရင် တစ်သက်လုံး နောင်တရမိမှာဆိုပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရပါတယ်။ သူတို့ကို ကျွန်မလို နောင်တမရစေချင်ဘူးလို့လည်း ပြောပြပါတယ်။ ကျွန်မပုံပြောကောင်းမှုကြောင့်ဖြစ်မယ်။ နောက်ပိုင်းမှာ တစ်နာရီအတန်းချိန်မှာ လူစုံတက်စုံပါပဲ။ ကျွန်မလိုချင်တာကို ဖြေရှင်းခဲ့တဲ့ နည်းလမ်းလေးတစ်ခုပေါ့။

သူတို့ရဲ့ အဆိုးအကောင်းဟာ ကျွန်မတို့ ဆရာတွေလက်ထဲမှာပဲ ရှိကြတာပါ။ စာသင်ခန်းထဲမှာ သင်ကြားပေးလိုက်ရုံ၊ ဆုံးမပေးလိုက်ရုံနဲ့ ပြည့်စုံတယ်လို့ မဆိုနိုင်ပါဘူး။ စာသင်ခန်းပြင်ပ လက်တွေ့ဘဝထဲမှာ နေတတ် ထိုင်တတ် စဉ်းစားတွေးခေါ်တတ်ဖို့ကိုလည်း ကျွန်မတို့လေ့ကျင့်ပေးလိုက်ရမှာ ဖြစ်ပါတယ်။ ထပ်ပြီးတော့ တရားမျှတမှုကို ချစ်မြတ်နိုးတတ်ဖို့၊ အမှန်တရားကို လက်ကိုင်ထားတတ်ဖို့၊ ကိုယ်ချင်းစာတရား ထားတတ်ဖို့၊ သာတူညီမျှစိတ်ရှိဖို့တွေကို စာထဲကအသိနဲ့ပေါင်းစပ်ပြီး လက်တွေ့မှာ ကျင့်သုံးတတ်ဖို့လည်း တိုက်တွန်းပေးကြရမှာ ဖြစ်ပါတယ်။

ကိုယ်ကျင့်တရားကောင်းဖို့လည်း ကျွန်မတို့ကပဲ ပြုပြင်ပေးရမှာ ဖြစ်ပါတယ်။ သူတို့ပညာတတ်မြောက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်ပါမှ လူတော်လူကောင်းအဖြစ်နဲ့ လူ့လောကကို အကျိုးပြုနိုင်မှာပါ။ လူ့လောကကြီး လှပဖို့၊ သာယာဖို့၊ တိုးတက်ဖို့၊ ငြိမ်းချမ်းဖို့ လုပ်ကိုင်နိုင်မယ့် တပည့်တွေအတွက် ကျွန်မတို့ ဆရာတွေဟာ အဓိကပဲ့ကိုင်ရှင်တွေပါ။ ဆရာတွေဟာ တပည့်တွေအတွက် လမ်းပြတစ်ဦးနဲ့လည်း တူပါတယ်။ ကျွန်မတို့မှားရင် သူတို့မှားမယ်။ ကျွန်မတို့ မှန်မှ သူတို့မှန်နိုင်မှာပါ။ ဆရာတွေဟာ သူတို့တွေအတွက် စံပြပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတွေဟာ လောကကြီးမှာ အဓိကကျသူ အရေးကြီးသူတွေပဲ ဖြစ်ပါတယ်။

ဆရာတွေဟာ အခရာဖြစ်တာကြောင့်လည်း ၁၉၉၄ ခုနှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာခဲ့ကြပါတယ်။ ကျွန်မတို့ရဲ့ ရင်ထဲမှာတော့ ဆရာတွေဟာ အမြဲအတူရှိနေသူတွေပဲ ဖြစ်ပါတယ်။ ငယ်ရွယ်စဉ် ကလေးဘဝကစလို့ ဒီနေ့အထိ ပညာပေးဝေပြီး ဆိုဆုံးမခဲ့တဲ့ ကျွန်မရဲ့ကျေးဇူးရှင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးရဲ့ ဂုဏ်ကျေးဇူးအပေါင်းကို ကျွန်မ ဒီဆောင်းပါးနဲ့ ရိုသေစွာ ရှိခိုးကန်တော့ပါတယ်။ တစ်ဖန် ကျွန်မနဲ့ ဘဝတူဆရာများအားလုံးကိုလည်း ဒီဆောင်းပါးနဲ့ အထူးဂုဏ်ပြုပါတယ်။ လောကကို ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ပေးကြပါသော ဆရာအပေါင်း စိတ်ချမ်းသာကိုယ်ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ။

**လူ့လောကကြီး လှပဖို့၊ သာယာဖို့၊ တိုးတက်ဖို့၊ ငြိမ်းချမ်းဖို့ လုပ်ကိုင်နိုင်မယ့် တပည့်တွေအတွက် ကျွန်မတို့ ဆရာတွေဟာ အဓိကပဲ့ကိုင်ရှင်တွေပါ။ ဆရာတွေဟာ တပည့်တွေအတွက် လမ်းပြတစ်ဦးနဲ့လည်း တူပါတယ်။ ကျွန်မတို့မှားရင် သူတို့မှားမယ်။ ကျွန်မတို့မှန်မှ သူတို့မှန်နိုင်မှာပါ။ ဆရာတွေဟာ သူတို့တွေအတွက် စံပြပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတွေဟာ လောကကြီးမှာ အဓိကကျသူ အရေးကြီးသူတွေပဲ ဖြစ်ပါတယ်။**

# တရားဝင်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲနဲ့ ငွေကြေးဆိုင်ရာလုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေကြောင့် အများပြည်သူတွေရဲ့ ငွေကြေးတွေ ဆုံးရှုံးနစ်နာတာတွေရှိပါတယ်

**ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများကို တရားမဝင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းတို့သည် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြရာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်-**



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ
ဦးစိုးသိန်း



ညွှန်ကြားရေးမှူးချုပ်
ဒေါ်တင်တင်အုန်း

**ဒုတိယဝန်ကြီး**။ ။ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ တရားဝင်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲနဲ့ ငွေကြေးဆိုင်ရာလုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေကြောင့် အများပြည်သူတွေရဲ့ ငွေကြေးတွေ ဆုံးရှုံးနစ်နာတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေ့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအတွက် ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ငွေကြေးအရင်းအနှီးတွေ လိုအပ်နေတဲ့သူတွေရှိပါတယ်။ တချို့ကျတော့ ငွေကြေးပိုင်ဆိုင်မှုရှိပေမယ့် တိုးပွားအောင် မလုပ်တတ်ဘဲ ပိုနေတဲ့သူတွေရှိပါတယ်။ ဒီလိုအပ်နေတဲ့သူနဲ့ ပိုနေတဲ့သူကြားမှာ ပေါင်းကူးချိတ်ဆက်ပေးတာကတော့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဘဏ်တွေလည်းပါဝင်သလို ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေလည်းပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့တွေဆီမှ တရားဝင်ခွင့်ပြုတဲ့ လုပ်ငန်းလိုင်စင်ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိပါတယ်။

ဒီလိုတရားဝင်လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ဆောင်နေသူတွေကို အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ် ဝန်းကျင်ကလည်း ဧရာမြေအကျိုးဆောင်လုပ်ငန်း၊ သစ္စာပန်းခင်း၊ မြန်မာကျန်ယွမ် စတဲ့ အဖွဲ့အစည်းတွေက အတိုးနှုန်းတွေ မက်လုံးပေးပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက် နစ်နာဆုံးရှုံးခဲ့ရသူတွေရှိပါတယ်။ ဒီအပေါ်မှာ အရေးယူဆောင်ရွက်ခဲ့တာလည်းရှိပါတယ်။ ဒါကြောင့် ဒီနေ့မှာ ပြည်သူတွေကို သိရှိစေလိုတဲ့ အချက်အလက်တွေကို အတူတကွ ဆွေးနွေးပေးကြမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနဲ့ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဘဏ်အဖွဲ့အစည်းနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေရဲ့အကြောင်းကို ရှင်းပြပေးပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဥပဒေ သုံးခုရှိပါတယ်။ ပထမဆုံးတစ်ခုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပါ။ ဒီဥပဒေက ဗဟိုဘဏ်နဲ့သာ သက်ဆိုင်တဲ့အတွက် ဒီနေ့ မဆွေးနွေးတော့ပါဘူး။ ကျန်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဖြစ်ပါတယ်။ ဒီဥပဒေနှစ်ခုက ပြည်သူနဲ့ တိုက်ရိုက်ပတ်သက်နေပြီးတော့ ဝန်ဆောင်မှုတွေ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈ မှာ ဘဏ်လုပ်ငန်း ထူထောင်လုပ်ကိုင်မယ်ဆိုရင် ဘယ်လိုအချက်တွေကို ဆောင်ရွက်ရမယ်ဆိုတာကို ဖော်ပြထားပါတယ်။ ဒီလိုအချက်တွေနဲ့ လျှောက်ထားလာရင် ဘဏ်လိုင်စင်ကို ထုတ်ပေးပါတယ်။ ပုဒ်မ ၂၁ မှာ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေအတွက် လုပ်ငန်းဆောင်ရွက်လိုရင် ဆောင်ရွက်ရမယ့်အချက်တွေကို ဖော်ပြထားပါတယ်။ ဒီအချက်တွေနဲ့ကိုက်ညီအောင် လျှောက်ထားရင် လိုင်စင်ထုတ်ပေးပါတယ်။ ဒါကြောင့် လိုင်စင်နှစ်မျိုးထုတ်ပေးနေပါတယ်။

ပုဒ်မ ၂၃ မှာ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေက လုပ်ငန်းဆောင်ရွက်နိုင်တဲ့ လုပ်ငန်း ခုနစ်ခုဖော်ပြထားတယ်။ ဒါပေမယ့် (၆)နဲ့ (၇)မှာ ဖော်ပြထားတဲ့ လုပ်ငန်းတွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် (၁)ကနေ (၅) အထိ ဖော်ပြထားပါတယ်။

ပုဒ်မ ၅၂ မှာကျတော့ ဘဏ်လုပ်ငန်းတွေက ဘာလုပ်ငန်းတွေကို ဆောင်ရွက်ရမယ်ဆိုတာကို အတိအကျပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအရ ပုဒ်မ ၁၆၃ မှာ အပ်ငွေလက်ခံတဲ့ လုပ်ငန်းတွေကို ဗဟိုဘဏ်က ထုတ်ပေးထားတဲ့ လိုင်စင်မရှိဘဲ ဘယ်သူမှ မဆောင်ရွက်ရဘူးဆိုတဲ့ ကန့်သတ်တားမြစ်ချက်ရှိပါတယ်။

တကယ်လို့ လုပ်ဆောင်ခဲ့ရင် ထောင်ဒဏ်နှစ်နှစ်ကနေ ငါးနှစ်အထိ ချမှတ်နိုင်တယ်။ နောက်ပြီး ငွေဒဏ်က သန်းငါးရာအထိချမှတ်နိုင်တယ်။ ဒီပြစ်ဒဏ်နှစ်ခုကို တစ်တွဲတည်းချမှတ်ရမယ်ဆိုတဲ့ ပြစ်ဒဏ်သတ်မှတ်ချက်မျိုးရှိပါတယ်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေမှာ လိုင်စင်နှစ်မျိုး ထုတ်ပေးပါတယ်။ ပထမတစ်ခုက နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ဖြစ်ပါတယ်။ နောက်လိုင်စင်တစ်ခုက ငွေကြေးလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း လိုင်စင်ဖြစ်ပါတယ်။ ဒီလိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် ဥပဒေပုဒ်မ ၄၂ အရ နှစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ချမှတ်နိုင်တယ်ဆိုတဲ့ ပြစ်ဒဏ်မျိုးရှိပါတယ်။ ငွေဒဏ်မှာ ပမာဏကို တရားရုံးရဲ့ သတ်မှတ်ချက်အတိုင်းပေးဆောင်ရမှာဖြစ်ပါတယ်။ တိတိကျကျ သတ်မှတ်ထားတာမျိုးမရှိပါဘူး။ နှစ်မျိုးလုံးလည်း ပြစ်ဒဏ်ချမှတ်နိုင်ပါတယ်။

**ဒုတိယဝန်ကြီး**။ ။ကျေးဇူးတင်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာ ကုမ္ပဏီမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ထားတယ်။ ဒါပေမယ့် ဗဟိုဘဏ်လိုင်စင်၊ SEC လိုင်စင်တွေ ယူထားခြင်းမရှိဘဲ ရှယ်ယာတွေထုတ်ရောင်းတယ်၊ ရှယ်ယာတွေလက်ခံတယ်။ ပြီးတော့ အတိုးနှုန်းတွေကို ဘဏ်ထက် ပိုပြီးဆောင်ရွက်နေတာမျိုးတွေရှိပါတယ်။ အဲဒီလိုကုမ္ပဏီတွေကို တွေ့ရှိရင် ဘယ်လိုအရေးယူဆောင်ရွက်မယ်ဆိုတာ ရှင်းပြပေးပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ဒါနဲ့ပတ်သက်ပြီး ကြားသိနေရပါတယ်။ ထိထိရောက်ရောက် အရေးယူရမယ့် အခြေအနေကိုလည်း ရောက်နေပါပြီ။ အရေးယူရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကြောင့် ပြည်သူတွေကို တိုက်ရိုက်ထိခိုက်နေတာဖြစ်ပါတယ်။ ပညာပေးလုပ်ငန်းနဲ့ ဒီလိုအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့က အရေးပါလာပါတယ်။ များသောအားဖြင့် ပြည်သူတွေက ဥပဒေအရ ခွင့်ပြုထားတဲ့ အချက်တွေကို ရှိုးရှိုးရှင်းရှင်းနားလည်နိုင်အောင် ကျွန်တော်တို့က ဖြန့်ဝေပေးဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ website မှာ လုပ်ငန်းတစ်ခု ခွင့်ပြုပြီးတိုင်း တင်ထားပေးပါတယ်။ အများပြည်သူတွေအနေနဲ့ website က လူတိုင်း လက်လှမ်းမမီနိုင်တဲ့အတွက် အများပြည်သူဖတ်လေ့ရှိတဲ့ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ကြေညာသွားမယ်ဆိုရင် ကာကွယ်တဲ့အပိုင်းရနိုင်ပါတယ်။ ဒါပေမယ့် အလုံးစုံကာကွယ်မှုတော့ မဖြစ်နိုင်ပါဘူး။ လိမ်လည်မှုတွေကတော့ ရှိနေမှာပါပဲ။ ဒါကို ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းကလည်း ရှိပြီးသားပါ။ ဒါပေမယ့် ပိုပြီးကောင်းတဲ့နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်နေပါတယ်။ ဒီအတွက် မကြာခင်မှာ Regulators၊ Law enforcement ပါဝင်တဲ့ Action Task Force ဖွဲ့စည်းပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

တရားမဝင်တဲ့လုပ်ငန်းတွေကို ထိထိရောက်ရောက် အရေးယူမယ်။အခြားတစ်ဖက်ကလည်း ပြည်သူတွေကို အသိပညာပေးရင် အများကြီးကာကွယ်မှုရမယ်လို့ ထင်ပါတယ်။

**ဒုတိယဝန်ကြီး**။ ။ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ ပညာပေးတဲ့နေရာမှာ ဘဏ်အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေကို ပြည်သူတွေ ထိတွေ့မှုရှိပါတယ်။ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ကျတော့ အသိပညာနည်းတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဘဏ်ထက် ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပညာပေးမှုတွေကို ပိုပြီးဆောင်ရွက်စေလိုပါတယ်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းကို မေးမြန်းချင်ပါတယ်။ ဟိုတစ်လောက ရှမ်းပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးမှာ ရှယ်ယာတွေလက်ခံ၊ အတိုးတွေအများကြီးပေးမယ်ဆိုပြီး လိမ်ညာသွားတဲ့အတွက် ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး သတင်းစာမှာ ထုတ်ပြန်ချက်ကိုလည်း ဖတ်ရပါတယ်။ ဒါကြောင့် ဒါမျိုးတွေ ထပ်မဖြစ်ရအောင် လိုအပ်တာတွေကို ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်**။ ။Security Exchange Commission လို့ခေါ်တဲ့ SECM က ငွေချေးသက်သေခံလက်မှတ်အစုရှယ်ယာတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်တယ်။ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုက ငွေချေးသက်သေခံလက်မှတ်တွေကို ထုတ်ရောင်းမယ်ဆိုရင် SECM ကို တင်ရပါတယ်။ ဒါကို စိစစ်တယ်။ စိစစ်ပြီး အတည်ပြုချက်ယူပြီးမှ အစုရှယ်ယာတွေကို ရောင်းချရပါတယ်။ ရောင်းချမယ်ဆိုရင်လည်း အသင်းအဖွဲ့စည်းမျဉ်းတွေကို တင်ပြပြီးတော့ အများသိရှိအောင်ထုတ်ပြန်ရပါတယ်။ SCL ဆိုတဲ့ ကုမ္ပဏီက အများပိုင်ကုမ္ပဏီလည်း မဟုတ်ဘူး၊ ပုဂ္ဂလိကကုမ္ပဏီဖြစ်ပြီးတော့ အစုရှယ်ယာတွေကို ထုတ်ဝေရောင်းချတယ်။ ဒါတင်မဟုတ်ဘဲ အတိုးနှုန်းများများပေးမယ်ဆိုပြီး ရောင်းချတာဖြစ်တဲ့အတွက် SE Law နဲ့ရော၊ ငွေရေးကြေးရေး ဥပဒေနဲ့ရော အရေးယူလို့ရပါတယ်။ SCL ကုမ္ပဏီကကျတော့ နိုင်ငံခြားမှာ လိုင်စင်ရထားတဲ့ ကုမ္ပဏီဖြစ်နေတယ်။ နိုင်ငံခြားက လိုင်စင်ရထားပေမယ့် ဥပဒေအရ SECM ရဲ့ ခွင့်ပြုချက်ရမှသာ ဆောင်ရွက်ခွင့်ရတဲ့အတွက် အများပြည်သူကို ဇွန် ၁ ရက်မှာ သတင်းစာကနေ အသိပေးခဲ့ပါတယ်။ ပြီးတော့ ဇွန် ၂၇ ရက်မှာ SCL ကုမ္ပဏီကို ညွှန်ပြီးတော့ အများသိစေရန်ဆိုပြီး သတင်းစာကနေ ထပ်ပြီးအသိပေးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တိုင်ကြားစာတွေနဲ့ တိုင်ကြားမှုတွေလည်းရှိပါတယ်။ ဆက်လက်အရေးယူဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ပေးပို့ခဲ့ပါတယ်။

**ဒုတိယဝန်ကြီး**။ ။ကျွန်တော်တို့လည်း ကြားသိခဲ့ရပါတယ်။ တချို့ဒေသတွေမှာ ငွေကို ထည့်ရင်းနှီးတယ်။ ငွေနည်းနည်းပါးပါးပြန်ရတယ်၊ ပြီးတော့ ကုမ္ပဏီက ပျောက်သွားတယ်ဆိုပြီး တိုင်ကြားစာတွေအရ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်**။ ။SCL ကုမ္ပဏီနဲ့ ပတ်သက်ပြီး ပြည်ဘက်က တိုင်ကြားမှုတွေရှိပါတယ်။ မွန်ပြည်နယ်ဘက်ကလည်း တစ်ခါဆုံးရှုံးတယ်။ ဒီအပေါ်မှာ ပြန်ရမယ်ဆိုပြီး ဖုန်းနဲ့ပြောတဲ့အတွက် ထပ်ထည့်လိုက်တဲ့အတွက် နှစ်ခါဆုံးရှုံးခဲ့တယ်ဆိုပြီး တိုင်ကြားတာရှိပါတယ်။ ကျွန်မတို့အနေနဲ့ တိုင်ကြားတဲ့အခါ ဆက်လက်အရေးယူဖို့ ဆောင်ရွက်နေပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။

**ဒုတိယဝန်ကြီး**။ ။ဥပဒေနဲ့မညီတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ယုံကြည်ပြီး ရင်းနှီးမြှုပ်နှံမှုမပြုအောင် ဘယ်လိုအချက်အလက်တွေရှိမှ ယုံကြည်သင့်တယ်ဆိုတာ ဆွေးနွေးပေးပါ။

**ညွှန်ကြားရေးမှူးချုပ်**။ ။ပြည်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် တရားဝင်ဖြစ်သလားဆိုတာ သိရှိရမှာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖြစ်သလားဆိုတဲ့ အချက်ကိုလည်း သိရပါမယ်။ ဗဟိုဘဏ်ကရော ခွင့်ပြုထားရဲ့လားဆိုတာတွေ သိရှိရပါမယ်။ ကုမ္ပဏီရဲ့ ရှေ့အလားအလာကိုလည်း ရင်းနှီးမြှုပ်နှံရာမှာ သိရမှာဖြစ်ပါတယ်။ အစုရှယ်ယာတွေ ရောင်းတဲ့အခါ အလားအလာညွှန်းတမ်းကို SECM က ခွင့်ပြုထားသလားဆိုတာကို သိရှိရပ့ါမယ်။ ဒီလိုမျိုးအချက်အလက်တွေ သေချာပြီဆိုမှ ရင်းနှီးမြှုပ်နှံစေချင်ပါတယ်။

**ဒုတိယဝန်ကြီး**။ ။ဒုတိယဥက္ကဋ္ဌကြီးက ငွေကြေးကဏ္ဍမှာ အတွေ့အကြုံအများကြီးရှိပါတယ်။ ဒါကြောင့် အခုဖြစ်ခဲ့တဲ့ အခြေအနေအပေါ်မှာ ဒုတိယဥက္ကဋ္ဌရဲ့ အမြင်နဲ့ သုံးသပ်ပြောကြားပေးပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။လောဘကြီးတဲ့သူတွေ လိမ်လည်ခံရတာ များပါတယ်။ ဒါကြောင့် လိမ်လည်မခံရအောင် သေချာစဉ်းစားသင့်ပါတယ်။ အကျိုးအမြတ်က အများကြီးပေးနေပြီဆိုကတည်းက လက်တွေ့မကျဘူးဆိုတာ သိဖို့လိုအပ်ပါတယ်။

**ဒုတိယဝန်ကြီး**။ ။အခုလို ဆွေးနွေးပေးကြတဲ့အတွက် ဒုတိယဥက္ကဋ္ဌနဲ့ ညွှန်ကြားရေးမှူးချုပ်တို့ကို ကျေးဇူးတင်ရှိပါတယ်။

**သတင်း-ရှင်မင်း၊ မွေးကြူ**
**ဓာတ်ပုံ- အေးသန်း**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အလှူရှင်များ မောင်တောဒေသခံတိုင်းရင်းသားများအား ဆန်အိတ်များနှင့်အလှူငွေများ ထောက်ပံ့ပေးအပ်

**မောင်တော အောက်တိုဘာ ၃**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် စေတနာရှင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာများတွင် နေထိုင်လျက်ရှိသော ဒေသခံများအား ဆန်အိတ်များနှင့် အလှူငွေများကို ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်အဖွဲ့သည် ရွှေရင်အေး၊ ဝေသာလီ၊ ဗောဓိကုန်း၊ ရွှေဗဟိုလ်၊ ကိုင်းကြီး၊ မောရဝတီ ကျေးရွာများရှိ စုရပ်များသို့ သွားရောက်ကာ ကျေးရွာ ၂၇ ရွာအတွက် ဆန်အိတ် ၉၈၈ အိတ်နှင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဝန်ကြီးဌာနသို့ လှူဒါန်းသည့် အလှူငွေများထဲမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရသော်လည်း နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိနေရပ်တွင်နေထိုင်လျက်ရှိသော ဒေသခံများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ကျေးရွာပေါင်း ၂၇ ရွာမှ အိမ်ထောင်စု ၂၃၀၅ စုအတွက် ငွေကျပ် ၂၃၀၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး အုပ်ချုပ်ရေးအဖွဲ့များအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေသခံများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်း၊ ပြည်နယ်ဒုတိယပညာရေးမှူး ဦးမောင်ထွန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**(သန့်ဇင်ဝင်း၊ နိုင်လင်းကြည်)**



# အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူများအတွက် ဆုတောင်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူဘာသာမိသားစုဝင်များအတွက် ဆုတောင်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၂၇)လမ်း၊ (၇၉)×(၈၀)လမ်းကြားရှိ ရှရီသနန္တနဘုရားကျောင်းခန်းမ၌ ကျင်းပသည်။



တက်ရောက်လာကြသူများက ဟိန္ဒူဘာသာရေးအစဉ်အလာအရ ဓမ္မဂါထာတော် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ပန်ဒစ်မိသရေလ်မှ ဟိန္ဒူဘာသာဖြင့်လည်းကောင်း၊ ပရ်ဘူးလ်ရာမာစန္ဒြာဒရ်က မြန်မာဘာသာဖြင့်လည်းကောင်း အသီးသီး ဆုတောင်းမေတ္တာပို့သကာ တက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်စွာ ဆုမွန်ကောင်းတောင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် အထက်မြန်မာပြည် မန္တလေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးNအပါဦး(ခ)ဦးခင်မောင်လွင်က အခမ်းအနားပြုလုပ်ရခြင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချကြောင်း ဟိန္ဒူဘာသာဝင်များ၏ သဘောထားကြေညာချက်ကို ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးခရိုင် ဥက္ကဋ္ဌ ဦးကံ(ခ)ဦးခင်မောင်မြင့်တို့က အမှာစကားအသီးသီး ပြောကြား၍ ဟိန္ဒူဘာသာရေးအဖွဲ့များနှင့် ဟိန္ဒူဘာသာဝင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၆၆၇၄၇၀၀ ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး ဟိန္ဒူလူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားကာ ဦးNအပါဦး(ခ)ဦးခင်မောင်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဧည့်သည်တော်များကို အမှတ်တရလက်ဆောင်များပေးအပ်၍ ဟိန္ဒူဘာသာရေးအစဉ်အလာအရ ဆုတောင်းဂါထာရွတ်ဆိုကာ အခမ်းအနားရုပ်သိမ်းခဲ့ပြီး တက်ရောက်လာကြသူများကို ဟိန္ဒူရိုးရာစားသောက်ဖွယ်ရာများဖြင့် ဧည့်ခံသည်။

ယနေ့လှူဒါန်းရရှိသည့် အလှူငွေများကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းရှိ တိုင်းရင်းသားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၃**

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ဘုရားလေးဆူ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းရှိ ဒိုင်းနက်၊ မြို၊ နှင့် ရခိုင်တိုင်းရင်းသားများအား ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ တိုင်းရင်းသားများအား မိမိတို့ တတ်ကျွမ်းသည့် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုပေးခြင်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ်ကလည်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးကြောင်း၊ ယခု ကယ်ဆယ်ရေးစခန်း၌ အများဆုံးကုသပေးခဲ့ရသော ရောဂါများမှာ သွေးတိုး၊ လေငန်း၊ အစာမကြေ၊ ခေါင်းမူး၊ ခါးနာ၊ ဒူးနာ၊ ရင်ကျပ်၊ အနာပေါက်အဆစ်နာခြင်း၊ ချောင်းဆိုးခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခဲ့ကြောင်း ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးက ပြောသည်။

ယနေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ စစ်တွေမြို့ စက်ရုံစုရပ်ကွက် ဘုရားလေးဆူ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသား ၈၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့သို့ ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၃**

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်က မောင်တောဒေသရှိ တိုင်းရင်းသားများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့ (နာရေးကူညီမှုအသင်း-စစ်တွေ)သို့ ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ရွှေသဇင်ဟိုတယ်ခန်းမ၌ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲ၌ မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ Chief Operating Officer ဦးကျော်ကြားက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့မှ တာဝန်ရှိသူများထံ ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းသည်။

မြန်မာဘရူဝါရီလီမိတက်အနေဖြင့် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းမိသားစုများ ပူးပေါင်း၍ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက်တွင် ပထမအကြိမ်အဖြစ် နေရပ်စွန့်ခွာ တိုင်းရင်းသားများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိသ္သာ ၁၀၀ ကို လှူဒါန်းခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးအဖွဲ့ နာယက ဦးမောင်ထွန်းကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

"နာရေးကူညီမှုအသင်း(စစ်တွေ) တစ်ခုတည်းနဲ့ ပြည်နယ်အတွင်း ဘေးအန္တရာယ်တွေ ကျရောက်တဲ့အချိန် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မနိုင်နင်းတဲ့အတွက် စစ်တွေမြို့က ပြည်သူတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။ ယနေ့အထိ လက်ခံရရှိထားတဲ့ အလှူငွေတွေနဲ့ မောင်တောဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေထဲက စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို အဓိကထား ကူညီပေးသွားမှာပါ"ဟု အသင်းဥက္ကဋ္ဌ ဦးသန်းရွှေက ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်တွင်းရေးရာ

**○ ဘင်္ဂါလီများမှ**

ဆန့်ကျင်ဖြေကြားခဲ့သူများအား သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့်ကျေးရွာများသို့ သွားရောက်ခြိမ်းခြောက်ခြင်း၊ တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား အုပ်စုလိုက်သတ်ဖြတ်ခြင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့စခန်းများ၊ နတလစခန်းများနှင့် တိုင်းရင်းသားကျေးရွာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ခိုက်သည့်ဖြစ်စဉ်များ ရပ်ဆိုင်းသွားပြီးနောက်ပိုင်း ၂၈-၉-၂၀၁၇ ရက်နေ့တွင် အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေ၌ တစ်ဖက်နိုင်ငံသို့သွားရောက်ရန် စုဝေးစောင့်ဆိုင်းနေသည့် ဘင်္ဂါလီ ၁၀၀၀ ခန့်ရောက်ရှိနေကြောင်းသတင်းအရ ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းတို့က တစ်ဖက်နိုင်ငံတွင်ရောက်ရှိနေသော အသိမိတ်ဆွေများက တယ်လီဖုန်းဖြင့်ဆက်သွယ်ကာ ၎င်းတို့ဘက်တွင် စားသောက်နေထိုင်ရေးအဆင်ပြေသဖြင့် လာရောက်ရန်ခေါ်ယူမှုများရှိနေပြီး ၎င်းတို့အနေဖြင့်လည်း လက်ရှိနေရာတွင် လုံခြုံရေးနှင့် စားသောက်ရေးအခက်အခဲများ ကြုံတွေ့နေရခြင်းတို့ကြောင့် သွားရောက်လိုခြင်းဖြစ်ကြောင်း ပြောကြားပါသည်။ မိမိတို့ဘက်မှ လုံခြုံရေးနှင့် စားသောက်ရေးအခက်အခဲများကို ကူညီဖြေရှင်းပေးနေကြောင်း ပြောကြားခဲ့သော်လည်း ၎င်းတို့အား စက်လှေများဖြင့်လာရောက်ခေါ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်၍ မိမိတို့ဆန္ဒအလျောက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ဖြေကြားကြပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာမထိပါးရေး၊ ထိုဒေသတွင် နေထိုင်သူများ၏ လူ့အခွင့်အရေးထိခိုက်နစ်နာမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သည့် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးတို့ကို အမြန်ပြန်လည်ထူထောင်ရေးနှင့် ယင်းဒေသတွင် ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က စီမံချက်ချမှတ်၍ ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုဒေသလုံခြုံရေးအတွက် ရဲစခန်းများ၊ ရဲကင်းများ၊ လုံခြုံရေးစခန်းများကို လိုအပ်သလိုတိုးချဲ့တည်ဆောက်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

နေရပ်စွန့်ခွာထွက်မပြေးဘဲ ငြိမ်းချမ်းစွာကျန်ရှိနေထိုင်သောဘင်္ဂါလီများအား ၎င်းတို့၏စားဝတ်နေရေးအခက်အခဲနှင့် ကျန်းမာရေး၊ လူမှုရေးအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အမြန်ဆုံးစာရင်းကောက်ယူပြုစု၍ ဒေသအုပ်ချုပ်ရေးအစီအစဉ်ဖြင့် ယာယီထောက်ခံချက်များကိုထုတ်ပေးပြီး ဒေသတွင်း လွတ်လပ်စွာ သွားလာရှာဖွေစားသောက်ခွင့်ပြုပေးခြင်းနှင့် ထိုဒေသတွင် နေထိုင်သူများအားလုံးအတွက် လတ်တလောလိုအပ်နေသည့် စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို လိုအပ်သလို ထောက်ပံ့ကူညီပေးခြင်းတို့ ဆောင်ရွက်ပေးသင့်ပါသည်။

နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသည့်ဘင်္ဂါလီများအား ပြန်လည်လက်ခံရာတွင် ရာဇဝတ်မှုကျူးလွန်ခဲ့သူများ၊ ARSA အကြမ်းဖက်သောင်းကျန်းသူများ ပါရှိမလာစေရေး စနစ်တကျစိစစ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေရှည်ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးကို အလေးအနက်ထားဆောင်ရွက်သင့်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟူ၍ ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

## နေရပ်သို့ပြန်လည်ထွက်ခွာသူများအား ငွေကျပ်ငါးသိန်းနှင့် ခရီးစရိတ်များကူညီထောက်ပံ့

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာကာ စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရား ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိခိုလှုံလျက်ရှိသော ပြည်သူများသည် ယခုအခါနယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မိမိသဘောဆန္ဒအလျောက် အောက်တိုဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက နေရပ်အသီးသီးသို့ပြန်လည်ထွက်ခွာသူများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်းစီနှင့် ခရီးစရိတ်ငွေများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်၊ မောင်တောဒေသများမှ ရောက်ရှိခိုလှုံနေသည့် ရခိုင်၊ ဒိုင်းနက်နှင့် မြိုတိုင်းရင်းသား အိမ်ထောင်စု ၃၄ စု(လူဦးရေ ၁၀၁ ဦး) ရှိသည့်အနက် ယခုအခါ အိမ်ထောင်စု ၂၂ စု(လူဦးရေ ၆၉ ဦး) မူလနေရာများသို့ ယနေ့မွန်းလွဲပိုင်းက ထွက်ခွာခဲ့ကြသည်။



အိမ်ထောင်စုအလိုက် ထောက်ပံ့ငွေကျပ်ငါးသိန်းအပြင် ဘူးသီးတောင်မြို့နယ်မှ ဒေသခံများအား တစ်ဦးလျှင် ခရီးစရိတ် ကျပ်တစ်သောင်းစီနှင့် မောင်တောမြို့နယ်မှ ဒေသခံတစ်ဦးလျှင် ကျပ်တစ်သောင်းငါးထောင်နှုန်း၊ အသုံးအဆောင်ပစ္စည်းနှင့် အဝတ်အထည်များကို ပုဏ္ဏားကျွန်းမြို့နယ် လူမှုကူညီ ထောက်ပံ့ရေးအဖွဲ့က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နယ်မြေအေးချမ်းနေပြီသတင်းကြားလို့ ပြန်ရတာပါ။ အခုလို ကူညီထောက်ပံ့ပေးခဲ့တဲ့ အလှူရှင်တွေ၊ စေတနာရှင်တွေနဲ့ မြို့နယ် လူမှုကူညီထောက်ပံ့ရေးအဖွဲ့တွေကို ကျွန်တော်တို့ဒုက္ခသည်တွေကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်" ဟု ဘူးသီးတောင်မြို့နယ်မှ မြိုတိုင်းရင်းသား အမျိုးသားတစ်ဦးက ပြောသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

■



## ယခုလအတွင်း သင်တန်းပေးမည့် မူလတန်းဆရာဖြစ်သင်တန်းများမှ ဆရာ ဆရာမ ၁၀၀ ကျော်အား မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခန့်ထားပေးမည်

**မောင်တော အောက်တိုဘာ ၃**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးအတွက် မူလတန်းဆရာဖြစ်သင်တန်းများကို မြောက်ဦးမြို့၌ အောက်တိုဘာ ၄ ရက်နှင့် ကျောက်ဖြူမြို့၌ အောက်တိုဘာ ၉ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ယင်းသင်တန်းများမှ ဆရာ ဆရာမ ၁၀၀ ကျော်ကို မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခန့်ထားပေးသွားမည်ဖြစ်ကြောင်း မောင်တောခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

"အခု အောက်တိုဘာ ၄ ရက်နဲ့ အောက်တိုဘာ ၉ ရက်တို့ကစပြီး မြောက်ဦးနဲ့ကျောက်ဖြူမှာ မူလတန်းဆရာဖြစ်သင်တန်းတွေပေးသွားမှာဖြစ်ပါတယ်။ အဲဒီသင်တန်းကနေ မောင်တောအတွက် ၅၇ ဦးနဲ့ ဘူးသီးတောင်အတွက် ၄၄ ဦး စုစုပေါင်း ဆရာ ဆရာမ ၁၀၀ ကျော်ခန့်ထားပေးသွားမှာဖြစ်ပါတယ်။ တချို့ရွာတွေမှာဆိုရင်လည်း အကူအဖြစ်နဲ့ ရွာကခန့်တဲ့ဆရာတွေကို ခန့်အပ်ပေးထားဖို့ အစီအစဉ်တွေရှိပါတယ်။ ဒီနှစ်မှာလည်း အလယ်တန်းပြဆရာမတွေကို အစားထိုးလဲလှယ်ခန့်အပ်ပေးဖို့ စီစဉ်နေတုန်းမှာပဲ အခုလိုအကြမ်းဖက်မှုဖြစ်စဉ် ပေါ်ပေါက်လာတာပါ" ဟု မောင်တောခရိုင်ပညာရေးမှူးက ပြောသည်။

မောင်တောမြို့နယ်တွင် အထက်တန်းကျောင်း ၁၆ ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် ၁၀ ကျောင်းရှိပြီး မောင်တောခရိုင်အတွင်း အခြေခံပညာကျောင်းပေါင်း ၄၀၄ ကျောင်းရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြားမြို့နယ်မှ မောင်တောဒေသတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်တန်းပြဆရာမများကို သက်ဆိုင်ရာမြို့နယ်များသို့ ပြန်လည်စေလွှတ်ကာ မောင်တောခရိုင်အတွင်းရှိ ဆရာများနှင့် ပြန်လည်အစားထိုးခန့်အပ်ခဲ့မှုသည် ၅၄၁ ဦးအထိရှိခဲ့ကြောင်း သိရသည်။

"ဆရာတွေခန့်ထားမှုအနေနဲ့ကတော့ စီ၊ ဒီ၊ အီး အဆင့်မှာရှိတဲ့ကျောင်းတွေကိုသာ ဆရာတွေခန့်ထားတာပါ။ အေ အဆင့်ဆိုတာက မြို့ပေါ်ကကျောင်း၊ ဘီ အဆင့်ဆိုတာက ဒီနေ့သွား ဒီနေ့ပြန်လာလို့ရတဲ့ကျောင်း၊ စီဆိုတာကတော့ တစ်ပတ်မှတစ်ခါ ပြန်နိုင်တာမျိုး၊ ဒီ ဆိုတာကတော့ ညအိပ်ညနေနေပြီးတော့ တစ်လပြည့်မှ ပြန်လာလို့ ရတဲ့ကျောင်းမျိုးဖြစ်ပြီး အီးအဆင့်ကတော့ စုရပ်မှာပဲသွားပြီး သင်ကြားရတဲ့ကျောင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်"ဟု မောင်တောခရိုင်ပညာရေးမှူးက ရှင်းပြသည်။

"ARSA အစွန်းရောက်အကြမ်းဖက်တွေရဲ့ တိုက်ခိုက်မှုကြောင့် ဩဂုတ် ၂၅ ရက်က မောင်တောက ၁၈၂ ကျောင်း၊ ဘူးသီးတောင်က ၂၂၁ ကျောင်းပိတ်ထားခဲ့ရပါတယ်။ စက်တင်ဘာ ၁၂ ရက်ကစပြီး ကျောင်းတွေပြန်ဖွင့်တဲ့အခါ မောင်တောက ၁၇ ကျောင်း၊ နံ့သာတောင်ပရဟိတကျောင်းနဲ့ဆိုရင် ၁၈ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဘူးသီးတောင်ကတော့ ကျောင်း ၂၀ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ကျောင်းများကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး သုံးမျိုးသုံးစားဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိမောင်တောတွင် ပထမဦးစားပေးအနေဖြင့် ၃၄ ကျောင်း၊ ဘူးသီးတောင်တွင် ကျောင်း ၂၀ သတ်မှတ်ထားကြောင်း၊ ပထမဦးစားပေးမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒုတိယဦးစားပေးမှာ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီဖြစ်ပြီး တတိယဦးစားပေးမှာ နောက်ဆုံးအခြေအနေတွင် ဖွင့်လှစ်နိုင်မည့်ကျောင်းစသည်ဖြင့် ခွဲခြားထားကြောင်းလည်း သိရသည်။

**သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-သန့်ဇင်ဝင်း**

## နိုင်ငံခြားသားတစ်ဦးလွှတ်တင်သည့် ဒရုန်းအား ရွှေတိဂုံစေတီတော်လုံခြုံရေးအဖွဲ့က ပစ်ချသိမ်းဆည်း

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် လာရောက်နေသည့် လက်ဘနွန်နိုင်ငံသား Yeghig Janboulian (၂၂) နှစ်သည် အောက်တိုဘာ ၁ ရက် ည ၉ နာရီခွဲက ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ကားကြီးဝင်းအတွင်းမှ ဒရုန်းယာဉ်လွှတ်တင်ရာ အင်္ဂါထောင့်တွင် ပျံဝဲနေသည့်ဒရုန်းကို စေတီတော်လုံခြုံရေးအဖွဲ့က တွေ့ရှိသဖြင့် Anti Drone ဖြင့် ပစ်ချသိမ်းဆည်းခဲ့ပြီး ဒရုန်းယာဉ်လွှတ်တင်သူ လက်ဘနွန်နိုင်ငံသားအား ရွှေတိဂုံစေတီတော်ပရိဝုဏ်သည် ဒရုန်းယာဉ်မလွှတ်ရနယ်မြေဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကာ ဒရုန်းယာဉ်အား စေတီတော်ဂေါပက ဦးဝင်းနိုင်ထံ အပ်နှံထားကြောင်း သိရသည်။

**(သတင်းစဉ်)**

**☆ အင်းယားကန်မှ**

မီးမျှောပွဲကျင်းပဖြစ်ပုံနှင့်ပတ်သက်၍ "သီတင်းကျွတ်ဆိုတာက မြန်မာလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ပွဲဖြစ်သလို လူမျိုးတိုင်း၊ ဘာသာတိုင်း ပါဝင်ဆင်နွှဲကြတဲ့ပွဲလည်းဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း လာရောက်လည်ပတ်သူတွေကို ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲစေချင်တယ်။ မြန်မာ့ရိုးရာအငွေ့အသက်လည်းမပျောက်အောင် ရန်ကုန်မြို့မှာ ပျောက်ကွယ်နေတာကြာပြီဖြစ်တဲ့ ဒီလိုမီးမျှောပွဲလေးကို ပြန်လည်အသက်သွင်းရင်းနဲ့ အခုလိုကျင်းပဖြစ်တာပါ"ဟု Huawei မှ Marketing Director မခင်ရတနာဝင်းက ပြောသည်။

ယခုမီးမျှောပွဲမှာ အင်းယားကန်တွင် ပထမဆုံးအနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး သီတင်းကျွတ်အထိမ်းအမှတ် မြန်မာ့ရိုးရာမီးမျှောပွဲများကို မျှော်လင့်နေသူတစ်ဦးဖြစ်သည့် လှိုင်မြို့နယ်နေ ဦးထွန်းထွန်းက "ဒီလိုမီးမျှောပွဲမျိုးတွေကို ရန်ကုန်မှာ မတွေ့ရတာအတော်ကြာပြီ။ ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ လုပ်ဖြစ်တာမျိုးကြုံဖူးတယ်။ အခု ကျွန်တော်တို့ ကလေးတွေလက်ထက်မှာတော့ သူတို့ ပထမဆုံးမီးမျှောပွဲကို လက်တွေ့မြင်ဖူးကြတာပဲ"ဟု ပြောသည်။

**(သတင်း-ဇာဏီ၊ ဓာတ်ပုံ-ဒီဒီ)**

**❖ ကြိုးကြာခေါင်းနီငှက်သိုက်မှ**

"ဒီနှစ်မှာ ဒီလိုအသိုက်တွေအများကြီးတွေ့တာက ဒေသခံတွေ ပါဝင်ပူးပေါင်းလာလို့ တွေ့တာပါ။ ဒေသခံတွေက ဒီလိုပူးပေါင်းဆောင်ရွက်မှု မရှိဘူးဆိုရင် ဒီလောက်လည်း အောင်မြင်မှာမဟုတ်ပါဘူး။ အောင်မြင်မှုက မနှစ်ကတွေ့တဲ့အသိုက်နဲ့ ဒီနှစ်တွေ့တဲ့အသိုက်စာရင်းက အများကြီးကွာတယ်။ ရာနှုန်းပြည့်အောင်မြင်တယ်လို့ ပြောလို့ရပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်လည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၁၆ ခုနှစ်က အသိုက် ၃၇ ခုကို သုတေသနပြုနိုင်ခဲ့ပြီး ယင်းဒေသတွင် အကောင်ရေ ၂၀၀ မှ ၄၀၀ ကြား ကျန်ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာတစ်နိုင်ငံလုံးတွင် အကောင်ရေ ၅၀၀ ခန့် ကျန်ရှိနိုင်သေးကြောင်း ကြိုးကြာငှက်ထိန်းသိမ်းရေးသမားများက ယူဆထားသည်။ အဆိုပါမြို့နယ်လေးခုရှိ ကျေးရွာ ၇၀ကျော်တွင် ဇူလိုင်နှင့် ဩဂုတ်လကလည်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဟောပြောပွဲများကို ပြုလုပ်ခဲ့သည်။

ကြိုးကြာငှက်များသည် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**(ညီတူး)**

■

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သက်ဝင်လှုပ်ရှားဂုဏ်ပြုစကားသံများ

**သမြေထွန်း**

***အောက်တိုဘာ ၅ ရက်သည် ကမ္ဘာ့ဆရာများနေ့ဖြစ်ပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူနီဆက်ဖ်၊ ယူအန်ဒီပီနှင့် အပြည်ပြည်ဆိုင်ရာ ပညာရေးအဖွဲ့ကြီးငါးဖွဲ့မှ အကြီးအကဲများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စုပေါင်းသဝဏ်လွှာကို ပေးပို့သဖြင့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဖတ်ကြားဖော်ပြလျက်ရှိသည်။ အလားတူ ကမ္ဘာ့ဆရာများနေ့တွင် အာစရိယပူဇော်ပွဲများ၊ ဆုပေးပွဲများ၊ ဟောပြောပွဲများ စသည့်ဆက်စပ်အစီအစဉ်များလည်း အထိမ်းအမှတ်အခမ်းအနားနှင့် ပူးတွဲကျင်းပလျက်ရှိသည်။***

"ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အထက(၁) အောင်မြေခန်းမမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဲဒီအခမ်းအနားမှာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနဲ့ ကဗျာ(ထက်၊လယ်)အဆင့် ဆုရသူ ၁၂ ဦးကို ဆုချီးမြှင့်ပေးမှာပါ။ ပြီးတော့ ငါးနှစ်နှင့်အထက် ပျက်ကွက်မှုမရှိတဲ့ ဆရာ ဆရာမ ခြောက်ဦးကိုလည်း ဂုဏ်ပြုဆုချီးမြှင့်ပြီး အသက် (၇၀) နှင့်အထက် ဆရာ ဆရာမ ၁၅၀ ကို ကန်တော့ကြမှာပါ"ဟု ဖျာပုံမြို့နယ် ဒုတိယမြို့နယ် ပညာရေးမှူး ဦးဝင်းမြင့်က ပြောသည်။

"အလက(ခွဲ)မော်ဘီကျေးရွာမှာ သင်ကြားပေးခဲ့တဲ့ အငြိမ်းစား ဆရာ ဆရာမ ကိုးဦးကို ကန်တော့ပြီး တပည့်ဖြစ်သူတွေကလည်း ဩဝါဒခံယူကြမှာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် အလက(ခွဲ)မော်ဘီရွာမှ ကျောင်းအုပ်ဆရာ ဦးသန်းဝင်းက ပြောသည်။

"ဘယ်အခြေအနေ၊ ဘယ်နည်းနဲ့ပဲ ဆရာတစ်ယောက်ဖြစ်လာခဲ့ပါစေ၊ ဆရာဖြစ်လာပြီဆိုရင် အရင်ဆုံးဆရာစိတ်ထားဖို့ လိုအပ်ပါတယ်။ ဆရာဆိုတာ တပည့်တွေအပေါ်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာကို ခါးဝတ်ပုဆိုးလို မြဲမြံပြီး ပညာတတ်မြောက်အောင်



ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်



ဆရာဦးမြင့်လွင်(မူအုပ်-ငြိမ်း)



ဆရာမ ထရေစီ

သင်ကြားပေးကြရမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ခံယူပြီး သင်ကြားပေးခဲ့ပါတယ်။ အမှား အမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား ကျင့်သုံးနိုင်တဲ့ လောကီ လောကုတ္တရာပညာတွေ၊ ဝိဇ္ဇာ၊ သိပ္ပံပညာတွေ တတ်မြောက်ဖို့ နည်းပေးလမ်းညွှန် ဆရာမွန်တွေဖြစ်စေချင်ပါတယ်။ ဒါမှသာ တပည့်ကောင်းတွေရဲ့ဆရာတွေဖြစ်ပြီး ဆရာကောင်းတွေရဲ့ တပည့်တွေလည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ဖို့နဲ့ ငြိမ်းချမ်းသာယာဖို့ဆိုရင် ပညာသည်အဓိကဖြစ်တဲ့အတွက် ပညာသင်ကြားပေးတဲ့ ဆရာတွေဟာလည်း ဆရာ့ဘဝ၊ ဆရာ့သိက္ခာနဲ့အညီ ဆရာ့ကျင့်ဝတ်တွေ၊ ဆရာ့တာဝန်တွေကျေကြပါစေ။ ပန်းမြိုင်လယ်က ဥယျာဉ်မှူးကောင်းတွေဖြစ်ကြပါစေလို့ ဆန္ဒပြုပြောကြားချင်ပါတယ်"ဟု ညောင်တုန်းမြို့နယ် မြမ္မာပြာသာကျေးရွာ အုပ်စု ထိပ်ဝလေးကျေးရွာမှ ဆရာဦးမြင့်လွင် (မူအုပ်- ငြိမ်း)က ပြောသည်။

"ကျွန်မအနေနဲ့ ဆရာဆိုတာ လူသားအရင်းအမြစ်ကို စတင်ဖွံ့ဖြိုးစေကာ ဆက်လက်တိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံသားကောင်းဖြစ်အောင် ပံ့ပိုးမြှင့်တင်ပေးနိုင်သူတွေလို့ မြင်ပါတယ်။ ကမ္ဘာအနှံ့အပြားမှာ ဆရာ ဆရာမတွေအဖြစ် ရပ်တည်နေကြသူတွေအားလုံးကို ဆရာ့ဘဝ၊ ဆရာ့သိက္ခာ၊ ဆရာ့တာဝန်တွေ ကျေပွန်သူတွေဖြစ်ကြပါစေလို့ ဆန္ဒပြုပြောကြားချင်ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မတတ်ထားတဲ့ ပညာအရင်းအနှီးနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အထက်တန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အလယ်တန်း၊ အထက်တန်းနဲ့ အခု ၂၀၁၇ ခုနှစ်ကစပြီး KG အပါအဝင် မူ/လယ်/ထက် အထိသင်ကြားနိုင်တဲ့ TTA ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်ပြီး သင်ကြားပေးခဲ့တာ အခုဆိုရင် ပညာသင်နှစ် လေးနှစ်တိုင်ခဲ့ပါပြီ။

သင်ကြားမှု သင်ယူမှု ဖြစ်စဉ်အောင်မြင်ဖို့ဆိုရင် ဆရာ့အရည်အသွေး ပြည့်ဝဖို့အရေးကြီးပါတယ်။ ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်အောင် သင်ကြားမှု၊ သင်ယူမှုနည်းပညာတွေနဲ့ ဆရာ ဆရာမများ အဆက်မပြတ်ထိတွေ့နေစေဖို့ လေ့ကျင့်ရေးမှူးတွေကို နှစ်စဉ်ဖိတ်ခေါ်ကာ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ သင်တန်းပေးပြီး ဆရာတွေရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါတယ်။ ကျောင်းပညာရေးမှာသာမက ဘဝအတွက် လိုအပ်တဲ့ အသိဉာဏ်ပညာကောင်းတွေနဲ့ ကိုယ့်လမ်းကို ကိုယ်တိုင်ဖောက်နိုင်တဲ့ အရည်အသွေးတွေ ရှိလာအောင် စွမ်းဆောင်ပေးနိုင်ရမှာ ဆရာတွေရဲ့ တာဝန်ဖြစ်တယ်လို့ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုစကား လက်ဆောင်အဖြစ် ပြောကြားချင်ပါတယ်"ဟု ဖျာပုံမြို့ TTA ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားသူ ဆရာမ ထရေစီက ပြောသည်။ ။

## South East Asia Prix Jeunesse Video Festival (SEAPJ) အတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၃**

အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ဗီဒီယိုပြိုင်ပွဲအစီအစဉ်တစ်ခုဖြစ်သည့် South East Asia Prix Jeunesse Video Festival (SEAPJ) အား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာလအတွင်း ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ အပျော်တမ်းအဆင့် (အသက် ၁၈ နှစ်အထက်)၊ ကလေးသူငယ်အဆင့် (အသက် ၁၈ နှစ်အောက်) အဆင့်သုံးဆင့် ခွဲခြားထားပြီး ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး သတ်မှတ်ထားကာ SEAPJ ပြိုင်ပွဲကို Pride in self၊ Pride in Family၊ Pride in Traditions ခေါင်းစဉ်များနှင့်အညီ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် ပညာရှင်အဆင့်ပြိုင်ပွဲဝင်သူများသည် ရုပ်သံလိုင်းတစ်ခုခုတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပြသထားပြီးဖြစ်သည့် မိနစ် ၃၀ ထက် မပိုသော ကလေးသူငယ်ဆိုင်ရာ Video Clips များကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရပါက ၁၅ မိနစ်စာ ပြန်လည်တည်းဖြတ်တင်ပြရမည် ဖြစ်သည်။

အပျော်တမ်းအဆင့် ပြိုင်ပွဲဝင်များသည် အသက် (၁၈) နှစ် အထက်ရှိရမည်ဖြစ်ပြီး ရုပ်/သံလွှင့်လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပေ။ ထို့ပြင် ပြည်တွင်း (သို့မဟုတ်) နိုင်ငံတကာ ဗီဒီယိုပြိုင်ပွဲများတွင် အသိအမှတ်ပြု ဆုရရှိဖူးသည့် Video Clip များ ထပ်မံယှဉ်ပြိုင်ခွင့်မရှိဘဲ ၁၅ မိနစ် ထက်မပိုသည့် ကလေးသူငယ်ဆိုင်ရာ Video Clip များဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ကလေးသူငယ်အဆင့် ပြိုင်ပွဲကို အသက် (၈) နှစ်မှ (၁၇) နှစ် အတွင်းရှိသူ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ကြာမြင့်ချိန် ငါးမိနစ်ထက်မပိုသည့် ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ်၊ Video Clip များအား ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ရိုက်ကူးထုတ်လုပ်မှု ၇၅ ရာခိုင်နှုန်းကို ပြိုင်ပွဲဝင်သူ ကိုယ်တိုင်ပြုလုပ်ရမည် ဖြစ်ပြီး Post Production အပိုင်းတွင် ပညာရှင်များနှင့် ကျွမ်းကျင်သူများ၏ အကူအညီ တောင်းခံနိုင်ကြောင်း၊ နောက်ဆုံးအဆင့်ထိ ရွေးချယ်ခံရပါက အစီအစဉ် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ဗီဒီယိုများသည် Resolution မြင့်မားရန်လိုအပ်ပြီး Video Format အနေဖြင့် mp4, avi or mpeg တို့ဖြင့် ပေးပို့နိုင်ကြောင်း၊ Documentary, Animation, Comedy, Drama, Biographies, Shorts, MTVs စသည့် အမျိုးအစားများဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း၊ မိမိနိုင်ငံမှ ကလေးသူငယ်များ၏ အပြုအမူ/လှုပ်ရှားမှုအားလုံးကို ဖော်ပြနိုင်ကြောင်း၊ မိမိနိုင်ငံ၏ အထင်ကရနေရာများ၊ ဘာသာရေးပွဲတော်များကိုလည်း ထည့်သွင်းဖော်ပြနိုင်ကြောင်း၊ ပြိုင်ပွဲဝင်သူအားလုံးသည် Cell Phone, Digital Camera, Mobiles, Phones, Tablets, Video Cameras, Sport Cameras စသည်ဖြင့် Professional မဟုတ်သည့် ပစ္စည်းများနှင့်လည်း ရိုက်ကူးထုတ်လုပ်နိုင်ပြီး လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပါဝင်သည့် အချက်အလက်များအား ချိုးဖောက်ပါက ပြိုင်ပွဲဝင်အဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်သူအားလုံးသည် မိမိသက်ဆိုင်ရာဘာသာစကားဖြင့် ရိုက်ကူးနိုင်သော်လည်း ပမာဏရွေးချယ်ခံရပါက အင်္ဂလိပ်စာတန်းထိုးပြုလုပ်ပေးရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ပြည်လမ်း) ရန်ကုန်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော် တပ်ကုန်း) နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ၏ အီးမေးလ် seapjmyanmar@gmail.com သို့ ဆက်သွယ်ရယူနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်နှင့် နေပြည်တော် တပ်ကုန်းရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်း ဖုန်း ၀၆၇-၇၉၃၇၄ နှင့် အီးမေးလ် seapjmyanmar@gmail.com မှတစ်ဆင့်ဖြစ်စေ ပြန်လည် ပေးပို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www.seaprixjeunesse.com နှင့် www.facebook.com/Seapj myanmar တွင် ဝင်ရောက်လေ့လာနိုင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်း ဖုန်း ၀၆၇-၇၉၃၇၄ နှင့် အီးမေးလ် seapjmyanmar@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၄ | ဝတ္ထုတို (၅) ပုဒ် | သိန်းဖေမြင့် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | ဝတ္ထုတို (၅) ပုဒ် | မနှင်းဖွေး | ၈၀၀ | စိတ်ကူးချိုချို |
| ၃၆ | ဝတ္ထုတို (၅) ပုဒ် | ကျော်အောင် | ၉၀၀ | စိတ်ကူးချိုချို |
| ၃၇ | ဝတ္ထုတို (၅) ပုဒ် | မင်းကျော် | ၈၀၀ | စိတ်ကူးချိုချို |
| ၃၈ | ဝတ္ထုတို (၅) ပုဒ် | ညိုထွန်းလူ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၃၉ | ပိရမစ်များ (စာစဉ် ၈၉) | Key collection | ၁၅၀၀ | Key collection |
| ၄၀ | တာ့ဂျ် မဟာလ် (စာစဉ် ၉၀) | Key collection | ၁၅၀၀ | Key collection |
| ၄၁ | သုံးကြောင်းကဗျာ ၁၀၀ | နေသူရိန်ဟန် | ၂၀၀၀ | နှစ်ကာလများ |
| ၄၂ | လက်ဆောင် | မိုးရှင်း (Jmt) | ၂၀၀၀ | Myanmar Heritage |
| ၄၃ | အာဏာနှင့် မာယာ | ရီနေဆန်း | ၁၈၀၀၀ | ငါတို့စာပေ |
| ၄၄ | ဝတ္ထုတို (၅) ပုဒ် | ဂျူဇော် | ၇၀၀ | စိတ်ကူးချိုချို |
| ၄၅ | ဝတ္ထုတို (၅) ပုဒ် | ဒဂုန်တာရာ | ၈၀၀ | စိတ်ကူးချိုချို |
| ၄၆ | ဝတ္ထုတို (၅) ပုဒ် | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၈၀၀ | စိတ်ကူးချိုချို |
| ၄၇ | ဝတ္ထုတို (၅) ပုဒ် | နေဝင်းမြင့် | ၉၀၀ | စိတ်ကူးချိုချို |
| ၄၈ | ဝတ္ထုတို (၅) ပုဒ် | အောင်လင်း | ၉၀၀ | စိတ်ကူးချိုချို |
| ၄၉ | ကဗျာများ | ဟိန်းမြတ်ဇော် | ၄၀၀၀ | နှစ်ကာလများ |
| ၅၀ | ဥပဒေအဘိဓာန် | U Kyaw Zeya | ၃၅၀၀ | မယ်နှင့်မောင်စာပေ |
| ၅၁ | လီကွမ်းယု(သို့မဟုတ်)တံငါကျွန်းမှ ကမ္ဘာ့ခေါင်းဆောင် | ရဲနောင်ထွန်း | ၂၀၀၀ | ပန်းဆက်လမ်း |
| ၅၂ | ရေဆူလို့ပွက်ကရောနှင့် အခြားဝတ္ထုတိုများ | မောင်သိက္ခာ | ၃၅၀၀ | ရန်အောင် (၂) |
| ၅၃ | တို့ကမ္ဘာကြီး လှပါစေ | ကိုရင်လှ | ၅၀၀၀ | ရွှေကလောင်စာပေ |
| ၅၄ | လိင်သဘာဝနှင့် ကျူးလွန်ချိုးဖောက်ခြင်း | မင်းခက်ရဲ | ၃၀၀၀ | MKS |
| ၅၅ | လိုအပ်နေသော ရေဥပဒေ | ဒေါက်တာခင်မောင်လွင် | ၃၅၀၀ | Smart |
| ၅၆ | လူ့အခွင့်အရေး အခြေခံကျမ်း | ကလောင်စုံ | ၁၂၀၀၀ | MKS |
| ၅၇ | မာယာအတွေးရသဒဿနစာစု | ဦးဘုန်း(ဓာတု) | ၂၅၀၀ | လင်းလွန်းခင် |
| ၅၈ | ဆရာကြီးဦးသံဗျင် ဂုဏ်ပြုအမှတ်တရ စာစုများ | ကလောင်စုံ | ၂၅၀၀ | ရွက်စိမ်းစာပေ |
| ၅၉ | ဒေါက်တာရေချမ်း | ဗန်မော်တင်အောင် | ၄၀၀၀ | နေရီရီ |
| ၆၀ | ပြိတ္တာဘုံရောက် မောင်ကံကောင်း | မောင်ဆန္ဒ(လယ်ဝေး) | ၁၅၀၀ | ရွှေပဒေသာ |
| ၆၁ | စုတ်ချက်မညီသောပန်းချီကား | မိုးစက်ပွင့် | ၁၇၀၀ | ရွှေပဒေသာ |
| ၆၂ | ကြယ်တွေရေတွက်ပြစေချင် | မမသဒ္ဒါမောင် | ၂၀၀၀ | ရွှေပဒေသာ |
| ၆၃ | ပြည်တော်ပြန်ချစ်သူ ရွှေကြေးမုံ | လှိုင်းကြာဖြူ(လာရှိုး) | ၁၇၀၀ | ရွှေပဒေသာ |
| ၆၄ | အိမ်တွင်းသာသနာပြုကြစို့ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံအောင်) | ၈၀၀ | ရန်အောင်စာပေ |
| ၆၅ | ရခိုင်အရေး သွေးမအေးနဲ့ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံအောင်) | ၁၂၀၀ | ရန်အောင်စာပေ |
| ၆၆ | မြန်မာပြည်အနောက်တံခါးက တစ္ဆေခြောက်သံ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံအောင်) | ၁၂၀၀ | ရန်အောင်စာပေ |

# ကိုယ်လက်လှုပ်ရှားနည်းပါးမှုကြောင့် မကူးစက်တတ်သောရောဂါဖြင့် နှစ်စဉ် လူ ၃ ဒသမ ၃ သန်းနီးပါး သေဆုံးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာစေရမည် ဟူသောဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Hotel Royal ACE ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာပေါ်တွင် လူသားများအား ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သောရောဂါများဟူ၍ အုပ်စုကြီး နှစ်ခုရှိပါကြောင်း၊ ကူးစက်တတ်သောရောဂါများနှင့် ပတ်သက်၍ ပိုမိုအစွမ်းထက်သည့် ရောဂါရှာဖွေနည်း၊ ကုသနည်းနှင့် ကာကွယ်နည်းများကို တွေ့ရှိလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် ရောဂါဖြစ်ပွားမှု လျော့နည်းလာသော်လည်း မကူးစက်တတ်သော ရောဂါအုပ်စုများမှာ ပိုမိုဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သုတေသနများ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ခန္ဓာလှုပ်ရှားမှု နည်းပါးလာခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်းတို့ကြောင့် သွေးတိုးခြင်း၊ သွေးတွင်းအဆီဓာတ် ပါဝင်မှုများပြားခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါများဖြစ်ပွားမှု ပိုမိုများပြားလာပြီး အသက်အန္တရာယ် ဆုံးရှုံးလာကြသည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ မှတ်တမ်းအရ မကူးစက်တတ်သော ရောဂါဖြစ်ပွားမှုများပြားသောကြောင့် နှစ်စဉ်သေဆုံးသူ ၅၇ သန်းအနက် သန်း ၄၀ မှာ မကူးစက်တတ်သော ရောဂါကြောင့် သေဆုံးမှုဖြစ်ကြောင်းနှင့် ၇၇ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှု အားနည်းသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖြစ်ပွားခြင်းဖြစ်သည်။ သေဆုံးသူ သန်း ၄၀ အနက် ၄၂ ရာခိုင်နှုန်းမှာ အသက်(၇၀)မပြည့်ခင် သေဆုံးကြသည်။

မြန်မာနိုင်ငံ၌ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၆၀ ရာခိုင်နှုန်းရှိပြီး ၂၉ ရာခိုင်နှုန်းသည် နှလုံး၊ လေဖြတ်ရောဂါ၊ ၁၁ ရာခိုင်နှုန်းသည် ကင်ဆာရောဂါ၊ ကိုးရာခိုင်နှုန်းသည် အဆုတ်ရောဂါ၊ သုံးရာခိုင်နှုန်းသည် သွေးချို၊ ဆီးချိုရောဂါ၊ ၁၁ ရာခိုင်နှုန်းသည် အခြားမကူးစက်တတ်သော ရောဂါများဖြင့် သေဆုံးနေကြသည်။ မကူးစက်တတ်သော ရောဂါဖြစ်စေသည့် အဓိကအကြောင်းအရင်းမှာ ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာများ စားသုံးခြင်း၊ (အဆီ၊ အချို၊ အငန်) စားသုံးမှုများ၍ ဟင်းသီးဟင်းရွက်စားသုံးမှု နည်းပါးခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု များပြားခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းသည် ခေတ်မီတိုးတက်သော သိပ္ပံပညာများ တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာခြင်းတို့ကြောင့် မကူးစက်တတ်သော ရောဂါမှာ ကပ်ရောဂါအသွင်ဆောင်လာနေပြီ ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားနည်းပါးမှုကြောင့် မကူးစက်တတ်သောရောဂါဖြင့် နှစ်စဉ် ၃ ဒသမ ၃ သန်းခန့် သေဆုံးလျက်ရှိပြီး စတုတ္ထမြောက်သေဆုံးရသည့် အကြောင်းအရာလည်းဖြစ်သည်။ သို့သော် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းကြောင့် ပုံမှန်သေဆုံးနှုန်း ၄၀ ရာခိုင်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းများတွင် Grade 1မှ Grade 12 အထိ ပြဋ္ဌာန်းစာအုပ်များ၌ ကိုယ်လက်လှုပ်ရှား၊ ကာယပညာရေးကို ပိုမိုတွန်းအားပေးဆောင်ရွက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံတော်တော်များများက ကိုယ်လက်လှုပ်ရှားမှုသည် ဆေးဝါးပင်ဖြစ်သည်ဟူသော အစီအစဉ်ဖြင့် အမျိုးသားရေးအစီအစဉ်အဖြစ် ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

ဆက်လက်၍ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ပါမောက္ခခင်မေအုန်းနှင့် ပါမောက္ခ ဇော်ဝေစိုးတို့က ဦးဆောင်ပြီး တာဝန်ရှိသူများက သီးသန့်ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

■

# ရန်ကင်းမြို့နယ်ရှိ Golden City အဆင့်မြင့်ကွန်ဒို တိုက်ခန်းများအား ၁၅ နှစ် အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ပြီ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီးပေါ်၌ စင်ကာပူနည်းပညာဖြင့် တည်ဆောက်နေသော Golden City အဆင့်မြင့်ကွန်ဒိုတိုက်ခန်း စီမံကိန်းသည် ယခုအခါတွင် အပိုင်းလိုက်ပြီးစီးလာပြီဖြစ်ရာ ပြည်သူများအတွက် ရိုးမဘဏ်နှင့်ချိတ်ဆက်၍ ၁၅ နှစ် အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ ETC ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မစ္စတာ တမ်သီယမ်ဟီထံမှ သိရသည်။



အဆိုပါ စီမံကိန်း၏ ပထမပိုင်းတွင်ပါဝင်သော တာဝါလေးခုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ကွန်ဒိုတိုက်ခန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ရောင်းချခဲ့ပြီးဖြစ်၍ ဝယ်ယူသူများထံ အခန်းများ အပ်နှံခဲ့ပြီးဖြစ်သည်။ စီမံကိန်း၏ ဒုတိယပိုင်းကိုလည်း ၅၀ ရာခိုင်နှုန်း ရောင်းချပြီးဖြစ်ကာ လက်ရှိအနေအထားအရ တတိယနှင့် စတုတ္ထအပိုင်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး လာမည့် ၂၀၁၈ ခုနှစ်မှစတင်ကာ အပိုင်းလိုက် အခန်းများအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ လူနေတိုက်ခန်းများတွင် ၅၁၇ စတုရန်းပေ ကျယ်ဝန်းသော တစ်ယောက်ခန်းနှင့် စတုရန်းပေ ၁၉၈၀ ကျယ်ဝန်းသော လေးယောက်ခန်းဟူ၍ နှစ်မျိုးရှိပြီး ကွန်ဒိုတိုက်ခန်းပေါင်း ၃၀ ကို ရိုးမဘဏ်နှင့်ချိတ်ဆက်ပြီး တိုက်ခန်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ချေးငွေဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။ တစ်လလျှင် အမေရိကန် ဒေါ်လာ ၁၀၀၀ ပေးသွင်းကာ ၁၅ နှစ် အရစ်ကျ ချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်းသိရပြီး အဆိုပါစနစ်သည် Golden City အနေဖြင့် ပထမဆုံးဖြစ်ကြောင်း သိရသည်။

"ရိုးမဘဏ်အနေနဲ့ မြန်မာနိုင်ငံအတွင်း ဒါမှမဟုတ် ရန်ကုန်မြို့အတွင်း ဘယ်နေရာမှာပဲဖြစ်စေ အိမ်ရာတွေဝယ်ယူမယ်ဆိုရင် အရစ်ကျ ချေးငွေစနစ်နဲ့ ကူညီသွားဖို့ရှိပါတယ်။ ယခုရန်ကင်း Golden City အိမ်ရာမှာလည်း ကနဦး အရစ်ကျ ချေးငွေစနစ်အဖြစ် ကွန်ဒိုတိုက်ခန်းပေါင်း ၃၀ ကို ရိုးမဘဏ်က နှစ်ရှည် အရစ်ကျ ချေးငွေစနစ်နဲ့ စတင်သလို ဝယ်ယူသူအတွက် သက်သာစေမယ့် အစီအစဉ်တွေလည်း ရှိပါတယ်။ ဒါ့အပြင် ဝယ်ယူသူတွေအနေနဲ့ တိုက်ခန်းပေါင်း ၃၀၀ ဝယ်မယ်ဆိုရင်လည်း ရိုးမဘဏ်က နှစ်ရှည်အရစ်ကျ ချေးပေးပြီး ကူညီသွားဖို့ အသင့်ရှိနေပါတယ်"ဟု ရိုးမဘဏ်၏ အရာရှိချုပ် မာရေးမက်ဒေါ်ဂေးလ်က ပြောသည်။

အဆိုပါ စီမံကိန်းသည် ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် အင်းလျားကန်အနီးတွင်တည်ရှိပြီး စင်ကာပူနိုင်ငံ၏ ထိပ်တန်း E T C Singapore ကုမ္ပဏီက စင်ကာပူနည်းပညာဖြင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်နေသော စီမံကိန်းဖြစ်သည်။ စီမံကိန်းအတွင်း ရုံးခန်းနေရာများ၊ အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများ၊ ဈေးဝယ်စင်တာနှင့် Five Star အဆင့်ရှိ ဇိမ်ခံဟိုတယ် တစ်လုံးပါဝင်မည်ဖြစ်သည်။ ထို့ပြင် ယာဉ်ရပ်နားရန်အတွက် ကားပါကင်များ၊ ရေကူးကန်များ၊ ကစားကွင်းများ ပါဝင်မည်ဖြစ်ပြီး ၂၄ နာရီ လုံခြုံရေး အပြည့် ဝန်ဆောင်မှုရရှိမည်ဖြစ်သည်။

အဆိုပါ အထပ်မြင့် ကွန်ဒိုတိုက်ခန်းများပေါ်မှ အင်းလျားကန်မြင်ကွင်း၊ ရွှေတိဂုံစေတီတော် မြင်ကွင်းနှင့် ရန်ကုန်မြို့၏ အလှအပများကို ကြည့်ရှုခံစားနိုင်ပြီး လေကောင်းလေသန့် ရရှိစေမည်ဖြစ်ကြောင်း အဆိုပါ အိမ်ရာစီမံကိန်းရုံးမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(ပွင့်သစ္စာ)**

❑

# သီတင်းကျွတ်ချိန်ခါ ဆုတောင်းမေတ္တာ

**ယုဝတီခင်ဦး**

**တပေါင်း တန်ခူး**
**အတာကူး**
**ကဆုန် နယုန်**
**မိုးဦးမှုန်**
**ဝါဆို ဝါခေါင်**
**ပျိုးခင်းထောင်**
**တော်သလင်း သီတင်းကျွတ်**
**မီးပန်းလွှတ်**
**တန်ဆောင်မုန်း နတ်တော်**
**မုန့်ဆန်းပေါ်**
**ပြာသို တပို့တွဲ**
**ကောက်နှံ့ရဲ**
**စွဲမြဲမှတ်ကြ တစ်ဆယ့်နှစ်လ။ ။**

ဟု ဆရာမကြီး နုယဉ်၏ ကဗျာညဏ်ကွန့်မြူးပြီး လှပသော ရိုးရာဓလေ့များ၊ ကျေးလက်သဘာဝ အနုပညာများ ပုံဖော်သည့်ကဗျာပေါင်း မြောက်မြားစွာတွင် တစ်ဆယ့်နှစ်လရာသီကဗျာကို အလွတ်ရနေ၍ တော်သလင်းပြီးလျှင် သီတင်းကျွတ်တော့မည်။ အလှူဒါနများ ပြုရဦးမည်။ လူကြီး မိဘ၊ ဘိုးဘွား၊ ကျေးဇူးရှင်များ၊ ဆရာသမားများကို ကန်တော့ရဦးမည်ဟု သတိရမိပါသည်။ မြတ်စွာဘုရားသည် တရားဒေသနာတော်ကို ဝါတွင်းသုံးလ ကာလပတ်လုံး တာဝတိံသာနတ်ပြည်၌ သီတင်းသုံးတော်မူ၍ မယ်တော်ဟောင်း သန္တုသိတနတ်သားနှင့် နတ်သား နတ်သမီး ဒေဝါသိကြားတို့ကို ဟောကြားပြီး ကောင်းကင်ယံမှ ပြန်လည်ကြွမြန်းလာသည်။ လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူသောအခါ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ နတ်သား နတ်သမီးတို့၏ တောက်ပလင်းလက်သောတန်ခိုးများဖြင့် လမ်းခင်းပေးခဲ့ကြခြင်း၊ တိုင်းသူပြည်သား လူသားများကလည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်များ ပြန်လည်ကြွမြန်းလာသည်ကို နေအိမ်များ၊ လမ်းများ၊ ပန်းဥယျာဉ်များတွင် ဆီမီးအလင်းတိုင်၊ မီးပန်း၊ မီးပုံးများဖြင့် သောင်းသောင်းဖြဖြ ပူဇော်ကြိုဆိုခဲ့ကြသည်။

ဤသို့ဖြင့် ရှေးထုံးစဉ်လာအတိုင်း သီတင်းကျွတ်ရာသီတွင် အမှတ်တရနေ့မှာ လပြည့်နေ့ဖြစ်သော်လည်း မြန်မာ့ရိုးရာဓလေ့အားဖြင့် လမပြည့်မီရက်ကတည်းက ကြိုတင်၍ မီးထွန်းပွဲတော်ကျင်းပပြီး လပြည့်ကျော် တစ်ရက်အထိ ဆီမီးထွန်းကာ ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လသည် ပျော်ပွဲရွှင်ပွဲ မီးထွန်းပွဲရာသီ တစ်ခုတည်းသာမဟုတ်ဘဲ ဘုရားကျောင်းကန်စေတီတော်များကို သွားရောက်ဖူးမြော်ခြင်း၊ မိမိတို့၏ မိဘ၊ ဘိုးဘွား ကျေးဇူးရှင်များ၊ သက်ကြီးဝါကြီးများကို ဂါရဝဖြင့် ကျေးဇူးဆပ်ခြင်း၊ မေတ္တာတရားဖြင့် စားစရာများ၊ ဆေးဝါးများ၊ အဝတ်အစားများဖြင့် ပူဇော်ကန်တော့ကြခြင်း ဖြစ်ပါသည်။

ကျွန်မ ဖတ်ရှုခဲ့ဖူးသော ချမ်းမြေ့ဆရာတော်ကြီး၏ "မေတ္တာစိတ်မြတ် အအေးဓာတ်"ဟူသော တရားတော်စာအုပ်တွင် ရေးသားတော်မူခဲ့သည့်အတိုင်း သူတစ်ပါးကို ချမ်းသာစေလိုသော စိတ်၊ ဆင်းရဲကင်းစေလိုသော စိတ်၊ ကောင်းကျိုးရစေလိုသော စိတ်တို့မှာ မေတ္တာတရားပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း သားသမီးများ၊ တပည့်များက ဆရာတော် သံဃာတော်များ၊ ဘိုးဘွား မိဘ ဆရာသမား၊ လူကြီးသူမတို့အား ကန်တော့ခြင်းသည် ကျေးဇူးတရားကို ပေးဆပ်ခြင်းတစ်ခုတည်းသာမဟုတ်ဘဲ သဒ္ဓါတရား၊ မေတ္တာ စေတနာတရားတို့ဖြင့် ရိုသေလေးစားမှုများနှင့် ပြစ်မှားမိခဲ့သော အပြစ်များကို ခွင့်လွှတ်ရန် တောင်းပန်ဝန်ချခြင်းဖြစ်ပါသည်။

သီတင်းကျွတ်လ အခါသမယတွင် ရာသီဥတုသာယာလျက် ကြာငါးမည် ကြိုင်သင်းပြီး လျှံဝင်းပြောင်ထိန်သော ဆီမီးရောင်များဖြင့် လှပတင့်တယ်ရုံသာမက "ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရို့ပြောင်း၊ သက္ကစ္စ ဂါရဝါနှင့် စဉ်လာပူဇော်ပွဲကို ခဲကြပေတောင်း" ဟု ဖိုးသူတော်ဦးမင်း စပ်ဆိုထားသော ကဗျာကိုလည်း နှစ်သက်ဂုဏ်ပြုကာ ရွတ်ဆိုမိသည်။

ဤသို့ဖြစ်ပါ၍ သီတင်းကျွတ်၏ ချစ်စရာကောင်းသော အလှအပ၊ မြတ်နိုးစရာကောင်းသော ရိုးရာနှင့် တစ်ဦးပေါ် တစ်ဦးအပြစ်မမြင်ဘဲ အကောင်းမြင်သော မေတ္တာစိတ်တို့ဖြင့် လူသားတို့၏ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းအေးသာယာ ပျော်ရွှင်စရာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။ ။



ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်သိန်းဦး၊ ကင်မွန်းချောင်းနယ်မြေစခန်းမှူး ရဲအုပ်ကျော်သူရ၊ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့၊ အမှတ်(၂၂)လုံခြုံရေးတပ်ဖွဲ့၊ ရင်ပြင်တော် ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ကျိုက်ထီးရိုးမီးသတ်စခန်း တာဝန်ခံတို့သည် စက်တင်ဘာနောက်ဆုံးပတ်က ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံသား ရေလုပ်သား ၁၃ ဦးပါဝင်သည့် ထိုင်းငါးဖမ်းစက်လှေ တိမ်းမှောက်

**ဗန်ကောက် အောက်တိုဘာ ၃**
ထိုင်းနိုင်ငံတောင်ပိုင်း ပကျော့ခ်ီရီခန်ပြည်နယ် ပင်လယ်ကွေ့ပင်လယ်ပြင်အတွင်း ထိုင်းငါးဖမ်းစက်လှေတစ်စင်းသည် အောက်တိုဘာ၂ ရက်က တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ကျလန်ချိုင်း အမည်ဖြင့် မှတ်ပုံတင်ထားသည့် ငါးဖမ်းလှေတွင် မြန်မာရေလုပ်သား ၁၃ ဦးနှင့် ထိုင်းနိုင်ငံသားနှစ်ဦးတို့ ပါဝင်ခဲ့ပြီး ပင်လယ်ပြင်အတွင်း ငါးဖမ်းပိုက်ချနေစဉ် ရာသီဥတုဆိုးရွားလာ၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေလုပ်သားတစ်ဦးသာလျှင် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီး လှေသားအားလုံးကို ထိုင်းကမ်းခြေစောင့်ရေတပ်သင်္ဘောမှ ကယ်တင်နိုင်ခဲ့ကြောင်း၊ ကယ်တင်ခဲ့သည့် မြန်မာနိုင်ငံသားနှင့် ထိုင်းလှေလုပ်သားများအား ထိုင်းအာဏာပိုင်များက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# တံတားဝင်တိုက်သည့် တွဲယာဉ်တိမ်းမှောက်

**ပြွန်တန်ဆာ အောက်တိုဘာ ၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ (၁) ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် (၉၄/၇) နှင့် (၉၄/၈) အကြားတွင် အောက်တိုဘာ ၃ ရက် နံနက် ၆ နာရီခန့်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘီးလူးကျွန်းမြို့နေ အောင်ဘာလေ (၂၄)နှစ် မောင်းနှင်ပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နေ ပြည့်ဖြိုးဦး (၂၆)နှစ် လိုက်ပါလာသော 5B/---- ကွန်တိန်နာတင်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တံတားကို ဝင်တိုက်မိ၍ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျသွားခဲ့ပြီး ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ယာဉ်အကူနောက်လိုက်တို့မှာ ထိခိုက်မှုမရှိဘဲ ယာဉ်နှင့်တံတားထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ပြွန်တန်ဆာနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

❒




# ရန်အောင်ကန်ကျိုးပေါက်မှုကြောင့် ထရံကာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ရေများဝင်ရောက်

**ပျော်ဘွယ် အောက်တိုဘာ ၃**
ပျော်ဘွယ်မြို့နယ်အတွင်း အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မိုးရွာသွန်းမှုကြောင့် ရန်အောင်ကျေးရွာရှိ ရန်အောင်ကန်သည် ရေလျှံမှုဖြစ်ပွားခဲ့ရာ အလျားပေ ၄၀ ခန့် တာပေါင်ကျိုးပေါက်ခဲ့ပြီး ယင်းရေများသည် ထရံကာကျေးရွာအုပ်စု အတွင်းရှိ ရွာသစ်ကလေး၊ ကြက်သွန်ခင်း၊ ထန်းတပင်၊ သာစည်ကျေးရွာများသို့ ရေများနှစ်ပေကျော်ခန့် ဝင်ရောက်ခဲ့သောကြောင့် နေအိမ်အချို့ပျက်စီးခဲ့ကြောင်း သိရသည်။



အဆိုပါရေများ ဝင်ရောက်မှုကြောင့် ရွာသစ်ကလေးကျေးရွာတွင် ဦးသိန်းစိုး ပိုင်ဆိုင်သော သုံးပင်ပတ်လည်၊ ထရံကာ၊ သွပ်မိုးနေအိမ်တစ်လုံး၊ ကြက်သွန်ခင်းကျေးရွာတွင် ဦးခင်မောင် ပိုင်ဆိုင်သော သုံးပင်ပတ်လည်၊ ထရံကာ၊ သွပ်မိုး စားဖိုဆောင်တစ်လုံး၊ ထန်းတပင်ကျေးရွာတွင် ဦးကြည်မောင် ပိုင်ဆိုင်သော သုံးပင်ပတ်လည်၊ ထရံကာ၊ သွပ်မိုးနေအိမ်တစ်လုံးတို့ ပြိုကျပျက်စီးခဲ့ကြောင်း၊ သာစည်ကျေးရွာတွင်လည်း ရေများဝင်ရောက်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုမရှိဘဲ တိရစ္ဆာန်များအား ရေလွတ်ရာကုန်းမြင့်များပေါ်သို့ ပြောင်းရွှေ့ထားကြောင်း၊ သီးနှံစိုက်ခင်းများအတွင်းသို့လည်း ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုဒဏ် ခံနေရသော ကျေးရွာများသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၆၀၊ သွင်းကုန် ၄၆၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၂၅၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၆၆ သန်းခန့်) စုစုပေါင်းတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၆၂၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂ ရက်တွင် သတင်းအရ မူဆယ်သို့သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Foton Light Truck မော်တော်ယာဉ်တစ်စီးသည် မိုင်တိုင်(၁၉၇/၅) စံလောင်းကျေးရွာအနီး၌ မသင်္ကာဖွယ်ရာရပ်တန့်ထားသည်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွှေတုံး ၃၀ (သုည ဒသမ ၃၇၃၄ တန်)၊ တမလန်းခွဲသားဆိုဒ်စုံ ၆၇၅ ချောင်း (သုည ဒသမ ၅၂၇၈ တန်) စုစုပေါင်းအလေးချိန် သုည ဒသမ ၉၀၁၂ တန်နှင့် ပစ္စည်းသယ်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၇၀၃ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စိတ်ကြွ ရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် အောက်တိုဘာ ၃**
မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှတပ်ဖွဲ့ဝင်များသည် သတင်းအရ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ စစ်ဆေးရေးစခန်း အနီး၌ စောင့်ဆိုင်းနေစဉ် ဖားကန့်မြို့မှ အင်းတော်ကြီးသို့ ရှောက်ခင် မောင်းနှင်လာသော KENBO-125 အမျိုးအစားဆိုင်ကယ်ကို တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေစဉ် ဆိုင်ကယ်ခွကြား၌ ညှပ်ထားသော ဂွမ်းစောင်အတွင်း ပလတ်စတစ်ကပ်ခွာအိတ် ၂၀ ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၇၈၀ (တန်ဖိုးငွေကျပ် ၁၈၉ သိန်းခန့်)၊ ရှောက်ခင်ထံမှ မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသည့် ငွေကျပ် ၅၇၀၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသောကြောင့် ရှောက်ခင်(၄၆)နှစ် မိုးညှင်းမြို့နေသူအား ဖားကန့်မြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၄၉၉)**

❒

# ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရမှုနှင့် သေဆုံးမှုစာရင်းဇယားများဆိုင်ရာ အချက်အလက်များ

**နေပြည်တော် အောက်တိုဘာ ၃**
မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်၍ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ မူဝါဒများပြောင်းလဲချမှတ်ခဲ့ရာ မော်တော်ယာဉ်စီးရေသည် တစ်ဟုန်ထိုး လျင်မြန်စွာတိုးတက်များပြားလာခဲ့ပြီး ထိုသို့မော်တော်ယာဉ်စီးရေ တိုးတက်များပြားလာမှုနှင့်အတူ ယာဉ်တိုက်မှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများသည် လိုက်ပါ၍ တိုးတက်မြင့်မားလျက်ရှိသည်။

ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်(၂၀၁၄-၂၀၂၀)ကို ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း စီမံချက်ရေးဆွဲခဲ့သည့် အခြေခံနှစ်ဖြစ်သော ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ယာဉ်တိုက်မှုအခြေအနေများမှာ အောက်ပါအတိုင်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရှိသည်-

| စဉ် | ခုနှစ် | ယာဉ်တိုက်မှု | ဒဏ်ရာရမှု | သေဆုံးမှု | ဆုံးရှုံးမှုတန်ဖိုး |
|---|---|---|---|---|---|
| (က) | ၂၀၁၃ | ၁၃၉၀၂ | ၂၃၃၇၈ | ၃၇၂၀ | ၂၅၉၆၀၁၄၆၇၀ |
| (ခ) | ၂၀၁၄ | ၁၄၉၉၇ | ၂၄၉၃၂ | ၄၃၁၃ | ၂၈၇၀၁၁၃၅၀၀ |
| (ဂ) | ၂၀၁၅ | ၁၅၈၅၉ | ၂၆၆၃၀ | ၄၃၇၅ | ၃၉၇၄၀၇၀၄၄၀ |
| (ဃ) | ၂၀၁၆ | ၁၇၃၈၄ | ၂၇၇၆၃ | ၄၈၈၇ | ၄၆၅၈၂၉၆၀၀၀ |
| (င) | ၂၀၁၇ | ၁၂၂၅၀ | ၁၉၈၁၇ | ၃၅၅၆ | ၃၅၃၁၈၈၁၄၇၅ |

(ဩဂုတ်လထိ)

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်မတော်တဆမှုကြောင့် တစ်ရက်လျှင် ၁၄ ဒသမ ၈ ဦးခန့် သေဆုံးနေကြောင်း တွေ့ရှိရသည်။ အဆိုပါ ယာဉ်တိုက်မှုများတွင် မော်တော်ဆိုင်ကယ်ကြောင့် ၄၈ ဒသမ ၈၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်(၂၀၁၄-၂၀၂၀) အရ ၂၀၂၀ ခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်းကို ၅၀ ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်အရ အခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ်တွင် မော်တော်ယာဉ်စီးရေ ၁၀၀၀၀ လျှင် သေဆုံးမှုနှုန်း ၉ ဒသမ ၂၆ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၄ ဒသမ ၆၃ အထိ ကျဆင်းရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိ ၂၀၁၆ ခုနှစ် စာရင်းများအရ ယာဉ်စီးရေ ၁၀၀၀၀ လျှင် သေဆုံးမှုနှုန်း ၇ ဒသမ ၉၈ အထိသာ ကျဆင်းခဲ့သည့်အတွက် ရည်မှန်းချက်ပြည့်မီအောင် များစွာကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်သည်။

သို့ပါ၍ ပြည်သူတစ်ဦးချင်းစီက ကိုယ်စီအသိတရားဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာကျင့်သုံးကြပါရန်နှင့် အထူးသဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူတိုင်း ပိုမိုသတိပြုစည်းကမ်းလိုက်နာကြပါရန် အသိပေးနှိုးဆော်ထားကြောင်း အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆင်နယ်သို့ ဂရစ်ဇ်မန်း လာရောက်ကစားရန် စည်းရုံးနေကြောင်း လာကာဇက်ဖွင့်ဟ

အာဆင်နယ်တိုက်စစ်မှူး လာကာဇက်က သူနှင့်ရင်းနှီးတဲ့ မိတ်ဆွေ ဂရစ်ဇ်မန်းကို အာဆင်နယ်အသင်းသို့လာရောက်ကစားရန် တိုက်တွန်းနေကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ အသက်(၂၆)နှစ်ရှိ တိုက်စစ်မှူး လာကာဇက်မှာ ပြီးခဲ့သည့် နွေဈေးကွက်အတွင်း လိုင်ယွန်မှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ၄၆ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာပြီးနောက် ခြေစွမ်းပြကစားနေသူဖြစ်သည်။

လာကာဇက်က ပြင်သစ်အသင်းဖော် ဂရစ်ဇ်မန်းနှင့်အတူ ကလပ်အသင်းအတွက် တွဲဖက်ကစားလိုနေပြီး Match of the day မဂ္ဂဇင်းနှင့် အင်တာဗျူး ပြုလုပ်စဉ် "ကျွန်တော်တို့က သူငယ်ချင်းကောင်းတွေဖြစ်ပြီး ကျွန်တော်တို့ကြားမှာ ပျော်ရွှင်စရာတွေ အများအပြား ရှိပါတယ်။ ကျွန်တော်တို့က တစ်ယောက်ကို တစ်ယောက် ဂရစ်ဇီနဲ့ လာကပ်စ်ဆိုတဲ့ အမည်ပြောင်တွေ ပေးထားကြပါတယ်။ သူသာ လန်ဒန်ကိုလာလည်ရင် ကျွန်တော်က သူ့ကို အာဆင်နယ်အတွက် လက်မှတ်ထိုးဖို့ တောင်းဆိုဖြစ်ပါလိမ့်မယ်"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူကွင်းလယ်လူ ပေါ့ဘာကလည်း ဂရစ်ဇ်မန်းကို မန်ယူတွင် လာရောက်ကစားရန် စည်းရုံးနေသူဖြစ်ပြီး ပေါ့ဘာနှင့် ဂရစ်ဇ်မန်းတို့ကြား ရင်းနှီးတဲ့ဆက်ဆံရေးက မန်ယူအသင်းသို့ ဂရစ်ဇ်မန်းရောက်ရှိရန် အနီးစပ်ဆုံး အခြေအနေတစ်ရပ် တွန်းပို့ပေးနေသည်။ ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့်နွေဈေးကွက်အတွင်း မန်ယူအသင်းသို့ ရောက်ရှိလုနီးပါးဖြစ်ခဲ့သော်လည်း အက်သလက်တီကိုအသင်း၏ ကစားသမား ခေါ်ယူခွင့်ပိတ်ပင်ခံရမှုကြောင့် အက်သလက်တီကိုတွင်သာ ဆက်လက်ကစားပေးရန် ဆုံးဖြတ်ခဲ့သည်။

လာကာဇက်သည် လက်ရှိတွင် အာဆင်နယ်အတွက် သွင်းဂိုးလေးဂိုးသာ သွင်းယူထားနိုင်ပြီး သူ့အနေဖြင့် ရွှေဖိနပ်ဆုရယူရန် မလွယ်ကူဟုလည်း ဝန်ခံခဲ့သည်။ လာကာဇက်က ပရီမီယာလိဂ်မှာ ပြင်သစ် ပထမတန်းလိဂ်နှင့် ကွာခြားပြီး ဟယ်ရီကိန်း၊ လူကာကူ၊ အဂွဲရိုး၊ ဂျီးဆပ်ဇ်၊ မိုရာတာ၊ ဂျေမီဗာဒီတို့လို ထိပ်တန်းတိုက်စစ်မှူးများရှိနေကြောင်း ဆိုခဲ့သည်။



## ငှက်မြန်လေး ဆာနေး



ပြီးခဲ့တဲ့ရက်သတ္တပတ် ပရီမီယာလိဂ်ပြိုင်ပွဲတွေမှာ အလျင်မြန်ဆုံး ကစားသမားက မန်စီးတီးတောင်ပံတိုက်စစ်မှူးလေး ဆာနေး ဖြစ်ပါတယ်။ မန်စီးတီးက ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိတဲ့ပွဲမှာ ဆာနေးရဲ့ ပြေးနှုန်းက တစ်နာရီ ၂၂ ဒသမ ၀၅ မိုင်နှုန်းရှိခဲ့ပြီး ပြီးခဲ့တဲ့ရက်သတ္တပတ်ရဲ့ အလျင်မြန်ဆုံး ကစားသမားနေရာကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ ဆာနေးရဲ့ပြေးနှုန်းဟာ ဒိုင်နိုဆော အုပ်စုထဲကမှ လျင်မြန်တယ်လို့ ကျော်ကြားတဲ့ တိုင်ရာနိုဆော ရက်စ်တက်ဇ်ရဲ့ ပြေးနှုန်း တစ်နာရီ ၂၀ မိုင်နှုန်း ထက် သာလွန်ခဲ့သလို ဝက်ဝံညိုတွေရဲ့ ပြေးအား တစ်နာရီ ၂၀ ဒသမ ၇ မိုင်နှုန်းကို ကျော်တက်ခဲ့တာပါ။ လမ်းပေါ် ပြေးတဲ့ အပြေးသမားရဲ့ ပျမ်းမျှပြေးနှုန်းဟာ တစ်နာရီ မိုင် ၂၀ သာရှိနေချိန်မှာ ဆာနေးရဲ့ ပြေးအားက တစ်နာရီမှာ နှစ်မိုင်ကျော် ပိုများနေခဲ့တာ ဖြစ်ပါတယ်။

## ဘောလုံးပေးပို့မှုအကောင်းဆုံး နာချိုမွန်ရီယယ်

မေလဲ့သင်း စုစည်းသည်



ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ဘောလုံးပေးပို့မှုပေါင်း ၁၀၀ ကျော်ပြုလုပ်နိုင်တဲ့ တစ်ဦးတည်းသော ကစားသမားက အာဆင်နယ် နောက်ခံလူ နာချိုမွန်ရီယယ်ပါ။ အာဆင်နယ်က ဘရိုက်တန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပွဲမှာ အသက်(၃၁) နှစ်အရွယ် မွန်ရီယယ်ဟာ ၁၀၅ ကြိမ် ဘောလုံးပေးပို့မှုပြုလုပ်ဖို့ ကြိုးစားခဲ့ရာမှာ ၁၀၂ ကြိမ် အောင်အောင်မြင်မြင်ပေးပို့နိုင်ခဲ့တဲ့အတွက် ၉၇ ဒသမ ၁ ရာခိုင်နှုန်း အောင်မြင်အောင် ပေးပို့နိုင်တဲ့မှတ်တမ်းကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒုတိယနေရာမှာတော့ ဆောက်သမ်တန်ရဲ့ အောရီယို ရိုမူးက ၉၆ ကြိမ်နဲ့ ဒုတိယနေရာမှာ ရှိနေပေမယ့် သူ့အသင်းက စတုတ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဘောလုံးပေးပို့မှု တတိယနဲ့ စတုတ္ထနေရာမှာ ရှိနေကြသူတွေက အာဆင်နယ်အသင်းဖော် ဟိုးဒင်းနဲ့ မူစတာဖီတို့ ဖြစ်နေကြတာကလည်း အာဆင်နယ်အတွက် နောက်ထပ် ကျေနပ်စရာအနေအထားဖြစ်ပါတယ်။ လီဗာပူး ဗဟိုခံစစ်အတွဲဖြစ်တဲ့ လော့ဗ်ရန်နဲ့ မက်တစ်တို့ကတော့ ၈၆၊ ၈၂ ကြိမ်စီနဲ့ ပဥ္စမနဲ့ ဆဋ္ဌမနေရာတွေမှာ အသီးသီးရပ်တည်နေပါတယ်။ အဲဒီနောက် အာဆင်နယ်ကွင်းလယ်လူ ဇာကာက အကြိမ် ၈၀ နဲ့ သတ္တမနေရာတို့မှာ ရှိနေတာကြောင့်လည်း ဘောလုံးပေးပို့မှု အများဆုံးထိပ်ဆုံး ၁၀ နေရာမှာ အာဆင်နယ်ကစားသမားလေးဦးအထိ ပါဝင်နေတာကိုတွေ့ရပါတယ်။

## ပေါ့ဘာကို လွမ်းနေမည်မဟုတ်ဟု ဆိုခဲ့သည့် မော်ရင်ဟိုအတွက် နောက်ထပ်ထိုးနှက်ချက်

မန်ယူနည်းပြ မော်ရင်ဟိုက ပေါ့ဘာအပါအဝင် မည်သည့်ဒဏ်ရာရကစားသမားကိုမျှ တမ်းတနေမည်မဟုတ်ဘဲ ၎င်းမှာ အခြားကစားသမားများအတွက် အခွင့်ရေးကောင်းဖြစ်သဖြင့် ကောင်းမွန်သည်ဟုသာ တွေးထားကြောင်း ဆိုခဲ့သည်။ သို့သော် မော်ရင်ဟို ယင်းသို့ ပြောကြားခဲ့ပြီးနောက် နာရီပိုင်းအကြာမှာပင် မန်ယူအသင်း၏ ယခုနှစ်ရာသီ ထိပ်တန်းဂိုးသွင်းရှင် လူကာကူနှင့် ကွင်းလယ်လူ ဖယ်လိုင်နီတို့မှာ ခြေချင်းဝတ်ဒဏ်ရာကြောင့် ဘယ်လ်ဂျီယံအသင်း လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိရာ ယင်းမှာ မန်ယူအသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်ဖြစ်သည်။

ပေါ့ဘာမှာ စက်တင်ဘာ ၁၂ ရက် ဘေဆယ်လ်နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ကာ လနှင့်ချီပြီး အနားယူရဖွယ်ရှိနေသည်။ သို့သော် ပေါ့ဘာမပါဝင်နိုင်သည့် မန်ယူအသင်းရလဒ်ပိုင်း ယိမ်းယိုင်ခြင်းမရှိဘဲ ပရီမီယာလိဂ်အမှတ်ပေးဇယားကို မန်စီးတီးနှင့်အပြိုင် ဦးဆောင်ထားနိုင်ခဲ့သလို ခရစ္စတယ်ပဲလေ့စ်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီး ပြိုင်ပွဲစုံ ခုနစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သည်။

မော်ရင်ဟိုက "ကျွန်တော်တို့တွေက ဘယ်ဒဏ်ရာရကစားသမားကိုမှ လွမ်းဆွတ်မနေပါဘူး။ ဒီလိုမျိုးပဲ စဉ်းစားရမှာပါ။ သူတို့ဒဏ်ရာရနေကြတယ်။ ကျွန်တော် သူတို့အကြောင်း မစဉ်းစားပါဘူး။ ကျွန်တော်တို့ ဒီလို ဒဏ်ရာပြဿနာတွေ အမြဲကြုံနေရတာပါပဲ"ဟု ဆိုခဲ့သည်။

သို့သော် မော်ရင်ဟိုက ခုနစ်ပွဲသာ ကစားရသေးသည့်အနေအထားတွင် ချန်ပီယံဆု အကြောင်းပြောရန် စောလွန်းနေသေးကြောင်း ငြင်းဆိုခဲ့သည်။ မန်ယူအသင်းသည် အောက်တိုဘာ ၁၄ ရက်မှစတင်ကာ နှစ်ပတ်အတွင်း ခြောက်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## လာလီဂါမှ နုတ်ထွက်ပြီး ဥရောပ အင်အားကြီးလိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် ဘာစီလိုနာအသင်း စဉ်းစားနေ

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူက ဘာစီလိုနာအသင်းအနေဖြင့် ကာတလန်ဒေသကို လွတ်လပ်သည့် ဒေသဖြစ်လာစေရန် လာလီဂါမှ ခွဲထွက်ပြီး ပရီမီယာလိဂ်ကဲ့သို့ အင်အားကြီးဥရောပလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စဉ်းစားနေကြောင်း အတည်ပြုခဲ့သည်။ ဘာတိုမူက ကလပ်အသင်းဘုတ်အဖွဲ့အနေဖြင့် ဘာစီလိုနာအသင်းကို အနာဂတ်ကိစ္စရပ်များအား ဆွေးနွေးရာတွင် လာလီဂါဝင်ရောက်ယှဉ်ပြိုင်နေခြင်းမှနုတ်ထွက်ကာ ဥရောပအင်အားကြီးလိဂ်သို့ ပြောင်းရွှေ့ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဆန္ဒခံယူပွဲကျင်းပပြီး ကာတလန်ပြည်သူ ၉၀ ရာခိုင်နှုန်းကျော်က ကာတလန်ဒေသကို သီးခြားလွတ်လပ်ရေးအတွက် မဲပေးထောက်ခံခဲ့ကြသည်။ ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူ၊ ဒုဥက္ကဋ္ဌ ဗီလာရူဘီနှင့် ဒါရိုက်တာ ဂျော်ဒီမိုနက်စ်တို့ မိနစ် ၂၀ ကျော်ကြာဆွေးနွေးပြီးနောက် တနင်္ဂနွေနေ့က လက်စ်ပါးမက်စ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်ကို ကွင်းပိတ်ကစားရန် ဆုံးဖြတ်ခဲ့သည်။ ယင်းကိစ္စရပ်ကို စပိန်အစိုးရက တရားမဝင်ရလဒ်အဖြစ် ကြေညာခဲ့ပြီးနောက် ဆန္ဒပြပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားခဲ့ကာ လူ ၈၅၀ ကျော် ဒဏ်ရာရခဲ့သည်။

ရီးယဲလ်မက်ဒရစ်နှင့် အက်စ်ပန်ညိုအသင်းတို့ပွဲစဉ်တွင်လည်း ပရိသတ်များက စပိန်အလံများ ခေါင်းပေါ်မြှောက်ကာ ယင်းမဲပေးမှုကို အသိအမှတ်မပြုကြောင်း ပြသခဲ့သည်။ ကာတလိုနီးယားဒေသသည် စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် တည်ရှိပြီး လူဦးရေ ၇ ဒသမ ၅ သန်းကျော်နေထိုင်ကာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာစကားသီးခြားရှိကာ ဘာစီလိုနာမှာ မြို့တော်ဖြစ်သည်။ ယင်းဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရရှိထားသောဒေသဖြစ်ပြီး စပိန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွတ်လပ်သည့် နိုင်ငံတစ်ခု မဟုတ်ပေ။

# စွယ်တော်မြတ်စေတီတော်(မန္တလေး) ဆီမီး(၉၀၀၀) မီးဝက်ပါ အကြိုထွန်းညှိပူဇော်ပွဲ လာရောက်သူများဖြင့်စည်ကား

**အမရပူရ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် ဘုရားဝင်းအတွင်း၌ ကျင်းပသော စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၁၆ ပြည်ထောင် ဆီမီး(၉၀၀၀) မီးဝက်ပါ အကြိုထွန်းညှိပူဇော်ပွဲတွင် အောက်တိုဘာ ၂ ရက် ညပိုင်းက လာရောက်ကြည့်ရှုသူများ စည်ကားလျက်ရှိကြောင်းသိရသည်။

စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ နာယက ဦးလှဝင်းက စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၁၆ ပြည်ထောင် ဆီမီး(၉၀၀၀) မီးဝက်ပါ ထွန်းညှိပူဇော်ပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြေနီကျောင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ သြဝါဒခံယူပြီး စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့မှ ဦးဆောင်ကာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ လာရောက်ကြည့်ရှုသူများ စည်ကားလျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် ယခုလို ဆီမီးပူဇော်ပွဲများ ကျင်းပပေးခြင်းဖြင့် နောင်မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်း အမွေပေးခြင်းဖြစ်ကြောင်း၊ ယခုလို မီးဝက်ပါပွဲတော်ကြီး ဆောင်ရွက်နိုင်အောင် ဂေါပကအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ခုနစ်ရက်တိုင်တိုင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း၊ ဆီမီး (၉၀၀၀) မီးဝက်ပါထွန်းညှိပူဇော်ပွဲကို ပြည်သူများအနေဖြင့် စွယ်တော်မြတ်စေတီတော် ဘုရားဖူးရင်း မိမိတို့ကိုယ်တိုင် ထွန်းညှိကပ်လှူပူဇော်နိုင်ကြောင်း ပြောကြားသည်။

စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအောင်ညွန့်က စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၁၆ ပြည်ထောင် ဆီမီး(၉၀၀၀) မီးဝက်ပါ ထွန်းညှိပူဇော်ပွဲကြီးကို သီတင်းကျွတ်လဆန်း(၁၁) ရက်မှ သီတင်းကျွတ်လပြည့်ကျော်(၁) ရက်နေ့ထိ(အောက်တိုဘာ ၁ ရက် မှ ၆ ရက်ထိ) ကျင်းပမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်ဖြစ်ပြီး ထူးခြားသည့်ပွဲတော် တစ်ခုဖြစ်သည့်အတွက် ပြည်သူများ လာရောက်လေ့လာကြည့်ရှုသင့်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် စွယ်တော်မြတ်စေတီတော် ရင်ပြင်တော်ပေါ်တွင် ဆီမီး(၉၀၀၀)နှင့် ဘုရားဝင်းအတွင်းရှိ မီးဝက်ပါပူဇော်ပွဲတွင် ဆီမီး(၉၀၀၀) နှစ်နေရာကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ လပြည့်နေ့မှာပင် အမရပူရ အရှေ့ခြမ်းရှိ ကျေးရွာ အုပ်စု ၁၈ အုပ်စုမှ ဝတ်ရွတ်အသင်း ၁၈ သင်း၊ ကျေးရွာများမှ ဖျော်ဖြေရေးယာဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၁၆ ပြည်ထောင် ဆီမီး(၉၀၀၀) မီးဝက်ပါ ထွန်းညှိပူဇော်ပွဲကြီးကို အောက်တိုဘာ ၁ ရက် မှ ၆ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ စတင်၍ ထွန်းညှိပူဇော်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ ဆီမီးများ ထွန်းညှိပူဇော်နိုင်ကြောင်း သိရသည်။



**သန်းဇော်မင်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့်အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ်က မြန်မာ့ဘောလုံးအားကစား ပြန်လည်အောင်မြင်မှုရရှိရေးကို အရေးကြီးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အောင်နိုင်ရေးစီမံချက်များရေးဆွဲကာ အလေးအနက်ဆောင်ရွက်နေပါကြောင်း၊ ပြိုင်ပွဲ၏အနှစ်သာရ ပေါ်လွင်အောင် တာဝန်ရှိသူများနှင့် အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝနှင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ ပြိုင်ပွဲကျင်းပစီမံအုပ်ချုပ်သူများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အသီးသီးရှိ အမျိုးသား ၁၅ သင်းတို့သည် အောက်တိုဘာ ၂ ရက်မှ ၁၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးဘောလုံးကွင်းအမှတ်(၁)နှင့် (၃) တို့တွင် နေ့စဉ် နံနက် ၇ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့တွင် စတင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်ဇော်**



# ပြည်တွင်း ပြည်ပခရီးသွားများ မင်းကွန်းဒေသသို့ လာရောက်လည်ပတ်မှုများပြား

**စစ်ကိုင်း အောက်တိုဘာ ၃**

မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာက သိရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မင်းကွန်းဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

“ဒီမင်းကွန်းဒေသကို ပြည်ပခရီးသွားတွေ လာရောက်လေ့လာတာ အောက်တိုဘာလကစပြီး သိသိသာသာ လာရောက်မှုများပြားလာပါတယ်။ ဒီဒေသမှာရှိတဲ့ မင်းကွန်းခေါင်းလောင်းကြီး၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနှင့် မြသိန်းတန်စေတီ၊ မင်းကွန်းဘိုးဘွားရိပ်သာ၊ ကြက်ဒေါင့်ကန်တော်ကြီး အစရှိတဲ့နေရာတွေကို သွားရောက်လေ့လာတာများပါတယ်’ဟု ဒေသခံတစ်ဦးက ပြောပြသည်။

“ကျွန်တော်တို့ ဒီမင်းကွန်းဒေသကို မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းမှတစ်ဆင့် သင်္ဘောနဲ့ ဧရာဝတီမြစ် သဘာဝအလှကို ခံစားရင်း လာရောက်လေ့လာတာပါ။ ကျွန်တော်တို့အဖွဲ့မှာ နိုင်ငံခြားသား ၃၀ ပါတယ်။ အင်္ဂလန်၊ အမေရိကန်၊ ဆွစ်ဇာလန်နိုင်ငံသားတွေပါ။ ဒီမင်းကွန်းဒေသမှာရှိတဲ့ ရှေးဟောင်းစေတီပုထိုးတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာတွေကို လာရောက်လေ့လာတာပါ”ဟု ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

မြန်မာတွင်သာမက ကမ္ဘာကပါ ထင်ရှားကျော်ကြားသော အဆောက်အအုံများ၊ မှတ်တမ်းများတည်ရှိရာ မင်းကွန်းဒေသသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာဒေသတစ်ခုဖြစ်သောကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးမြို့နှင့်အနီးဝန်းကျင် သစ်သားထည်အဆောက်အအုံများ အမွေအနှစ်ထိန်းသိမ်းခြင်း အလုပ်ရုံဆွေးနွေး

**ချမ်းအေးသာစံ အောက်တိုဘာ ၃**

မန္တလေးမြို့နှင့်အနီးဝန်းကျင် သစ်သားထည်အဆောက်အအုံများ အမွေအနှစ်ထိန်းသိမ်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၂၆) လမ်းနှင့် (၇၁) လမ်းထောင့် အမေရိကန်သံရုံး ပြန်ကြားရေးဌာနခွဲ ဂျက်ဖာဆန် စင်တာခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အရှေ့တောင်အာရှတစ်ဝန်းရှိ လူ့အသိုင်းအဝိုင်းများတွင် တွေ့ရလေ့ရှိသောသစ်သားထည်အဆောက်အအုံများ၏ အဖိုးတန်အမွေအနှစ်များအကြောင်း၊ နိုင်ငံအလိုက်ပြုပြင်ထိန်းသိမ်းမှုများ၊ မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ သမိုင်းဝင်သစ်သားထည်အဆောက်အအုံများနှင့် အရေးပါသောအစိတ်အပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ သစ်သားထည်အဆောက်အအုံများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်၍ရှေးမူမပျက်ထိန်းသိမ်းရေးထောက်ပံ့ကူညီသင့်သည်များကိုတင်ပြဆွေးနွေး၍ အမြင်ခြင်းဖလှယ်ကြသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မြန်မာ- အမေရိကန် ရှေးဟောင်းသုတေသနပညာရှင်များ၊ သစ်သားကျွမ်းကျင်ပညာရှင်များ ပူးပေါင်းကာရွှေနန်းတော်ကျောင်းကြီးကို ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းခဲ့သည်။ ရွှေနန်းတော်ကျောင်းရေရှည်ခိုင်မာစေရန်အမိုးပိုင်းရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊ ပျက်စီးနေသောတိုင်များ၊ ရက်မများအား အစားထိုးပြုပြင်ပေးခဲ့သည်။ ဝရန်တာများလည်းရှေးမူမပျက်ပြင်ဆင်ပေးခဲ့သည်။

ရွှေနန်းတော်ကျောင်းသည်အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသောဇေတဝန်ဆောင်ဖြစ်သည်။ ရွှေနန်းတော်ကျောင်းတွင် အရှေ့အနောက်တိုင် ၁၅ လုံး၊ တောင်မြောက်တိုင် ၁၀ လုံး တန်းလျက်ရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကား ငါးစင်းဖြင့် တည်ဆောက်ထားသည်။



ရွှေနန်းတော်ကျောင်းကြီးတစ်ခုလုံး မြန်မာမှုသစ်သားပန်းပု လက်ရာ၊ ခြူးပန်းခြူးနွယ်၊ အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင်တိုင်ခြေတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို စိတ်ဝင်စားဖွယ် အနုစိတ်ထုလုပ်ထားသည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးဒဏ်မှကင်းလွတ်ခဲ့သော မူလလက်ရာ သစ်သားအဆောက်အအုံဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ဗိသုကာပညာဌာနမှဆရာဆရာမများ၊ ရတနာပုံတက္ကသိုလ်ရှေးဟောင်းသုတေသနပညာဌာနမှဆရာဆရာမများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှပညာရှင်များ၊ ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ Silpakorm တက္ကသိုလ်မှရှေးဟောင်းသုတေသနပညာရှင်များ၊ ရန်ကုန်အခြေစိုက် Inya Institute သုတေသနပညာရှင်များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မြန်အောင်မြို့သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ကြောင်းမှ သင်္ဘောဖြင့်ရောက်ရှိလေ့လာ



**မြန်အောင် အောက်တိုဘာ ၃**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့သို့ အောက်တိုဘာ ၂ ရက်က ဧရာဝတီမြစ်ကြောင်းမှ ပန်ထွာမင်းသမီး သင်္ဘောဖြင့် ဧရာဝတီသင်္ဘောဆိပ်သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ရောက်ရှိ၍ မြန်အောင်မြို့အတွင်း လှည့်လည်လေ့လာခဲ့ကြသည်။

ပန်ထွာမင်းသမီးသင်္ဘောဖြင့် ရောက်ရှိလာသော ဩစတြေးလျ နိုင်ငံသား ၄၈ ဦး၊ ဗြိတိန်နိုင်ငံသား ၁၃ ဦးနှင့် နယူးဇီလန် နိုင်ငံသား နှစ်ဦးတို့သည် မြန်အောင်မြို့တွင်း နေခြည်ဈေးနှင့် မြို့တွင်းရှေးဟောင်းတိုက်တာ အဆောက်အအုံများကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလေ့လာကြပြီး မြန်အောင်မြို့တွင် ကျင်းပလျက်ရှိသော သီတင်းကျွတ်ပွဲတော် တာဝတိံသာဘုရားပွဲဈေးရှိ ဈေးဆိုင်များကို လေ့လာခဲ့ကြကြောင်းသိရသည်။

**ဝင်းမိုလ်(မြန်/ဆက်)**

# ရွှေမော်ဓောစေတီဂေါပကအဖွဲ့နှင့် မီဒီယာများတွေ့ဆုံဆွေးနွေး

**ပဲခူး အောက်တိုဘာ ၃**
ပဲခူးမြို့ ရွှေမော်ဓောစေတီ ဂေါပကရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဂေါပကအဖွဲ့၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဒေသခံမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခြင်းအခမ်းအနား ကျင်းပသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့နာယက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က လက်ရှိဂေါပကအဖွဲ့များ၏လုပ်ဆောင်ချက်များအပေါ် အများပြည်သူများပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့်ပတ်သက်ပြီး ရှေ့ဆက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ အကြံဉာဏ်၊ လိုအပ်ချက်များကို ဆွေးနွေးအကြံပြုနိုင်ရန်ရည်ရွယ်ပြီး တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း အပြုသဘောဆောင်ပြီး မှန်ကန်သောစေတနာဖြင့် ဂေါပကအဖွဲ့၏လုပ်ဆောင်ချက်များကို ထောက်ပြဝေဖန် အကြံပြုမှုများပြုလုပ်ပေးစေလိုကြောင်း ပြောကြားသည်။

ဘုရားဖူးလာပြည်သူများ၏ လုံခြုံရေးအတွက်စေတီတော်ကြီး၏ အတွင်း/အပြင်ပတ်လည်တွင် CCTVကင်မရာ ၃၂ လုံးတပ်ဆင်ထားရှိရန်စီစဉ်ထားကြောင်း၊ လုံခြုံရေးဝန်ထမ်းများ တိုးမြှင့်ခန့်အပ်ထားရှိကြောင်း၊ ဂေါပကအဖွဲ့လုပ်ဆောင်ချက်များ ပွင့်လင်းမြင်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီပြည်သူများသိရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြတိုက်အင်္ဂါရပ်နှင့်ညီသည့် ပြတိုက်တစ်ခုထားရှိရန်လည်းစီစဉ်ထားကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း ယခင်ကထက် ထူးခြားလေးနက်အောင်ပြုလုပ်ရန်ရှိကြောင်း တာဝန်ရှိဂေါပကများ၏ ရှင်းလင်းပြောကြားလျက်အရသိရသည်။

ယင်းနောက် တက်ရောက်လာသော သတင်းမီဒီယာများက သိလိုသည်များအား မေးမြန်းရာ ဂေါပကအဖွဲ့တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို သန်လျင်မြို့နယ် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးသင်တန်းခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းဖေက ရဲအုပ်အဆင့်သို့ တိုးမြှင့်ရရှိသည့် ဒုရဲအုပ် နှစ်ဦးအား အဆင့်တံဆိပ်တပ်ဆင်ပေး၍ မှုခင်းများအား စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သော တပ်ဖွဲ့ဝင်များနှင့် ရုံးလုပ်ငန်းတာဝန်ကျေပွန်သောတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၇၉)**

# မိုးသည်းထန်စွာရွာသွန်း၍ ရိတ်သိမ်းခါနီးစပါးခင်းများနစ်မြုပ်

**ရေတာရှည် အောက်တိုဘာ ၃**
ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၂ ရက် ညပိုင်းက သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် ပဲခူးရိုးမသစ်တောကြိုးဝိုင်းဒေသများရှိ စဖျင်၊ လုံးရမ်း၊ သိုင်းချောင်းနှင့် ဆွာချောင်းတို့တွင် တောင်ကျရေများထိုးကျခဲ့သည့်အပြင် ချောင်းငယ်မြောင်းငယ်များရေလျှံမှုကြောင့် ဆွာမြို့ဝန်းကျင်ရှိ ရိတ်သိမ်းခါနီးစပါးခင်းများရေဝင်နစ်မြုပ်ခဲ့သည့်အပြင် ဆွာမြို့နှင့် သာဂရမြို့များတွင် တောရေများဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည်။

"တစ်ညလုံးမိုးက တအားရွာတော့ မနက် ၄ နာရီလောက်မှာ ရပ်ကွက်တွေထဲကို ရေတွေလှိမ့်ဝင်လာတယ်။ အိမ်အောက်က ပစ္စည်းတွေကို အမြန်ရွှေ့ပြောင်းကြရတာ"ဟု ဆွာမြို့တောင်ပိုင်း အမှတ်(၂)ရက်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

ဆွာမြို့တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း လက်လံကွေ့၌ ရေများဖြတ်ကျော်စပြုနေပြီး ကားလမ်းအရှေ့ဘက်နှင့် အနောက်ဘက် စပါးစိုက်ခင်းများစွာ ရေဝင်နစ်မြုပ်လျက်ရှိရာ ယခုရက်ပိုင်းအတွင်းရိတ်သိမ်းတော့မည့် ရင့်မှည့်နေသည့်စပါးခင်းများပါဝင်လျက်ရှိရာ စပါးအရောင်ပျက်၍ ဈေးကောင်းမရမည်ကို တောင်သူများကစိုးရိမ်လျက်ရှိကြောင်း တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# (၅၃) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**
မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူး ဇော်ဝင်းနိုင်၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက် (၂၀) ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးက ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# လက်တွင်ဝတ်ဆင်ထားရုံဖြင့် ကိုယ်ခန္ဓာအပူ၊ အအေးထိန်းချုပ်ပေးမည့်နာရီ

Embr Wave ဟု အမည်ပေးထားသော လူ့ကိုယ်ခန္ဓာအပူအအေးထိန်းချုပ်ပေးနိုင်မည့် နာရီတစ်မျိုးကို ပညာရှင်အချို့က စမ်းသပ်ဖန်တီးနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါနာရီကို စမ်းသပ်ဖန်တီးသည့်အဆင့်တွင်သာရှိနေပြီး ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချရန် ရန်ပုံငွေရှာဖွေနေပြီး လာမည့် ၂၀၁၈ ခုနှစ်အစောပိုင်းကာလအတွင်း ထုတ်လုပ်ရောင်းချသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

MIT နည်းပညာတက္ကသိုလ်ကျောင်းဆင်းပညာရှင်များစုပေါင်းကာ အဆိုပါ Embr Wave နာရီဖန်တီးမှုပရောဂျက်ကို စတင်အကောင်အထည်ဖော်ခဲ့ပြီး လူပေါင်း ၂၀၀ ကျော်ကို စမ်းသပ်ဝတ်ဆင်စေ၍ ဖန်တီးအောင်မြင်မှုရရှိထားပြီဖြစ်ကာ လိုအပ်သည့်အရေအတွက်ကို ထုတ်လုပ်ရောင်းချရန်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ၎င်းနာရီသည် Anodized အလူမီနီယံသတ္တုကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး သံလိုက်ပါရှိသည့် စတီးသတ္တုလက်ပတ်ကြိုးပါဝင်သောကြောင့် စိတ်ကြိုက်ပြောင်းလဲဝတ်ဆင်နိုင်ပြီး အကြမ်းခံနိုင်မည်ဖြစ်သည်။

နာရီဝတ်ဆင်သကဲ့သို့ လွယ်ကူစွာဝတ်ဆင်ထားနိုင်ပြီး အပူ၊ အအေးထိန်းချုပ်ရန် Light Bar ပါဝင်ကာ ပူအိုက်သည့် ပတ်ဝန်းကျင်အခြေအနေတွင် Light Bar ၏ ညာဘက်အခြမ်းရှိခလုတ်ကိုနှိပ်ရုံဖြင့် ကိုယ်ခန္ဓာကိုအေးမြစေမည်ဖြစ်ပြီး အေးသည့်ပတ်ဝန်းကျင်တွင် Light Bar ၏ဘယ်ဘက်အခြမ်းရှိ ခလုတ်ကိုနှိပ်ကာ ဝတ်ဆင်ထားသူ၏ ကိုယ်ခန္ဓာကို နွေးထွေးစေမည်ဖြစ်သည်။ တစ်ကြိမ်အားသွင်းထားရုံဖြင့် နှစ်ရက်မှ သုံးရက်အတွင်း ဝတ်ဆင်အသုံးပြုနိုင်မည်ဖြစ်ပြီး အပူအအေးပြောင်းလဲမှု ၂၅ ကြိမ်မှ အကြိမ် ၅၀ အတွင်း ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ကာ အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ဖြင့် ထုတ်လုပ်ရောင်းချသွားရန်ရှိကြောင်း သိရသည်။

ALEX






Microsoft တည်ထောင်သူ ဘီလ်ဂိတ်စ်သည် ၎င်းထုတ်လုပ်ထားသည့် Window OSသုံး စမတ်ဖုန်းအစား Android စနစ်သုံးစမတ်ဖုန်းအသုံးပြုနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် Fox News သတင်းဌာနမှ အင်တာဗျူးတစ်ခုတွင် Android စနစ်စမတ်ဖုန်းကို အသုံးပြုရခြင်းအကြောင်းအရင်းကို ရှင်းလင်းဖြေကြားသွားခဲ့သည်။

ယခင်နှစ်အနည်းငယ်မှစတင်ကာ ပြိုင်ဆိုင်မှုပြင်းထန်လာသော စမတ်ဖုန်းလောကတွင် ယခုကဲ့သို့သတင်းထွက်ပေါ်လာမှုမှာ အလွန်စိုးရိမ်ဖွယ်ရာကောင်းသော်လည်း ဘီလ်ဂိတ်စ်က Android ဖုန်းကို ပြောင်းလဲအသုံးပြုနေကြောင်း Microsoft ၏ အမှုဆောင်အရာရှိချုပ်ကိုယ်တိုင်ပြောကြားခဲ့သည်။ ထိုသို့ပြောကြားပြီး Fox News နှင့် ဘီလ်ဂိတ်စ်တို့ အင်တာဗျူးတစ်ခုတွင် Microsoft Software များပါဝင်သောစမတ်ဖုန်းကို အသုံးပြုနေသည်ဟု ပြောကြားခဲ့ပြီး အသုံးပြုရခြင်းအကြောင်းအရင်းမှာ Microsoft ၏ cloud အပါအဝင် အခြားလုပ်ဆောင်မှုပိုင်းဆိုင်ရာများကို အားပေးသည့်အနေဖြင့် Android စနစ်သုံးစမတ်ဖုန်းကို အသုံးပြုရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

Microsoft အမှုဆောင်အရာရှိချုပ် ကိုယ်တိုင်ဝန်ခံပြောကြားခဲ့ခြင်းကြောင့် ၎င်းကဲ့သို့ အသုံးပြုနေခြင်းအတွက် ကုမ္ပဏီ၏ပုံရိပ်ကိုထိခိုက်နိုင်ခြင်းမရှိကြောင်း Microsoft မှကြေညာခဲ့သည်။ ဘီလ်ဂိတ်စ်သည် Android စနစ်စမတ်ဖုန်းကိုအသုံးပြုနေသော်လည်း မည်သည့်ဖုန်းအမျိုးအစားအသုံးပြုနေကြောင်းကို ထည့်သွင်းပြောကြားသွားခြင်းမရှိဟု သိရသည်။

ALEX

## အက်သလက်တီကိုအသင်းသားတွေကို ဂရစ်ဇ်မန်းအကျင့်ဖျက်ခဲ့ပြီ

အက်သလက်တီကိုနည်းပြ ဆီမြွန်နီကတော့ အက်သလက်တီကို အသင်းသားတွေကို ဂရစ်ဇ်မန်း အကျင့်ဖျက်ခဲ့တယ်လို့ လီဂါနက်စ်အသင်းနဲ့ ဂိုးမရှိသရေကျခဲ့တဲ့ ပွဲစဉ်အပြီးမှာ ပြောကြားခဲ့ပါတယ်။ ဆီမြွန်နီက အက်သလက်တီကိုရဲ့ တိုက်စစ်ပိုင်းပြဿနာကြုံတိုင်း ဂရစ်ဇ်မန်းက ချည်း ဖြေရှင်းနေတာကြောင့် အက်သလက်တီကိုအသင်းသားတွေ အကျင့်ပျက်နေကြပြီလို့ ဆိုလိုက်ပါတယ်။

အက်သလက်တီကိုအသင်းဟာ ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း နိုင်ပွဲမရသေးသလို၊ လာလီဂါ ပွဲစဉ်( ၇) အပြီး အမှတ်ပေးဇယားထိပ်က ဘာစီလိုနာနဲ့ ရမှတ် ခြောက်မှတ်အထိ ကွာဟနေတာဖြစ်ပါတယ်။ အက်သလက်တီကိုဟာ ချန်ပီယံလိဂ် ပွဲစဉ်(၂) မှာလည်း ချယ်လ်ဆီးအသင်းကို အိမ်ကွင်းမှာပဲ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီးနောက် လာလီဂါပွဲစဉ်မှာလည်း ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပါတယ်။

ဆီမြွန်နီက“ ဂရစ်ဇ်မန်းက ကျွန်တော်တို့အသင်းကို အကျင့်ဖျက်ခဲ့တဲ့ ကစားသမားပါ။ ဘာလို့လဲဆိုရင် သူက အသင်းရဲ့ တိုက်စစ်ပိုင်းပြဿနာတွေကို လိုက်လံဖြေရှင်းပေးနေတာကြောင့်ဖြစ်ပါတယ်။ သူဂိုးသွင်းချိန်မှာ အသင်းကနိုင်ပွဲရဖို့ အခွင့်အရေးများသွားပါတယ်။ ဒါပေမယ့် သူဂိုးမသွင်းနိုင်ချိန်ရောက်တော့ အခက်တွေ့ရတာက အထင်အရှားပါပဲ။ အခြားတိုက်စစ်မှူးတွေနဲ့ ကျန်အသင်းသားတွေက သူ့ကို ဂိုးသွင်းနိုင်ဖို့ ကူညီကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် လုပ်ငန်းတာဝန်ကို ခွဲခြားရပါမယ်။ ဒီတာဝန်က ဂရစ်ဇ်မန်းတစ်ဦးတည်းရဲ့ တာဝန်မဟုတ်ပါဘူး” လို့ ဆိုလိုက်တာဖြစ်ပါတယ်။

ဂရစ်ဇ်မန်းကို ခေါ်ယူဖို့ ဥရောပထိပ်တန်းအသင်းကြီးတွေကပြင်နေပြီး မန်ယူအသင်းကဆိုပေါင် ၈၈သန်းနဲ့ ခေါ်ယူဖို့ အသင့်ဖြစ်နေပါတယ်။ လာမယ့် ဇန်နဝါရီမှာ အက်သလက်တီကို အနေနဲ့ ဒီယေဂိုကော်စတာရဲ့ အပြောင်းအရွှေ့ကို တရားဝင်မှတ်ပုံတင်နိုင်မှာဖြစ်တာကြောင့် ဂရစ်ဇ်မန်းပခုံးပေါ် လုံးလုံးလျားလျားကျရောက်နေတဲ့ တိုက်စစ်ပိုင်းဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားဖို့တော့ ရှိပါတယ်။ ဒါပေမယ့် ဂရစ်ဇ်မန်းလည်း အက်သလက်တီကိုအသင်းမှာ ရေရှည် ရှိ၊ မရှိဆိုတာကလည်း မသေချာတာကြောင့် ဂရစ်ဇ်မန်းနဲ့ ဆီမြွန်နီတို့ တွဲဖက်ကစားမှုကို ပရိသတ်တွေအနေနဲ့ ကာလအတော်ကြာ ကြည့်ရှုခွင့်ရဖို့ဆိုတာတော့ မသေချာဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

## ဟယ်ရီကိန်းအသင်း ဆိုပါလား



မန်စီးတီးနည်းပြ ဂွါဒီယိုလာကတော့ ပရီမီယာလိဂ်ပြိုင်ဘက် စပါးအသင်းကို ဟယ်ရီကိန်းအသင်းလို့ သုံးနှုန်းပြီး ထိုးနှက်လိုက်ပါတယ်။ စပါးက ဟက်ဒါဖီးလ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာလည်း ဟယ်ရီကိန်း ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ဂွါဒီယိုလာက အခုလိုစကားရပ်ကို သုံးစွဲပြီး စပါးဟာ ဟယ်ရီကိန်းတစ်ဦးတည်းကိုသာ လုံးလုံးလျားလျား မှီတည်နေတဲ့ အသင်းလို့ တိုက်ရိုက်ကြီးကို နှိပ်ကွပ်လိုက်တာဖြစ်ပါတယ်။

မန်စီးတီးအသင်းက ချယ်လ်ဆီးကို ဒီဘရိုင်းရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရပြီးနောက်မှာ မန်ယူအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရပ်တည်နေပြီး စပါးနဲ့ ရမှတ် ၅ မှတ် အထိ ကွာဟအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ ဂွါဒီယိုလာက ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ရာသီက ၁၃ ပွဲဆက်နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ချယ်လ်ဆီးကို အနိုင်ရဖို့ဆိုတာ အင်မတန်ခက်ခဲတာကြောင့် ဒါမျိုးလုပ်ပြနိုင်ဖို့ မလွယ်ဘူးလို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာက ဒီနှစ်တော့ ချယ်လ်ဆီးလည်း ဥရောပပွဲတွေ ကစားရမှာမို့ ဘက်မျှသွားပြီး ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေ အခွင့်အရေး အားလုံးအတူတူဖြစ်သွားပြီလို့ ဆိုလိုက်ပါတယ်။

ဂွါဒီယိုလာက “ ဒီရာသီတော့ အသင်းကြီးတွေအားလုံး ဥရောပပွဲကန်ရမှာဆိုတော့ အခြေအနေ ရှုပ်ထွေးသွားပြီလို့ ဆိုရပါမယ်။ ကျွန်တော်တို့ဆီမှာ ယူနိုက်တက်(မန်ယူ) ရှိနေတယ်။ ဟယ်ရီကိန်းအသင်း ရှိနေတယ်။ သူ(ဟယ်ရီကိန်း)က တစ်ပွဲ နှစ်ဂိုး၊ သုံးဂိုးသွင်းနေတယ်။ ဂျို့စ်(မော်ရင်ဟို)နဲ့ အတူရှိနေတဲ့ ယူနိုက်တက်အသင်းဟာ အမြဲတမ်းယှဉ်ပြိုင်ရခက်ခဲပါတယ်။ သူတို့ဟာ တန်ပြန်တိုက်စစ်ကစားတာ အလွန်လျင်မြန်ပြီး ဒီလိုပုံစံနဲ့ တစ်ပွဲ နှစ်ဂိုးလောက် သွင်းနိုင်နေတယ်” လို့ဆိုပါတယ်။

ဟယ်ရီကိန်းမှာ စက်တင်ဘာလအတွင်း အင်္ဂလန်နဲ့ စပါးတို့အတွက် သွင်းဂိုး ၁၃ ဂိုး အထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဂွါဒီယိုလာကသာ စပါးအသင်းဟာ ကစားသမား တစ်ဦးတည်းကို မှီတည် နေတယ်လို့ ပြောပေမယ့် ဒီနှစ်ရာသီမှာပဲ စပါးက ဟယ်ရီကိန်းမပါဘဲ မန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့ပါသေးတယ်။ ဒါပေမယ့် သူက အာဆင်နယ်နဲ့ လီဗာပူးတို့ကိုတော့ ချန်ပီယံလောင်းစာရင်းကနေ ဖယ်ထုတ်ထားပြီး ဒီနှစ်သင်း ယခုနှစ်ရာသီအတွင်း ပရီမီယာလိဂ်ဖလားကို ရနိုင်ဖွယ်မရှိဘူးလို့ သုံးသပ်လိုက်ပါတယ်။

မေလှဲ့သင်း – ရေးသားသည်

## ဇီဒန်းရဲ့ တောက်ပမှုတွေ အဆုံးမသတ်ရဖို့




ရီးယဲလ်အသင်းကို နည်းပြ ဇီဒန်း ကိုင်တွယ်ပြီးနောက် တစ်ရာသီခွဲကာလအတွင်း ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက် ရယူနိုင်ခဲ့ပြီး ငါးနှစ်အတွင်း လာလီဂါဖလားကို ပြန်လည်ရရှိခဲ့ပါတယ်။ ဇီဒန်းလက်ထက်မှာ ရီးယဲလ်အသင်း စံချိန်သစ်တွေ တစ်မျိုးပြီးတစ်မျိုး ဆက်တိုက်ရရှိခဲ့ပေမယ့် ခုတော့ လာလီဂါအမှတ်ပေးဇယားအဆင့်(၅)နေရာမှာသာရပ်တည်နေရသလို ဇယားထိပ်က မဟာပြိုက်ဘက် ဘာစီလိုနာနဲ့ ခုနစ်မှတ်အထိ ကွာဟနေပါတယ်။ ဒီရာသီမှာ ရီးယဲလ်ထိပ်တန်းတိုက်စစ်မှူး စီရိုနယ်လ်ဒို အရင်ကထက် ခြေစွမ်းကျနေပြီး ပြည်တွင်းလိဂ် ငါးပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရပြီးနောက် ပြန်လည်ကစားခွင့်ရချိန် ခုထိဂိုးပေါက်ပျောက်နေဆဲပါပဲ။ စီရိုနယ်လ်ဒိုအတွက် ဒါဟာရာဇဝင်ရိုင်းတဲ့ ဖြစ်ရပ်လို့တောင် ပြောလို့ရပါတယ်။

အက်စ်ပန်ညိုနဲ့ပွဲမှာ အစ္စကို သွင်းယူခဲ့တဲ့ အဖွင့်ဂိုးကို စီရိုနယ်လ်ဒို ဖန်တီးပေးနိုင်ခဲ့တယ်လို့ ကပ်ပြီးပြောစရာ ရှိပေမယ့် ပွဲတိုင်း ခြေစွမ်းပြတတ်တဲ့ သူ့လိုကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးအတွက်တော့ ဒါဟာကျရိပ် ပြလာသလားလို့တောင် သံသယဝင်မိပါတယ်။ စီရိုနယ်လ်ဒို ပုံမှန်ခြေစွမ်းမရချိန်မှာ ရီးယဲလ် အတွက် နောက်ထပ်ကြီးမားတဲ့ ထိုးနှက်ချက်ကတော့ အကောင်းဆုံးပုံစံရနေတဲ့ ဂါရတ်ဘေးလ်တစ်ယောက် ဒဏ်ရာပြဿနာ ထပ်ကြုံရခြင်းပါ။ ရီးယဲလ်က ဒေါ့မွန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲစဉ်မှာ ဂါရတ်ဘေးလ်ရဲ့ အကောင်း ဆုံးခြေစွမ်းကို မြင် တွေ့ခဲ့ရပေမယ့် ပွဲချိန် ၈၆ မိနစ်မှာတော့ လူစားလဲခဲ့ရပါတယ်။ ဂါရတ်ဘေးလ်ဟာ သူ့ရဲ့ ဘယ်ဘက်ခြေသလုံးကိုကိုင်ပြီး နာကျင်နေတဲ့ပုံရှိနေတာ ဖြစ်ပါတယ်။

ဇီဒန်းကတော့ ဂါရတ်ဘေးလ်ရဲ့ ဒဏ်ရာက ရောင်ရမ်းနေပြီး အကြီးစားဒဏ်ရာ ရရှိတဲ့ပုံစံတော့ မရှိဘူးလို့ ဆိုခဲ့ပေမယ့် ဒါဟာ ပွဲရဲ့ အလှည့်အပြောင်း တစ်ခုပဲလို့ မှတ်ချက်ပြုပါတယ်။ဂါရတ်ဘေးလ်ဟာ ၂၀၁၃ခုနှစ် စပါးကနေ ရီးယဲလ် ကို ရောက်လာပြီး လေးရာသီကျော် ငါးရာသီကာလ ချဉ်းကပ်လာချိန်မှာ စုစုပေါင်း ဒဏ်ရာ ၁၇ ကြိမ် ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဂါရတ်ဘေးလ်က အသင်းဖော် အစ္စကိုကို သူ့အနေနဲ့ ဒဏ်ရာနေရာက ဝန်ပိုထမ်းထားရသလို လေးလေးပင်ပင်ကြီး ခံစားနေတယ်လို့ ပြောကြားခဲ့ကြောင်း စပိန်ရုပ်သံ အယ်လ်လိုဂန်ဇိုက ဖော်ပြပါတယ်။ ရီးယဲလ်ဆေးအဖွဲ့က ဂါရတ်ဘေးလ်ရဲ့ ကြွက်သားတွေကို စစ်ဆေးခဲ့ပြီး ဒီမတိုင်မီကလည်း အဲဒီနေရာကို ခြောက်ကြိမ်တိုင် စစ်ဆေးခဲ့ရပြီးဖြစ်ပါတယ်။

ရီးယဲလ်အသင်းတာဝန်ရှိသူတွေကတော့ ဘေးလ်ဒဏ်ရာအပေါ် စိုးရိမ်မှုတွေရှိနေပြီး နောက်ထပ် ဒဏ်ရာကြီးကြီးမားမားထပ်မရဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။

ရီးယဲလ်နည်းပြ ဇီဒန်းက ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း မိုရာတာနဲ့ ဂျိမ်းစ်ရိုရီဂွက်ဇ်တို့လို တိုက်စစ်ကစားသမားတွေကို အသင်းကနေ ထွက်ခွာပေးခဲ့တာကြောင့် ဒီနှစ်ရာသီ တိုက်စစ်ပိုင်း အင်အားတောင့်တင်းမှု လျော့ပါးသွားခဲ့ပါတယ်။ ဒ့ါအပြင် ဇီဒန်းလိုချင်တဲ့ တိုက်စစ်မှူးလေးမက်ပီကပီအက်စ်ဂျီကိုရွေးချယ်ခဲ့လို့လည်း ရီးယဲလ် အခက်ကြုံခဲ့ရတာဖြစ်ပါတယ်။ ဇီဒန်းအနေနဲ့ ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်မှာ တိုက်စစ်ကစားသမား နှစ်ဦးလောက်ကို ပြန်အားဖြည့်နိုင်မှသာ ချန်ပီယံလိဂ် အတွက်ရော လာလီဂါအတွက်ပါ စိတ်ချရမှာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ အပူခုံကြီးလို့ နာမည်ကြီးတဲ့ ရီးယဲလ်နည်းပြခုံမှာ ဇီဒန်းလည်း ဘယ်လောက်ပဲ အောင်မြင်မှုရခဲ့ရခဲ့ ဆက်ထိုင်နိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။

ရီးယဲလ်မက်ဒရစ်အသင်းဆိုတာ ဒယ်လ်ဘော့စကေး၊ ကာပယ်လို၊ မော်ရင်ဟို၊ အန်စလော့တီ တို့လို နည်းပြတွေကို ထုတ်ပယ်ခဲ့ပြီးဖြစ်ပါတယ်။ အခြားအသင်းကို ကိုင်တွယ်တဲ့ နည်းပြတွေအတွက် ချန်ပီယံလိဂ် ဝင်ခွင့်ရရင် အောင်မြင်တယ်လို့ ပြောနိုင်ပေမယ့် ရီးယဲလ်နည်းပြဘဝကတော့ အောင်မြင်မှုတွေလည်း ရယူပြနိုင်ရမယ်ဆိုတဲ့အပြင် ရသဆန်တဲ့ ကစားဟန်လည်း ဖြစ်ရဦးမယ်ဆိုတဲ့ နောက်ထပ်တာဝန်ကြီးကလည်း ပိုပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ဇီဒန်းကတော့ ရီးယဲလ်ကစားသမားဘဝမှာလည်း အောင်မြင်မှုရခဲ့သူဖြစ်သလို မတူညီတဲ့ နည်းပြတွေရဲ့ လက်အောက်မှာ ကစားခဲ့ရတာကြောင့် ဘယ်အချိန်မှာ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ သူကောင်းကောင်းသိမယ်လို့ ထင်ပါတယ်။

# ၂၀၁၈ မယ်စကြဝဠာပြိုင်ပွဲကြီး၏ Runner Up ဆုရှင်များ နှင့် တွေ့ဆုံခြင်း

**ကမ္ဘာတစ်ဝန်း စစ်ပွဲနှင့် အကြမ်းဖက်မှုများရပ်တန့်စေရန်ရည်ရွယ်၍ ကျင်းပသည့် Miss Grand International ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှစတင်ကာ ကျင်းပခဲ့ပြီး နှစ်စဉ် နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သော Miss Universe Myanmar 2018 ပြိုင်ပွဲကြီးတွင် 1st Runner Up သရဖူကို ရရှိခဲ့ပြီး Miss Grand International ပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသူ နေပြည်တော်ကိုယ်စားပြုအလှမယ် စုမြတ်ဖူး၊ 2nd Runner Up ဆုရရှိခဲ့သူ အလှမယ် နန်းမွေဖောင်းလုံတို့နှင့် တွေ့ဆုံစဉ် မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်သည်။**



## စုမြတ်ဖူး

မေး။ ။ ပထမဆုံးအနေနဲ့ Miss Grand Myanmar သရဖူကိုရခဲ့တဲ့အပေါ် ရင်ခုန်သံကို ပြောပေးပါဦး။

ဖြေ။ ။ ညီမ ဒီဆုကို လုံးဝမမျှော်လင့်ဘဲရခဲ့တာပါ။ အဲဒီလိုမမျှော်လင့်ဘဲရခဲ့တဲ့အတွက် အလွန်ကို ဝမ်းသာခဲ့ပါတယ်။ စင်ပေါ်မှာ ကတုန်ကရင်တွေတောင် ဖြစ်ခဲ့ရပါတယ်။ (ရယ်လျက်)

မေး။ ။ ညီမလေးအနေနဲ့ ဒီပြိုင်ပွဲကြီးအတွက် အချိန် ဘယ်လောက်ပေးပြီး ပြင်ဆင်ခဲ့ရလဲ။

ဖြေ။ ။ဒီပွဲအတွက်ကို ညီမက ပြင်ဆင်ချိန် ခြောက်လလောက်ပဲ ရလိုက်ပါတယ်။ အခုလာမယ့် နိုင်ငံတကာပွဲကို သွားပြိုင်ဖို့အတွက် အချိန်တစ်နှစ်လောက် ရပါသေးတယ်။

မေး။ ။ နေပြည်တော်ကိုယ်စားပြုအနေနဲ့ ပြိုင်ခဲ့တယ်ဆိုတော့ ဇာတိက နေပြည်တော်ကပဲလား။

ဖြေ။ ။ ဟုတ်။ နေပြည်တော်ကပါပဲ။ ညီမက နေပြည်တော် ဂုန်သာရဘုရားလမ်းမှာ နေတာပါ။

မေး။ ။ Miss Universe Myanmar ပြိုင်ပွဲကြီးကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဝင်ပြိုင်ဖြစ်ခဲ့တာလဲ။

ဖြေ။ ။ ၂၀၁၃ လောက်က ညီမက ပြည်တွင်းပွဲတွေ ဝင်ပြိုင်ဖြစ်တယ်။ အဲဒီအချိန်က ငယ်သေးတယ်။ ဘာဆုမှလည်း မရခဲ့ဘူး။ အတွေ့အကြုံတွေကလည်း မရင့်ကျက်သေးဘူး။ အခု ဒီမှာကျတော့ ညီမ သေချာပြင်ဆင်မှုတွေလုပ်ခဲ့တယ်။ ညီမဖြစ်ချင်တာက မြန်မာ့ဂုဏ်ဆောင်တဲ့သူတစ်ယောက် ဖြစ်ချင်တာပါ။ အဲဒါကြောင့် ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ခဲ့တာပါ။

မေး။ ။ ဒီပွဲမပြိုင်ခင် အခြားပြိုင်ဖြစ်ခဲ့တဲ့ ပြိုင်ပွဲတွေ အကြောင်းလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အရှေ့မှာ ၂၀၁၃ ခုနှစ်က Miss People၊ Miss Now How မှာ ဝင်ပြိုင်ဖူးပါတယ်။ ပြီးတော့ ကြားထဲမှာ နှစ်နှစ်၊ သုံးနှစ်လောက် ညီမ နားလိုက်တယ်။ အခုမှ ဒီပြိုင်ပွဲကို ဝင်ပြိုင်တာပါ။

မေး။ ။Miss Universe Myanmar ပြိုင်ပွဲမှာ သရဖူတစ်ခုရရမယ်လို့ မျှော်လင့်ထားခဲ့တာလား။

ဖြေ။ ။ညီမဝင်ပြိုင်ကတည်းက စိတ်ထဲမှာ Miss Universe ဖြစ်ချင်လို့ ဝင်ပြိုင်ခဲ့တာပါ။ ဒါပေမယ့် ပြိုင်ပွဲဝင်တွေအကုန်လုံးက သူ့အရည်အချင်းနဲ့သူ ထူးချွန်နေတော့ ညီမ သိပ်ပြီးတော့မမျှော်လင့်ရဲဘူး။ ဒါပေမယ့် ညီမကိုယ်ညီမ ယုံကြည်ချက်ရှိရှိနဲ့ ဒီဆုကို ရကိုရရမယ်လို့ မျှော်လင့်ခဲ့ပါတယ်။ Miss Universe ဆုနဲ့လွဲချော်ပေမယ့်လည်း Miss Grand Myanmar အဖြစ် ရွေးချယ်ခံရတာကိုတော့ ဂုဏ်ယူမိပါတယ်ရှင်။

မေး။ ။နောင်နှစ်ဆို နိုင်ငံတကာပြိုင်ပွဲကြီးမှာ နိုင်ငံကိုယ်စားပြုအနေနဲ့သွားရမယ်ဆိုတော့ ကိုယ့်ရဲ့အားသာချက်၊ အားနည်းချက်တွေကိုကော ပြန်သုံးသပ်ပြီးသွားပြီလား။ ဘာတွေ ဆက်လက်လုပ်ဆောင်သွားမလဲ။

ဖြေ။ ။ညီမရဲ့ အားသာချက်က နိုင်ငံခြားမှာ သွားပြိုင်ရရင်လည်း မကြောက်ဘူး။ ရဲရဲဝံ့ဝံ့သွားပြိုင်ရဲတယ်။ အားနည်းချက်ကတော့ အပြင်မှာ ပြောနေကြသလိုပဲ။ အခုလောလောဆယ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာမှာ ပြုပြင်ဖို့လိုသေးပါတယ်။ အဲဒီအတွက် နောက်ရက်တွေကစပြီး ညီမ လက်တွေ့ထိုးမယ်။ ဝိတ်ကျအောင်ပြန်လုပ်ပြီး ပရိသတ်တွေ ညီမကို လက်ခံလာအောင် ကြိုးစားသွားမှာပါ။

မေး။ ။အထွေထွေဗဟုသုတပိုင်းကော ဘယ်လို အကြောင်းအရာတွေကို အဓိကထားလေ့လာဖြစ်မလဲ။

ဖြေ။ ။Miss Grand International ဆိုတာ ကမ္ဘာကို ငြိမ်းချမ်းအောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြိုင်ပွဲကို ကျင်းပကြတာဆိုတော့ အဲဒါနဲ့ပတ်သက်ပြီး ကိုယ့်နိုင်ငံမှာဖြစ်ပျက်နေတဲ့ နိုင်ငံရေးတွေကို လေ့လာရမယ်။ အရင်တုန်းကဖြစ်ခဲ့တာတွေရော အခုလက်ရှိဖြစ်နေတာတွေပါ အကုန်လုံးကိုလေ့လာပြီးတော့ ပြင်ဆင်သွားမှာပါ။

မေး။ ။အခုဆို နိုင်ငံ့ဂုဏ်ဆောင် အလှမယ်တစ်ယောက်ဖြစ်သွားပြီဆိုတော့ အလှမယ်တစ်ယောက်အနေနဲ့ ဘယ်လို ပြုမူနေထိုင်သင့်တယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ညီမတို့က မြန်မာ့ဂုဏ်ဆောင်တစ်ယောက်ဖြစ်သွားပြီဆိုရင် မြန်မာအမျိုးသမီးတွေရဲ့ဂုဏ်ကို ဆောင်နိုင်ဖို့အတွက် ညီမတို့ဘက်က ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ၊ အပြုအမူတွေကအစ အားလုံးကို သေချာလိုက်နာပြီး ကိုယ်တတ်နိုင်သလောက် ဂရုစိုက်နေထိုင်သွားရမှာပါ။

မေး။ ။ညီမကို အားပေးနေတဲ့ပရိသတ်တွေကိုရော ဘာတွေများပြောပြချင်သေးလဲ။

ဖြေ။ ။ညီမ အခု Miss Grand Myanmar 2018 ကို ရခဲ့ပါတယ်။ အဲဒါရရှိခဲ့တဲ့အတွက် ၂၀၁၉ မှာ ညီမသွားပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီအတွက် ညီမ အစစအရာရာ အားလုံးကို ပြင်ဆင်သွားမှာပါ။ ပရိသတ်လက်ခံလာတဲ့အထိ ညီမ ကြိုးစားသွားမှာမို့လို့ ညီမကို စောင့်ကြည့်ပြီးတော့ ဝေဖန်အားပေးကြပါလို့။

## နန်းမွေဖောင်းလုံ

အလှမယ် နန်းမွေဖောင်းလုံသည် Miss Universe Myanmar 2018 ပြိုင်ပွဲကြီးတွင် တာချီလိတ်မြို့ ကိုယ်စားပြုအလှမယ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး 2nd Runner Up ဆုရရှိခဲ့သူဖြစ်သည်။

မေး။ ။ ဒီဆုရခဲ့တဲ့အပေါ်မှာ ညီမရဲ့ ခံစားချက်လေး ကိုပြောပြပေးပါဦး။

ဖြေ။ ။ 2nd Runner up ဆုရရှိခဲ့တဲ့အတွက် ညီမ အလွန်ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Miss Universe Myanmar ပြိုင်ပွဲက ညီမရဲ့ပထမဆုံးပြိုင်ပွဲလည်း ဖြစ်တယ်။ ပထမဆုံးပြိုင်တဲ့ပြိုင်ပွဲမှာပဲ 2nd Runner Up ဆုကိုရရှိခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ဒီဆုက ညီမအတွက် အကြီးကျယ်ဆုံး ဆုလာဘ်တစ်ခုလို့ထင်ပါတယ်။

မေး။ ။ ဒီပြိုင်ပွဲဝင်ပြိုင်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ အစကတော့ ညီမ ဒီပြိုင်ပွဲဝင်ပြိုင်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ ကျောင်းပိတ်တဲ့ကာလလည်း ဖြစ်တယ်။ ပြိုင်ပွဲဝင်ပြိုင်တဲ့အချိန်နဲ့ ညီမအားတဲ့ အချိန်လေးနဲ့ တိုက်နေတဲ့အတွက် ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖူးခဲ့တယ်ဆိုတဲ့ အတွေ့အကြုံရချင်တဲ့အတွက် ဝင်ပြိုင်ဖြစ်ခဲ့တာပါ။

မေး။ ။ပြိုင်ပွဲမဝင်ခင် ပြိုင်ပွဲနဲ့ပတ်သက်တာတွေ ဘယ်လိုပြင်ဆင်ဖြစ်ခဲ့လဲ။

ဖြေ။ ။ Miss Universe Myanmar ပြိုင်ပွဲ ဝင်ပြိုင်ဖို့အတွက် ပြင်ဆင်ရမယ့်အချက်တွေကတော့ အများကြီးပါပဲ။ မကြောက်မရွံ့ဖို့နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့အတွက် ပြင်ဆင်ခဲ့ရတယ်။ အထွေထွေဗဟုသုတတွေလည်း လေ့လာရပါတယ်။

မေး။ ။ အခုတော်တော်များများပြောနေကြတာက အလှမယ်ပြိုင်ပွဲတွေမှာ အထွေထွေဗဟုသုတပိုင်းတွေ အားနည်းနေတယ်လို့ ပြောနေကြတဲ့အပေါ်မှာရော မယ်တစ်ယောက်အနေနဲ့ ဘာများပြောချင်လဲ။

ဖြေ။ ။ အထွေထွေဗဟုသုတ အားနည်းနေတယ်လို့ ပြောနေကြတာက အထွေထွေဗဟုသုတဆိုတာက အထွေထွေပေါ့နော်။ အများကြီးပါတယ်။ ဘယ်အပိုင်းက ဘယ်လိုဆိုတာ တစ်ယောက်နဲ့တစ်ယောက် သိတဲ့အပိုင်းက မတူကြဘူး။ အဲဒီအတွက်ကြောင့် ကွဲပြားတဲ့ရှုထောင့်တွေကနေ မြင်ကြတဲ့အပေါ်မှာ ပြောကြတယ်လို့ထင်ပါတယ်။ လူတိုင်းမှာ ကိုယ့်ရဲ့ သန်ရာသန်ရာဗဟုသုတအသီးသီး ရှိကြတယ်လို့ ညီမထင်ပါတယ်။

မေး။ ။ တချို့ကတော့ Miss ပြိုင်ပွဲဝင်ပြိုင်တယ်ဆိုတာက သရုပ်ဆောင်ဖြစ်ချင်လို့ ပြိုင်တာမျိုးတွေ ဒါမှမဟုတ် ကျော်ကြားချင်လို့ပြိုင်တာမျိုးတွေလည်း ရှိနေတော့ ညီမရဲ့ ပြိုင်ပွဲဝင်ပြိုင်ဖြစ်တဲ့ အဓိကအကြောင်း အရင်းက ဘယ်လိုမျိုးလဲ။

ဖြေ။ ။ညီမကတော့ Miss ပြိုင်ပွဲ ဝင်ပြိုင်ဖြစ်ကတည်းက ပြည်နယ်ကိုယ်စားပြုအနေနဲ့ ဝင်ပြိုင်တာမျိုးကို အလွန်စိတ်ဝင်စားပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ကတော့ ရည်ရွယ်ချက်ချင်းမတူပါဘူး။ ညီမကတော့ ဒီပွဲကို ဝင်ပြိုင်ဖြစ်တာက အတွေ့အကြုံလိုချင်လို့ ဝင်ပြိုင်ဖြစ်တာရယ်။ တကယ်လို့ အခွင့်အရေးရမယ်ဆိုရင် ညီမ မြို့ရဲ့ကိုယ်စားပြုအနေနဲ့ ဖြစ်ချင်တာကြောင့် ဝင်ပြိုင်ဖြစ်ခဲ့တာပါ။



မေး။ ။ဒီပြိုင်ပွဲအပြင် နောက်ထပ်ကော အခြားပြိုင်ပွဲတွေ ဝင်ပြိုင်ဖို့အစီအစဉ်ရှိလား။

ဖြေ။ ။ဟုတ်ကဲ့။ အစီအစဉ်ရှိပါတယ်။ 2nd Runner up အနေနဲ့ Organization ကလွှတ်တဲ့ တခြားပြိုင်ပွဲတွေကို ဝင်ပြိုင်သွားဖို့ရှိပါတယ်။

မေး။ ။အားပေးနေတဲ့ ပရိသတ်ကြီးကိုကော ညီမ ပြောပြချင်တာများ ရှိလား။

ဖြေ။ ။ညီမကို ပွဲထိလာရောက်အားပေးကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်တယ်။ တာချီလိတ်က ပရိသတ်တွေကိုကော၊ အွန်လိုင်းကနေ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်ကြီးကိုကော အားလုံးကို ကျေးဇူးတင်ပါတယ်။ ညီမ အကောင်းဆုံးကြိုးစားခဲ့ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-အေးမင်းသူ**

# လတ်စ်ဗီးဂတ်စ်ဖျော်ဖြေပွဲအတွက် ဝမ်းနည်းကြောင်း ကြယ်ပွင့်များ ထုတ်ဖော်

ပြီးခဲ့တဲ့တနင်္ဂနွေနေ့က အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ သေနတ်သမားတစ်ဦးရဲ့ပစ်ခတ်မှုကြောင့် လူငါးဆယ်ကျော်သေဆုံးခဲ့ပြီး ငါးရာကျော်ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အောက်တိုဘာ ၃ ရက်က နောက်ဆုံးထုတ်ပြန်ခဲ့တဲ့ သတင်းတွေအရ သိရပါတယ်။ ဒီလိုတေးဂီတဖျော်ဖြေပွဲမှာ တိုက်ခိုက်ခံခဲ့ရပြီး လူအများအပြား သေဆုံးခဲ့ရတာဟာ ခေတ်သစ်အမေရိကန်နိုင်ငံရဲ့သမိုင်းမှာတော့ လူအများဆုံးသေဆုံးခဲ့ရတဲ့ဖြစ်ရပ်လည်းဖြစ်ပါတယ်။ ဒီလိုဝမ်းနည်းဖွယ်သတင်းကိုကြားသိခဲ့ရပြီးတဲ့နောက်မှာတော့ အနုပညာရှင်တွေများစွာက သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြတာလည်း တွေ့ရပြီး ဒီလိုဖော်ပြခဲ့ကြတဲ့သူတွေထဲမှာ နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေလာဆွစ်၊ ရီဟားနား၊ အရီရန်နာဂရန်းဒ်၊ ဟယ်ရီစတိုင်စတဲ့ တေးသံရှင်တွေလည်းပါဝင်ကြောင်း အမ်တီဗွီဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက် ညပိုင်းက သေနတ်သမားတစ်ဦးဟာ လတ်စ်ဗီးဂတ်စ်မှာရှိတဲ့ မန္တလေးပင်လယ်အော်အပန်းဖြေစခန်းနဲ့ ကာစီနိုကဟိုတယ်ရဲ့ ၃၂ ထပ်ကနေ ကွင်းပြင်မှာကျင်းပနေတဲ့ ကန်းတရီးတေးဂီတဖျော်ဖြေပွဲဆီသို့ သေနတ်နဲ့ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ လတ်တလောထုတ်ဖော်ချက်တွေအရ (၉၁)လမ်းပေါ်မှာ ကျင်းပနေတဲ့ ကောက်ရိတ်သိမ်းပွဲတော် အထိမ်းအမှတ်တေးဂီတဖျော်ဖြေပွဲပရိသတ်တွေကို ပစ်ခတ်ခဲ့သူဟာ အသက် (၆၄)နှစ်အရွယ် စတီဖန်ပက်ဒေါ့ခ်ဆိုသူဖြစ်ပြီး လူအုပ်ဆီသို့ စက်သေနတ်နဲ့ ပစ်ခတ်ခဲ့ပုံရပါတယ်။ နောက်ဆုံးရသတင်းတွေအရ လူပေါင်း ၅၈ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူဦးရေဟာလည်း ၅၁၅ ဦးရှိခဲ့ကာ အချိန်နဲ့အမျှသေဆုံး၊ ဒဏ်ရာရသူဦးရေ တိုးလာနေတာလည်း ဖြစ်ပါတယ်။ သေနတ်သမားကိုတော့ ဒေသခံရဲတွေက အသေဖမ်းဆီးခဲ့ကြကြောင်းလည်း သိရပါတယ်။

ဒီလိုဖျော်ဖြေပွဲကျင်းပနေစဉ် လုပ်ကြံတိုက်ခိုက်မှုတွေ ယခင်ကလည်း ဖြစ်ပွားခဲ့ပေမယ့် လတ်တလောဖြစ်ပွားခဲ့တဲ့ သေနတ်နဲ့ ပစ်ခတ်ခံခဲ့ရမှုဟာ လူအများဆုံးသေဆုံးစေခဲ့တဲ့ အမှုတစ်ခုဖြစ်ခဲ့ပြီး ဖျော်ဖြေပွဲတွေမှာ တိုက်ခိုက်ခံရတာကြောင့် သေဆုံးခဲ့ရသူတွေနဲ့ ဒဏ်ရာရခဲ့ရသူတွေအတွက် ဝမ်းနည်းကြောင်း တေးသံရှင်များစွာက လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

လတ်စ်ဗီးဂတ်စ် ပစ်ခတ်မှုနဲ့ပတ်သက်ပြီး ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြတဲ့ ဂီတကြယ်ပွင့်တွေထဲမှာ ဂျက်စတင်ဘီဘာ၊ လော်ဒီ၊ ဆမ်စမစ်သ်၊ ဆွမ်န်မန်းဒပ်၊ နစ်ခဂျိုးနက်စ်အစရှိတဲ့နာမည်ကျော်တွေ ပါဝင်ပြီး တေးသံရှင် စလင်းဒီယွန်ကလည်း ဖျော်ဖြေပွဲမှာ သေဆုံးဒဏ်ရာရခဲ့သူတွေအတွက် ဆုတောင်းစကားတွေကို ဦးစွာရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် အချို့သောပေါ့ပ်ကြယ်ပွင့်တွေက ယင်းပစ်ခတ်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး သူတို့ရဲ့ထင်မြင်ချက်တွေကို တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြရာ လေဒီဂါဂါကတော့ နိုင်ငံရေးပါတီတွေ အချင်းချင်းပိုမိုစည်းလုံးဖို့ လိုအပ်နေပြီဖြစ်ကြောင်းနဲ့ ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ကတော့ လက်နက်ကိုင်ဆောင်မှု ပိုမိုထိန်းချုပ်ဖို့အတွက် တောင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။

(အေးပြည့်)







## ရောင်းမည်/ ငှားမည်

လမ်းမတော် ၁၀လမ်း၊ 7/8 HK ၂လွှာ၊ ရောင်း/ငှား
မော်တင် မြေညီ ပေကျယ် ငှား(ရုံးခန်း)
ပုသိမ်မြို့ထဲ လုံးချင်း၊ ၂ထပ်တိုက် ငှား/ရောင်း
ဆက်သွယ်ရန် ph-09-420488787, 09-420488686

## ဝန်ထမ်းအမြန်အလိုရှိသည်

အိမ်ခြံ မြေစိတ်ဝင်စားသူ မ(၂)ဦး
အိမ်ခြံမြေအတွေ့အကြုံရှိ မ(၂)ဦး
အဆောင်စီစဉ်ပေးမည်
09-5198227,09-73165777

## ကိုသန့်ဇင်

CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

## အလိုရှိသည်

ယာဉ်မောင်း (၁) ဦး
09-79-509-9696

## ပျောက်ဆုံးကြောင်း

Myanmar Thilawa SEZ Holdings Public Co.,Ltd မှ အစုရှယ်ယာ ထည့်သွင်းထားသော ကျွန်တော်ဦးအောင်မြင့်နှင်း[၁၂/သဃက(နိုင်)၀၈၃၇၈၄] ၏ အစုရှယ်ယာသက်သေခံလက်မှတ် ID No.11926 မှာ ၁၅-၁-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၅၀၁၆၃၁၇



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၀-၉-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။




## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀ × ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁ သိန်း |
| ၃။ | အခန်းတံခါး | ၂ သိန်း |
| ၄။ | ရေချိုးခန်း | ၃ သိန်း |
| ၅။ | ကုဋိတစ်ခန်း | ၅ သိန်း |
| ၆။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | ဓာတ်လှေခါး | ၂၅၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားမဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း - ၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံးစည်လမ်းမတော်
(Account No.061-301-06100921001)
နိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၅၊ ၁၈၊ ၁၅၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဆုံသစ္စာ**
ခရီးနီး/ဝေးလချုပ်ကားမျိုးစုံနှင့် ဘုရားဖူးစီးလုံးငှား ယာဉ်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph : 0973174066
095504667

## တစ်ချက်တည်းကျင်းဝင်
## (ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် နံနက် (၁၀း၂၀)နာရီတွင် ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးကျော်မျိုးထွန်းသည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးစံမင်း၊ ဦးအေးကျော်၊ ဦးအောင်မြင့်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)ကို(၁၇၀)ကိုက်အကွာမှ Reygrande(3) ဘောလုံးအား Golf Planner Iron(5) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

**ယမင်းသူ**
မြို့တွင်း၊ မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ် (မ/၃၃၅) နေ မစိုးစန္ဒာ၏ ဖခင်ဦးအုန်းမောင်နှင့် ဦးအုံးမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။




သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# အခွန်တံဆိပ်ခေါင်းဝယ်ယူမှုနှင့်စပ်လျဉ်း၍ အများပြည်သူများသိစေရန် အသိပေးကြေညာခြင်း

➢ ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ နေပြည်တော်နှင့်ရန်ကုန်တံဆိပ်ခေါင်းအရောင်းကောင်တာများတွင်လည်းကောင်း တံဆိပ်ခေါင်းများကို အများပြည်သူသို့ ရောင်းချပေးလျက်ရှိပါသည်။

➢ ယခုအခါတွင် တံဆိပ်ခေါင်းလိုအပ်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရန်အတွက် ၁-၆-၂၀၁၆ ရက်မှစတင်၍ အောက်ပါမြို့နယ်အဆင့်သတ်မှတ်ချက်အတိုင်း မြို့နယ်ပေါင်း (၉၃)မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအရေအတွက် (၂၉၈)ဦးဖြင့် ရောင်းချခွင့်ပြုခဲ့ပြီး ၁၂-၇-၂၀၁၇ ရက်တွင် မြို့နယ်ပေါင်း (၁၀၁) မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ပြုသူ (၃၅၁)ဦးဖြင့် ရောင်းချပေးလျက်ရှိပါသည်။

| စဉ် | မြို့နယ်အဆင့် | လိုင်စင်ရရောင်းချသူအရေအတွက် |
|---|---|---|
| (၁) | အထူး(က)အဆင့်မြို့နယ် | (၁၀)ယောက် |
| (၂) | (က)အဆင့်မြို့နယ် | (၇)ယောက် |
| (၃) | (ခ) အဆင့်မြို့နယ် | (၅)ယောက် |
| (၄) | (ဂ)အဆင့်မြို့နယ် | (၃)ယောက် |

➢ တံဆိပ်ခေါင်းလိုအပ်သူများအနေဖြင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများထံတွင်လည်း အောက်ဖော်ပြပါ "ရုံးခွန်တံဆိပ်ခေါင်းနှင့် အခွန်တံဆိပ်ခေါင်း" အမျိုးအစားများကို မူရင်းတန်ဖိုးအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(၁) ရုံးခွန်နှိပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ၊
(၂) ရုံးခွန်ကပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၂၅ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ၊
(၃) အခွန်နှိပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ၊
(၄) အခွန်ကပ်တံဆိပ်ခေါင်းအတွက် တန်ဖိုး ၅ ကျပ်တန်၊

➢ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ဝယ်ယူရောင်းချခြင်းလုပ်ငန်းကိစ္စရပ်အတွက် လိုအပ်သည့် တံဆိပ်ခေါင်းများအား ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်မှုအပေါ် ဝင်ငွေရလမ်းစိစစ်မှုပြီးစီးမှသာ လိုအပ်သည့်တံဆိပ်ခေါင်းများအား အမြန်ဆုံးရောင်းချပေးလျက်ရှိပါသည်။

➢ တံဆိပ်ခေါင်းဝယ်ယူရန် အခက်အခဲဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများနှင့် ရုံးချုပ်၊ စီမံရေးရာဌာနခွဲသို့ (၀၆၇-၄၃၀၄၀၇)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။




"နာတာရှည်ကျောက်ကပ်ရောဂါဝေဒနာရှင်များအတွက် အားထားစရာ မျှော်လင့်ချက်အသစ်"

**ကျောက်ကပ်ဆေးပင်**

**ဒေါက်တာခင်မောင်လွင် (FAME)**

အဆိုပါကျောက်ကပ်ဆေးပင်နှင့်ပတ်သက်၍ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော သိပ္ပံနည်းကျ သုတေသနတွေ့ရှိချက်များ၊ ကျန်းမာရေးဆိုင်ရာအကျိုးအာနိသင်များနှင့် သတိပြုရမည့်အချက်များကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာ ဖတ်ရှုနိုင်ရန် အသေးစိတ် ရေးသားဖော်ပြထားပါသည်။

Ks 5,000

အမြို့မြို့အနယ်နယ်ရှိ City Mart နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။

Ph: 09-965 559 860, 01-3682 199, 3685 083, 3685 609




**ရွှေမြင့်မိုရ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်၊
Ph:09-450093119
09-263119919
09-777565619

နိုင်ငံခြားသားနေထိုင်ရန် Junction Square အနီး Crystal Condo, အလုံ Hill Top Vista Condo နှင့် ဗဟန်း၊ ရန်ကင်းမြို့နယ်များရှိ အဆင့်မြင့်ကွန်ဒိုများ ငှားရမ်း/ဝယ်ယူလိုပါသဖြင့်ပိုင်ရှင်များတိုက်ရိုက် ဆက်သွယ်အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်။
Ph: 09-420139326, 09-402726983

**ကုန်အမှတ်တံဆိပ်ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစက်မှုဇုန်၊ အမှတ်(၂၅၀)၊ ၂-လမ်းနေ ဦးသီဟဟိန်း(၁၂/မဂဒ(နိုင်)၁၃၈၃၃၁)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၁၀၀၈၀ ဖြင့် မှတ်ပုံတင်ထားပါသည်။

fantasy

မှတ်ပုံတင်အမှတ် ၄/၁၀၀၈၀

ဦးသီဟဟိန်းသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့် ဘက်ထ္ထရီဆိုင်ရာအမျိုးမျိုးနှင့် အစိုပစ္စည်းအမျိုးမျိုးတို့ကို တင်သွင်းဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်ဖြင့်တစ်ဦးတစ်ယောက်ကမှတ်ပုံတင်ထားခြင်းရှိပါက ကျွန်ုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေငြာအပ်ပါသည်။
မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၅)ရပ်ကွက်
တံသာဝတီလမ်းဖုန်း-၀၉ ၉၇၉၅၁၀၅၃၊ ၀၉ ၉၆၉၀၃၆၀၈၇

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ တိုက်အမှတ်(၂၀/၂၂B)၊ အခန်းအမှတ်(၃လွှာ-A) အကျယ်အဝန်းပေ(၃၀×၇၀)၊ ဧရိယာ(၂၁၀၀) စတုရန်းပေရှိ (၃)လွှာကွန်ဒိုတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးကျင်သိန်း(ခ)ဦးသိန်းဝင်း[၉/မရမ(နိုင်)၀၆၇၂၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းများနှင့်ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ခိုင်(ခ)ဦးအင်ပို့** **(စဉ်-၆၇၀၅)** **ဒေါ်စန်းဌေး** **(စဉ်-၈၄၅၄)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၃၃/၄၉)၊ အခန်း(၃၇)၊ Strand Condo မဟာဗန္ဓုလပန်းခြံလမ်း၊ (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၇၁၀၄၂၊ ၀၉-၃၁၆၄၁၀၄၆**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-510 1862

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း - ၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၂၆၀၆၆၄၉၀




မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး
တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ပွိုင့်ရှင်း
AMERICAN VISION
PROFESSIONAL EYE CARE CENTER
အမေရိကန်ပွိုင့်ရှင်း
သီတင်းကျွတ် အထူးအစီအစဉ်
နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်
Up to 20% Discount
လက်ဆောင်တွေလည်း
ပေးဦးမှာနော်။
only until 11.10.2017
သီတင်းကျွတ်အခါသမယတွင် လူကြီးမိဘများအား ဂါရဝပြုရန်
အမေရိကန်ပွိုင့်ရှင်းမှ Discount များကိုလည်းရယူလိုက်ပါနော်!
YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393




PREMIER
COFFEE
မြန်မာ့ရိုးရာ သီတင်းကျွတ်ချိန်ခါ
ပရီမီယာနှင့် ကုသိုလ်ယူပါ . . .
PREMIER ESPRESSO
PREMIER PURE COFFEE
2 Plus 1
PREMIER INSTANT COFFEE MIX
PREMIER WELLNESS
Milk Powder




GDC Modern Co.,Ltd.
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်ခေတ်မီစက်ကြီးများဖြင့်ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး
Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေ
တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။
ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com
လူကြီးမင်းတို့၏လိုအပ်ချက်များကိုအကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့် GDC
- အကောင်းဆုံးအရည်အသွေး ၊ လေလွင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ
အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့်
Minimalist Design "E Series" Sliding Window
Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး
ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။


Abbott
ချစ်ခင်ရသူတွေနဲ့ အတူရှိနေခြင်းဟာ
သီတင်းကျွတ်အတွက် အကောင်းဆုံးလက်ဆောင်ပါ...
Ensure
Life
nutrition shake
vanilla
Ensure
Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
ENL170917M
PAHTAMA
GROUP
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com

# ဘင်္ဂါလီများအား ပြန်လည်လက်ခံရာတွင် ရာဇဝတ်မှုကျူးလွန်ခဲ့သူများ၊ ARSA အကြမ်းဖက်သောင်းကျန်းသူများ ပါရှိမလာစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြန်လည်နေရာချထားရာတွင်လည်း ရေရှည်ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၁၇)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

အဆိုပါ ထုတ်ပြန်ချက်တွင် ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ပါသည်။

ထိုသို့သွားရောက်ရာတွင် ဘင်္ဂါလီရွာငါးရွာ၊ တိုင်းရင်းသားရွာခုနစ်ရွာ၊ ဟိန္ဒူရွာတစ်ရွာတို့သို့လည်းကောင်း၊ ဒုက္ခသည်စခန်းများအနေဖြင့် ဘင်္ဂါလီစခန်းတစ်ခု၊ တိုင်းရင်းသားစခန်းခုနစ်ခု၊ ဟိန္ဒူစခန်းနှစ်ခု၊ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းတို့သို့လည်းကောင်း သွားရောက်၍ ဘင်္ဂါလီ ၇၁ ဦး၊ တိုင်းရင်းသား ၃၃ ဦး၊ ဟိန္ဒူဘာသာဝင် ၁၃ ဦးတို့အား လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့သည့်အပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

တွေ့ဆုံမေးမြန်းချက်များအရ ARSA အကြမ်းဖက်သမားများသည် နယ်မြေအတွင်းရှိ လူငယ်များအား စည်းရုံးခြင်း၊ ခြိမ်းခြောက်သိမ်းသွင်းခြင်း၊ အကြမ်းဖက်တိုက်ခိုက်နည်းများ သင်ကြားလေ့ကျင့်ပေးခြင်း၊ ၎င်းတို့ စည်းရုံးမှုကို လက်မခံသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရသတင်းပေးဟု ယူဆသူများ၊ သတင်းမီဒီယာနှင့် တာဝန်ရှိသူများက လာရောက်မေးမြန်းသည့်အခါ ၎င်းတို့အား

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



## အင်းယားကန်တွင် သီတင်းကျွတ်မီးမျှောပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကြိုဆိုသည့်အနေဖြင့် ရန်ကုန်မြို့ အင်းယားကန်စောင်းတွင်ရှိသော စိမ်းလန်းစိုပြည်ပန်းဥယျာဉ်တွင် မီးမျှောပွဲတော်ကို အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီခန့်မှ စတင်ကျင်းပခဲ့သည်။ အဆိုပါပွဲကို Huawei က ဦးဆောင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပန်းဥယျာဉ်အတွင်း လာရောက်အပန်းဖြေသူမည်သူမဆို စီစဉ်ပေးထားသည့် မီးခွက်များကိုယူဆောင်ကာ အင်းယားကန်အတွင်းသို့ မီးမျှောခြင်းဖြင့် သီတင်းကျွတ် မီးထွန်းပွဲတော်ကို ကြိုဆိုခဲ့ကြသည်။ ထို့အပြင် လာရောက်လည်ပတ်ကြသူများအတွက် အပန်းဖြေဂိမ်းအစီအစဉ်များနှင့် မြန်မာ့ရိုးရာမုန့်များဖြင့်လည်း တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

## ကြိုးကြာခေါင်းနီငှက်သိုက် ၁၂၈ ခုကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် တွေ့ရှိမှတ်တမ်းတင်

**နေပြည်တော် အောက်တိုဘာ ၃**

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်လေးခုတွင် ကြိုးကြာခေါင်းနီငှက်သိုက် စုစုပေါင်း ၁၂၈ ခုကို သုတေသနပြု မှတ်တမ်းတင်ထားပြီးဖြစ်သည်။

သစ်တောဦးစီးဌာန၊ မအူပင်တက္ကသိုလ်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဝါးခယ်မမြို့နယ်မှ ကျေးရွာ ၃၆ ရွာတွင် အသိုက် ၉၂ ခု၊ မအူပင်မြို့နယ်မှ ကျေးရွာ ၂၁ ရွာတွင် အသိုက် ၂၃ ခု၊ အိမ်မဲမြို့နယ်မှ ကျေးရွာငါးရွာတွင် အသိုက်ရှစ်ခုနှင့် ပန်းတနော်မြို့နယ်မှ ကျေးရွာလေးရွာတွင် အသိုက်ငါးခုတို့ကို သုတေသနပြု မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ကြိုးကြာငှက်သိုက်သုတေသနများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



